# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
**Myanma Alinn Daily**


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၃၄၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေးအတွက် တပ်မတော်အနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ပါရဂူဆေးမှူးများ၊ ဆရာ ဆရာမများ၊ သန္ဓေအရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၄**

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး လိုအပ်ချက်အရ နိုင်ငံတော်၏ တာဝန်များကို ခေတ္တတာဝန်ယူထမ်းဆောင်နေရခြင်းဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးပင်ဖြစ်သဖြင့် စည်းကမ်းသေဝပ်၍ အမိန့်နာခံမှုကောင်းစွာဖြင့် လုပ်ဆောင်ကြစေလိုကြောင်းနှင့် မိမိတို့တာဝန်ထမ်းဆောင်သည့် တပ်၊ တပ်မတော်၊ ဒေသနှင့် တိုင်းပြည်၏အကျိုးစီးပွားကို ကောင်းမွန်တိုးတက်အောင် မိမိတို့တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ပါရဂူဆေးမှူးများ၊ ဆရာ၊ ဆရာမများ၊ သန္ဓေအရာရှိ၊ စစ်သည်၊ မိသားစုများအား စစ်တက္ကသိုလ်၊ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➊*


**ယနေ့ ဖတ်စရာ**

ပဋိညာဉ်ချိုးဖောက်ခြင်းနှင့် စရန်ငွေ ပြန်လည်ပေးအပ်ခြင်းဆိုင်ရာ အငြင်းပွားမှုများ — ဆောင်းပါး | စာ - ၆

ဇန်းမောက်မြို့နယ်၌ အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်မည်ကို ဒေသခံများစိုးရိမ်နေ — ပြည်တွင်းသတင်း | စာ - ၂၄

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဈေးနှုန်းသက်သာသည့် အထူးအစီအစဉ်ဖြင့် ဆန်ရောင်းချပေးမည် — ပြည်တွင်းသတင်း | စာ - ၂၅

# နေအိမ်၊ တိုက်ခန်း ငှမ်းရမ်းသူ အိမ်ရှင်များ သတိပြုရမည့်တာဝန်

နေအိမ်၊ တိုက်ခန်းများကို ငှားရမ်းသူအိမ်ရှင်များ သတိပြုနိုင်စေရေးအတွက် အကြမ်းဖက်တိုက်ဖျက်ရေးဗဟိုအဖွဲ့က အသိပေးထုတ်ပြန်ချက်တစ်ရပ်ကို မီဒီယာများမှတစ်ဆင့် နေ့စဉ်ထုတ်လွှင့်ဖော်ပြလျက်ရှိသည်။ မိမိတို့ပိုင် နေအိမ်၊ တိုက်ခန်းများကို လာရောက်ငှားရမ်းနေထိုင်သူများသည် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သော အကြမ်းဖက်သမားများဖြစ်နေပါက အိမ်ရှင်များမှာလည်း မလွှဲသာမရှောင်သာ တာဝန်ရှိနေမည်ဖြစ်ကြောင်းကို အဆိုပါအသိပေးထုတ်ပြန်ချက်အရ သတိပြုမိကြရန်နှင့် ဤသို့မဖြစ်စေရန်အတွက် အိမ်ရှင်များဆောင်ရွက်ရမည့် တာဝန်များကို အသိပေးထားခြင်းဖြစ်သည်။

အိမ်ပိုင်၊ အခန်းပိုင် အိမ်ရှင်များအနေဖြင့် မိမိတို့၏ နေအိမ်၊ တိုက်ခန်းတို့ကို တစ်စုံတစ်ဦးသို့ ငှားရမ်းတော့မည်ဆိုလျှင် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထား အပြည့်အစုံကို တောင်းယူပြီး သက်ဆိုင်ရာရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကို ဧည့်စာရင်းတိုင်ကြားကြရမည်ဖြစ်သည်။ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေပုဒ်မ ၁၇ အရ ဧည့်စာရင်းတိုင်ကြားရန် အိမ်ရှင်များတွင် တာဝန်ရှိသည်။ ရန်ကုန်၊ မန္တလေးအပါအဝင် အချို့မြို့နယ်၊ ကျေးရွာများတွင်ပါ စိစစ်ဖော်ထုတ်နိုင်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များနှင့် ယင်းဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့ကြသည့် အကြမ်းဖက်သမားများ၊ ၎င်းတို့ကိုင်ဆောင်အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းမီးကျောက်များကို ၎င်းအကြမ်းဖက်သမားများက ကာလတိုငှားရမ်းနေထိုင်ခဲ့သည့် နေအိမ်၊ တိုက်ခန်းများတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့ပုန်းခိုလှုပ်ရှားနိုင်ရန်၊ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်ရန်၊ လက်နက်ပစ္စည်းများ သိုဝှက်ရန် ကြိုတင်ကြံစည်၍ နေအိမ်၊ တိုက်ခန်းများကို ကာလတိုငှားရမ်းနေထိုင်ခဲ့ကြခြင်းဖြစ်သည်။

သို့ဖြစ်ရာ အိမ်ရှင်များအနေဖြင့် မိမိတို့ ငှားရမ်းလိုက်သည့် အိမ်ငှားများသည် လူကောင်းလား၊ လူဆိုးလား အကဲခတ်ရန်လိုအပ်လာသည့်အလျောက် ကြားပွဲစားနှင့် လွှဲထား၍ မရတော့ဘဲ သေချာစွာ စိစစ်ကြရတော့မည်ဖြစ်သည်။ အကြမ်းဖက်သမားကို ငှားမိမှားသည့်အပြင် သက်ဆိုင်ရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးရုံးသို့ ဧည့်စာရင်းတိုင်ကြားရမည့်တာဝန်ကိုပါ ပျက်ကွက်နေပါက အကြမ်းဖက်မှုတို့ ပေါ်ပေါက်ချိန်တွင် မိမိ၌လည်း တာဝန်ရှိနေမည်ဖြစ်သလို မိမိပိုင်နေအိမ်၊ တိုက်ခန်းသည်လည်း အမှုတွင် သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်သည်ကို သတိကြီးစွာပြုကြရမည်ဖြစ်သည်။ မိမိငှားရမ်းထားသူများတွင် သံသယဖြစ်ဖွယ်များ တွေ့ရှိပါကလည်း တာဝန်ရှိသူများထံ အချိန်မီသတင်းပို့ အကြောင်းကြားခြင်းဖြင့် တာဝန်ကျေပွန်ကြရမည်ဖြစ်သည်။ တာဝန်ကျေပွန်သည့် အိမ်ရှင်များအဖို့ နေအိမ်၊ တိုက်ခန်းငှားရမ်းမှုနှင့် အကြမ်းဖက်မှုတို့ ဆက်စပ်ခဲ့လျှင်ပင် မိမိတို့ ပိုင်ဆိုင်မှုများ ဆုံးရှုံးမှုမှ ကင်းဝေးစေမည်ဖြစ်သည်။

အကြမ်းဖက်သမားတို့သည် မြို့များ၊ ရွာများထဲမှာပင် အသွင်ယူနေထိုင်ကြလျက် မိုင်းထောင်၊ ဖောက်ခွဲ၊ မီးရှို့၊ သတ်ဖြတ်စသည့်အလုပ်တို့ကို အလစ်အငိုက်ရယူဆောင်ရွက်ကြပြီး ၎င်းတို့ခိုအောင်းရာနေရာများ၌ပင် ပုန်းလျှိုးနေထိုင်နေကြခြင်းဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုပေါင်း ထောင်နှင့်ချီ၍ ပြုလုပ်ခဲ့ကြရာတွင် အများစုမှာ အရပ်ဘက်ပစ်မှတ်များကိုသာ အလွယ်တကူပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ သို့ဖြစ်ရာ အိမ်ရှင်များသည် မိမိတို့ပိုင် နေအိမ်၊ တိုက်ခန်းများကို အကြမ်းဖက်သမားတို့၏ ဝပ်ကျင်းအဖြစ်သို့ ကျရောက်မသွားစေရေး၊ အကြမ်းဖက်မှုများတွင် သက်သေခံအဖြစ် သိမ်းဆည်းမခံရစေရေးတို့အတွက် သတိပြုကြကာ အိမ်ရှင်တို့ ဆောင်ရွက်ရမည့်တာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြခြင်းဖြင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် မိမိတို့ပိုင် နေအိမ်၊ တိုက်ခန်းများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ကာကွယ်နိုင်ကြပါစေကြောင်း။ ။

## (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် စက်တင်ဘာ ၁၄

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "လှပသာယာ ပြည်မြန်မာ" ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှု၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မx ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရမည်ဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့် မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ် ကုသရေး ဆေးနှင့်ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၄

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

### ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်

ထိုသို့ထုတ်ပေးရာတွင် စက်တင်ဘာ ၁၄ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ကိုးခုမှ Oxytocin Injection ၅၀၊ Allopurinol သုံးခု၊ Zithrotex Tablets ၃၀၃၄၀၊ Vitamin C+ Zinc+D3 Tablets ၆၁၂၈ ခု၊ Chromium Vitamin D-3 ၁၄၃၀၈ ခု၊ Spare Parts of Oxygen Concentractor ၃၀၊ Regulator ၁၀၀၊ Oxygen Concentrator ၁၁၀၊ COVID-19 Rapid Test ၂၀၀၀၀။

### ရန်ကုန်ဆိပ်ကမ်းများ

ရန်ကုန်ဆိပ်ကမ်းများမှ Disposable Face Mask ၂၀၀၀၀၀၀၊ Oxygen Cylinder ၂၇၆၀၊ Oxygen Plant ၆၃ ခု၊ Oxygen Regulator/ Flow Meter ၁၆၈၉ ခုနှင့် ဆေးဝါးမျိုးစုံ ၄၅ မျိုး (၂၇၇၁၇၈.၇၁ Kg)။

### နယ်စပ်(ချင်းရွှေဟော်၊ မြဝတီ၊ မူဆယ်)

နယ်စပ်(ချင်းရွှေဟော်၊ မြဝတီ၊ မူဆယ်)တွင် ကုမ္ပဏီ ၁၂ ခုတို့မှ Oxygen Cylinder ၁၀၃၀၊ Oxygen Concentrator ၂၀၈ ခု၊ Mask ၄၂၂၀၀ Kg၊ Liquid Oxygen ၁၉ m³၊ Liquid Oxygen တန် ၂၀၊ Flow Meter /Regulator ၁၅၀၀၊ PPE ၁၇၀၀၊ Oxygen Plant နှစ်ခု၊ Disposable Cap ၅၀၀ Kg၊ Syringe ၄၁၆၀၊ Infusion ၉၇၂ ခု၊ Sodium Chloride Injection ၅၈၈၄၈ Kg၊ Dexsone Injection ၂၄၄၈၆ Kg၊ Vitamin-C Tablet ၃၄၃၂ Kg၊ Glucose Injection ၁၄၀၄၈ Kg၊ Surgical Gown ၅၀၀ Kg၊ Glove ၂၈၀၀၀ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၄-၉-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Anti-inflammatory** | | | | |
| 1 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 2 | Injection - Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 3 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 4 | Injection - Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 5 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 6 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 7 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 8 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 9 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 10 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

- **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်လျက်ရှိ**
- **မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိသည့် အချိန်ကတည်းကပင် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရသဖြင့် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိ**
- **တပ်မတော်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအား ပြန်လည်ကျင်းပပေးသွားမည်**

○ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ကျောင်းအုပ်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်ရှိ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ပါရဂူဆေးမှူးများ၊ ဆရာဆရာမများ၊ သန္ဓေအရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**ခေတ္တတာဝန်ယူထိန်းသိမ်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် နိုင်ငံတော်အတွက် တပ်မတော်၏ အရေးပါမှုအခန်းကဏ္ဍကို အရာရှိ၊ စစ်သည်မိသားစုများ သိရှိစေရန် အနည်းငယ်ပြောကြားလိုကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်ပွားနိုင်သော မဲစာရင်းကြီးမားစွာ မှားယွင်းမှုများကို စိစစ်တွေ့ရှိရသဖြင့် တာဝန်ရှိသူအဖွဲ့အစည်း အဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး တင်ပြဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို အဓမ္မနည်းဖြင့်ရယူရန် ကြံစည်ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ်ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏ တာဝန်ကို တပ်မတော်က ခေတ္တတာဝန်ယူထိန်းသိမ်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

**ဆက်လက်ကြိုးပမ်းဆောင်ရွက်**

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသည့် အဖွဲ့အစည်းဖြစ်သဖြင့် နိုင်ငံ့အတွက် အရေးကြီးလှသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်မသွားစေရန် လုပ်သင့်လုပ်ထိုက်၊ ပြောသင့်ပြောထိုက်သည်များကို ရွေးကောက်ပွဲမတိုင်မီကာလများကပင် ထောက်ပြပြောဆိုခဲ့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်နှင့် ရွေးကောက်ပွဲဥပဒေများကို ကျော်လွန်လုပ်ဆောင်ခဲ့သည့် အခြေအနေများကို တွေ့ရှိရသောကြောင့် ယခုကဲ့သို့အခြေအနေများအထိ ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေးအတွက် တပ်မတော်အနေဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**တက်ညီလက်ညီဖြင့် ဆောင်ရွက်**

တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ခေတ္တတာဝန်ယူ ဆောင်ရွက်နေရသည့်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေး လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုသည် ဇွန်လနှင့် ဇူလိုင်လတို့တွင် အဆိုးဆုံးအခြေအနေဖြစ်ပေါ်ခဲ့ပြီး သေဆုံးမှုနှုန်းလည်း မြင့်မားခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် ရောဂါကူးစက်မှုနှုန်း မြန်ဆန်ပြင်းထန်လာမှုကို ထိန်းချုပ်နိုင်ရန်နှင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် မိမိကိုယ်တိုင် ဦးဆောင်၍ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကာ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို တက်ညီလက်ညီဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ရောဂါခံစားနေရသူများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် အောက်ဆီဂျင်လိုအပ်ချက်များကို အမြန်ဆုံးရရှိနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် ကာကွယ်ဆေးများရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ရရှိလာသည့် ကာကွယ်ဆေးများကို ဒေသအလိုက် ဦးစားပေးအုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ကူးစက်ဖြစ်ပွားနှုန်း လျော့ကျလာလျက်ရှိသည်ကို တွေ့ရှိရပြီး တာဝန်ရှိသူများ၏ စီမံခန့်ခွဲမှု၊ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုနှင့် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ ကူးစက်ဖြစ်ပွားမှုနှုန်းကို ထိရောက်စွာ ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

**ကြိုးပမ်းလုပ်ဆောင်**

ထို့ပြင် ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို အမြန်ဆုံး ကုစားပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင်သာမက နိုင်ငံတကာတွင်လည်း အလုပ်သမားရှားပါးခြင်း၊ လုပ်အားခစရိတ်၊ သယ်ယူပို့ဆောင်မှုစရိတ် မြင့်မားမှုများကြောင့် စီးပွားရေးတွင် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အဓိကထုတ်လုပ်သည့် နိုင်ငံဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆက်မပြတ်စေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုမြင့်မားပါက ထုတ်လုပ်သူ၊ အလုပ်သမား၊ ဆက်စပ်လုပ်ငန်းများသာမက ပို့ကုန်ပမာဏကိုပါ မြှင့်တင်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏ စီးပွားရေးကိုလည်း မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဆန်နှင့် ရေထွက်ထုတ်ကုန်များ ပြည်ပသို့ တင်ပို့ရောင်းချရလျက်ရှိသော်လည်း ဆီနှင့် အချို့သော ကုန်ပစ္စည်းများကို တင်သွင်းနေရသောကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်တက်လာစေရေးကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် ပတ်သက်၍ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လည်ပတ်ခွင့်ပြုထားပြီး အခြားပိတ်ထားရသည့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည် လည်ပတ်နိုင်ရေး အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

**ပြန်လည်ဖွင့်လှစ်သင်ကြား**

တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် ပညာတတ် လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ပြီး အခြေခံမှာ အတန်းပညာတတ်မြောက်ရန်ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရပြီးနောက်ပိုင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ထားရသည့် ကျောင်းများကို နိုင်ငံတော်၊ မိဘနှင့် ကာယကံရှင်ကျောင်းသား ကျောင်းသူများတွင် နစ်နာမှုများ ဖြစ်ပေါ်မှုမရှိစေရေး ပြန်လည်ဖွင့်လှစ်သင်ကြားစေခဲ့ကြောင်း၊ သို့သော်လည်း ကိုဗစ် -၁၉ ရောဂါ တတိယလှိုင်းဖြစ်ပေါ်ခဲ့သဖြင့် ကျောင်းများ ယာယီပိတ်ထားခဲ့ရပြီး ကောင်းမွန်စွာ ထိန်းချုပ်နိုင်သည့် အချိန်တွင် ပြန်လည်ဖွင့်လှစ် သင်ကြားပေးနိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ် သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် အထက်တန်းပညာ မသင်ကြားဖူးသူနှင့် စာလုံးဝမတတ်မြောက်သူဦးရေသည် မြင့်မားလျက်ရှိသည်ကို တွေ့ရှိ ရသဖြင့် ပညာရေးနှင့် ပတ်သက်ပါက အလေးထားဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

**“ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို အမြန်ဆုံးကုစားပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ မိမိတို့နိုင်ငံတွင်သာမက နိုင်ငံတကာတွင်လည်း အလုပ်သမားရှားပါးခြင်း၊ လုပ်အားခစရိတ်၊ သယ်ယူပို့ဆောင်မှုစရိတ် မြင့်မားမှုများကြောင့် စီးပွားရေးတွင် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရ၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အဓိကထုတ်လုပ်သည့် နိုင်ငံဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆက်မပြတ်စေရေးနှင့်အထွက်နှုန်းကောင်းမွန်စေရေးအားပေးဆောင်ရွက်လျက်ရှိ၊ ကုန်ထုတ်လုပ်မှုမြင့်မားပါက ထုတ်လုပ်သူ၊ အလုပ်သမား၊ ဆက်စပ်လုပ်ငန်းများသာမက ပို့ကုန်ပမာဏကိုပါ မြှင့်တင်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏စီးပွားရေးကိုလည်း မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်၊ ဆန်နှင့် ရေထွက်ထုတ်ကုန်များ ပြည်ပသို့ တင်ပို့ရောင်းချရလျက်ရှိသော်လည်း ဆီနှင့် အချို့သောကုန်ပစ္စည်းများကို တင်သွင်းနေရသောကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှု မြင့်တက်လာစေရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိ၊ စက်ရုံ၊ အလုပ်ရုံများနှင့် ပတ်သက်၍ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လည်ပတ်ခွင့်ပြုထားပြီး အခြားပိတ်ထားရသည့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေး အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရ”**

*စာမျက်နှာ ၃ မှ*

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိသည့်အချိန်ကတည်းကပင် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများကြောင့် လက်နက်ကိုင် ပဋိပက္ခများဖြစ်ပေါ်ခဲ့ရသဖြင့် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရ ငြိမ်းချမ်းရေး ရရှိရန်အတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအား ပြန်လည်ကျင်းပပေးသွားမည်ဖြစ်ကြောင်း။

**ထိရောက်စွာ အသုံးချ**

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး လိုအပ်ချက်အရ နိုင်ငံတော်၏ တာဝန်များကို ခေတ္တတာဝန်ယူထမ်းဆောင်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် မိမိတို့တစ်ဦးချင်း၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန်နှင့် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့် ဆောင်ပုဒ်အတိုင်း မိမိထမ်းဆောင်ရသည့် တာဝန်များကို ကျွမ်းကျင်မှုရှိအောင် အမြဲမပြတ်လေ့လာရန်၊ လေ့ကျင့်ရန်နှင့် စစ်စည်းကမ်းကို တိကျစွာ လိုက်နာရန် လိုအပ်မည်ဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးပင်ဖြစ်ပြီး စည်းကမ်းသေဝပ်၍ အမိန့်နာခံမှုကောင်းစွာဖြင့် လုပ်ဆောင်ကြစေလိုကြောင်း၊ မိမိတို့ သင်ကြားခဲ့ရသည့် စစ်နည်းဗျူဟာများကို ပိုင်နိုင်ကျွမ်းကျင်မှုရှိအောင် လေ့လာလေ့ကျင့်ရုံသာမက လက်တွေ့စစ်မြေပြင်တွင်လည်း ထိရောက်စွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ အခြေခံစစ်နည်းဗျူဟာနှင့် စစ်ပညာများကို လိုက်နာမှုမရှိပါက စစ်မြေပြင်တွင် ပေးဆပ်မှုများ ကြီးမားနိုင်သည်ဖြစ်သဖြင့် စစ်သည်တစ်ဦးချင်းအနေဖြင့် ကျန်းမာ၊ ကြံ့ခိုင်၊ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်နေရမည်ဖြစ်ကာ စစ်စည်းကမ်းနှင့် အမိန့်နာခံမှု ကောင်းမွန်ရမည်ဖြစ်ကြောင်း။

**အရည်အချင်းကို ဦးစားပေး**

ပြင်ဦးလွင်တွင် တပ်မတော်လေ့ကျင့်ရေး သင်တန်းကျောင်းများစွာရှိပြီး လေ့ကျင့်ရေး၏ အခြေခံဘူမိနတ်သန်ပင်ဖြစ်သည့်အတွက် အရည်အချင်းပြည့်ဝပြီး အရည်အသွေး ထက်မြက်ကောင်းမွန်သည့် အရာရှိ၊ စစ်သည်များ ထွက်ပေါ်လာအောင် နည်းပြများအနေဖြင့် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသားများ၏ အရည်အသွေး မြှင့်တင်နိုင်ရေး အမြဲမပြတ် လေ့လာဖော်ထုတ်နေရမည်ဖြစ်ကာ သင်တန်းဆင်းလာပါက ၎င်း၏ အရည်အချင်းနှင့်ကိုက်ညီသည့် လူမှန် နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အရေးအတွက်ထက် အရည်အချင်းကို ဦးစားပေးဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးအားထားရသည့် အရာရှိ၊ စစ်သည်များကို မွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အရည်အသွေးပြည့်ဝသော တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်စွမ်းရည်ထက်မြက်ရေး၊ စွမ်းပကားမြင့်မားရေးကို အလေးထား ဆောင်ရွက်ပေးခဲ့ပြီး စစ်သည်များ ပညာရည်မြင့်မားရေး၊ မိသားစုများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့မှုရှိစေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ လူဦးရေ၏ ၅၂ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သောကြောင့် အမျိုးသမီး အရာရှိ၊ စစ်သည်များ ထွက်ပေါ်လာအောင် လုပ်ဆောင်ပေးခဲ့ကာ နိုင်ငံတကာ တပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းလုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း။

**တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်**

ထို့ကြောင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့၏ ကိုယ်စီတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကာ မိမိဘဝတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ လုပ်ဆောင်ကြရာတွင်လည်း ရောင့်ရဲတင်းတိမ်သည့်စိတ်ဖြင့် ရိုးသားကြိုးစားစွာ ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိဝင်ငွေနှင့် ထွက်ငွေမျှတအောင် နေထိုင်သွားကြရန် တိုက်တွန်းလိုပြီး မိမိတို့၏ ကြိုးစားမှု၊ စည်းကမ်းလိုက်နာမှု၊ ကျန်းမာရေးကောင်းမွန်အောင် နေထိုင်စားသောက်မှုများအလိုက် အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အသိတရား၊ သတိတရားလက်ကိုင်ထား၍ မိမိတို့၏ ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများကို အသုံးချကာ ဘဝကို တည်ဆောက်ကြစေလိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်သည့် တပ်၊ တပ်မတော်၊ ဒေသနှင့် တိုင်းပြည်၏ အကျိုးစီးပွားကို ကောင်းမွန်တိုးတက်အောင် မိမိတို့ တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ကြစေလိုကြောင်း ပြောကြားသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား သမဝါယမစနစ်ဖြင့် အထောက်အကူပြုနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်မြို့နယ် ပေပင်အုပ်စု ညောင်ပေါကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေအားလည်းကောင်း၊ စိုးမိုးအိုင်ကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ညောင်နီကျေးရွာ စိန်ဒေါင်းလေး ကော်ဖီခြံနှင့် ရထားလုံး သဘာဝ ကော်ဖီထုတ်လုပ်မှု လုပ်ငန်းသို့ လည်းကောင်း၊ ပင်တီးကျေးရွာ ဂါလန် ၂၄၀၀ ဆံ့ ရေစင်နှင့် (၁၀' x ၈' x ၈') ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းသို့ လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းနှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထား၍ ရေရှည်တည်တံ့ ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အခြေခံအဆောက်အအုံ လိုအပ်ချက်များ၊ စီးပွားရေး လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် သမဝါယမအသင်းစု၏ ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးသုံး ပစ္စည်းအရောင်းဆိုင်ကို ကြည့်ရှုစစ်ဆေးပြီး အိုအေစစ် ညှိရိပ်မွန်တွင် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများ၊ သမဝါယမအသင်းသားများနှင့် တွေ့ဆုံပြီး သမဝါယမလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေး အလေးထားဆောင်ရွက်ကြရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား သမဝါယမစနစ်ဖြင့် အထောက်အကူပြုနိုင်ရေး ဝိုင်းဝန်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ရေရရှိရေး လုပ်ငန်း ၁၇၈ ခု၊ ကျေးလက်ကုန်ထုတ်လမ်း ၂၆ လမ်း (၃၃ မိုင် ၅ ဖာလုံ)၊ ကျေးလက် ကုန်ထုတ်တံတား ၄၈ စင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း VDP (၃၀၆) ရွာ၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း VRFP ၂၂၄ ရွာနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ၄၇ ယူနစ်ရွာ (၅၀) များအား အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ အနေဖြင့် ၅၁ ကြိမ် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# ရသေ့တောင်မြို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေး

**ရသေ့တောင် စက်တင်ဘာ ၁၄**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ် ဆောင်ရွက်ပေးခြင်းကို ယနေ့ မွန်းလွဲပိုင်းက အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၌ ကွင်းဆင်းပြုလုပ်ပေးသည်။

ထိုသို့ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်များ ပြုလုပ်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရသေ့တောင်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဦးသိန်းမောင်နှင့် ဝန်ထမ်းများက တောင်ရင်းတန်းရပ်ကွက်အတွင်း နေထိုင်ကြသည့် အသက် (၁၆)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသည့် ဒေသခံပြည်သူ ၄၅ ဦးတို့အား ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ နေ့ချင်းပြီးပြုလုပ်ပေးသည်။

ယင်းနောက် ပေးအပ်ပွဲကို ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းထက်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က နိုင်ငံသားစိစစ်ရေး ကတ်ပြားများအား ဒေသခံပြည်သူများထံသို့ ပေးအပ်ခဲ့ကြသည်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရသေ့တောင်မြို့နယ် ဦးစီးမှူးရုံးအနေဖြင့် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို မေ ၃ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၄ ရက်အထိ အိမ်ထောင်စု လူဦးရေစာရင်း ၃၂၈ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၇၅၁ ခုတို့ကို ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အောင်စံထွန်း(ပြန်/ဆက်)**

# စစ်တက္ကသိုလ်သည် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးရာ ကျောင်းတော်ကြီးတစ်ခုဖြစ်သဖြင့် အရည်အချင်းပြည့်ဝပြီး ကိုယ်ရည်ကိုယ်သွေးမြင့်မားသည့် ဗိုလ်လောင်းများထွက်ပေါ်လာစေရန် စနစ်တကျကြပ်မတ် မွေးထုတ်ပေးရမည်

## ဗိုလ်လောင်းအိပ်ဆောင်များ၊ စားရိပ်သာနှင့် စားချက်ဆောင်တို့အား ကြည့်ရှုစစ်ဆေးစဉ် ဗိုလ်ချုပ်မှူးကြီး မှာကြား

**နေပြည်တော် စက်တင်ဘာ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၌ ပြုလုပ်သည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) စစ်လက်ရုံး ရွေးချယ်ပွဲသို့ ဆက်လက် တက်ရောက် စိစစ်ရွေးချယ်သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား စာပေပညာ၊ စစ်ပညာ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများ အပေါ်မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗိုလ်လောင်းအိပ်ဆောင်များ၊ စားရိပ်သာနှင့် စားချက်ဆောင် တို့အား လိုက်လံကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ်သည် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးရာကျောင်းတော်ကြီးတစ်ခုဖြစ်သဖြင့် အရည်အချင်းပြည့်ဝပြီး ကိုယ်ရည်ကိုယ်သွေးမြင့်မားသည့် ဗိုလ်လောင်းများထွက်ပေါ်လာစေရန် စနစ်တကျ ကြပ်မတ် မွေးထုတ်ပေးရမည်ဖြစ်ကြောင်း၊ အခြေခံ နေထိုင်သွားလာ စားသောက်မှု ပုံစံများမှ အစပြု၍ အရာရှိတစ်ဦးနှင့် လျော်ညီစွာ နေထိုင်သွားလာပြုမူတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိအောင် စနစ်တကျပြုစုပျိုးထောင် လေ့ကျင့်သင်ကြားပေး ရမည်ဖြစ်ကြောင်း၊ ဗိုလ်လောင်းတစ်ဦး အနေဖြင့် ရသင့်ရထိုက်သည့် စစ်ဝတ်အသုံးအဆောင်ပစ္စည်းများကို သတ်မှတ်ကာလများအတိုင်း ထုတ်ပေးသွားရန်လိုပြီး မိမိတို့နေထိုင်ရသည့် အိပ်ဆောင်တွင် စည်းကမ်းစနစ်တကျနေထိုင်တတ်စေရန်နှင့် အသုံးအဆောင်ပစ္စည်းများကို စနစ်တကျဖြင့် အသုံးပြုတတ်စေရန် ကြပ်မတ်လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း၊ စားရိပ်သာများအနေဖြင့် တစ်နေ့တာ ရသင့်ရထိုက်သည့် အချိုးအစားအတိုင်း စနစ်တကျတွက်ချက် ချက်ပြုတ်ကျွေးမွေးရန်နှင့် စားရိပ်သာများ၊ စားချက်ဆောင်များ သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့် ကိုက်ညီမှုရှိအောင် ကြပ်မတ်ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ဇေယျတပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗိုလ်လောင်းအိပ်ဆောင်များ ကြည့်ရှု စစ်ဆေးစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်း ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်း/ တပ်ဖွဲ့များ၏ စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန် အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင် ဘာ ၁၃ ရက်နှင့် ယနေ့တို့တွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်ရင်း/ တပ်ဖွဲ့ များ၏ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြား ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ဂုံးချိန်ကျေးရွာရှိ လယ်ယာမြေအထူး အထွက်တိုးမိုးစပါးစမ်းသပ်စိုက်ခင်းအား လည်းကောင်း အသီးသီးသွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် စက်တင်ဘာ ၁၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၁၂ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၃ ဒသမ ဝ၃ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ဇေါင်းတူမြို့တွင် ၁ ဒသမ ၄၉ လက်မ၊ လှည်းကူးမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၁၈ လက်မ၊ ရမ်ကလောင်းနှင့် ပဲခူးမြို့တို့တွင် ၀ ဒသမ ၁၄ လက်မစီနှင့် လပွတ္တာမြို့တွင် ၁ ဒသမ ၁၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ **မိုး/ဇလ**

# ပဋိညာဉ်ချိုးဖောက်ခြင်းနှင့် စရန်ငွေပြန်လည်ပေးအပ်ခြင်းဆိုင်ရာအငြင်းပွားမှုများ

ဦးကျော်ကျော် (တရားရေး)

**ပဋိညာဉ်ပြုနိုင်သူတို့က ဥပဒေနှင့်ညီညွတ်သော အဖိုးစားနားနှင့် ရည်ရွယ်ချက်အရ မိမိတို့အလိုအလျောက် ပြုလုပ်ကြသည့် သဘောတူညီချက်များသည် ပဋိညာဉ်အက်ဥပဒေအရ ပျက်ပြယ်ကြောင်း အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် ပဋိညာဉ်ဖြစ်သည်။ (ပဋိညာဉ်အက်ဥပဒေပုဒ်မ-၁၀)**

> ❑ **တရားလိုက လျော်ကြေးမတောင်းဆိုစေကာမူ တရားရုံးက လျော်ကြေးပေးစေသည့်အမိန့်ချမှတ်နိုင်သည်။ လျော်ကြေးငွေ မည်မျှသတ်မှတ်သင့်သည်ကို ချိန်ဆရာ၌ လျော်ကြေးငွေရမည့် ဦးအဘူတွင် မည်မျှတာဝန်ကင်းသည်ကို သုံးသပ်ရပေမည်။ မြေဂရန်အပြိုင်လျှောက်၍ အရှုပ်အရှင်း ရှိနေကြောင်း ဦးအဘူအနေဖြင့် ထိုက်သင့်သော သတိဖြင့် စုံစမ်းလျှင် သိရှိနိုင်သည်။ ထိုသို့စုံစမ်းရန် ပျက်ကွက်ပြီး ဝယ်ယူခဲ့သည်။ (သို့မဟုတ်) သိလျက်နှင့် ဝယ်ယူခြင်း ဖြစ်နိုင်သည်။ ဦးအဘူတွင် တာဝန်ကင်းသည်ဟု မဆိုနိုင်ပေ။ စတိသဘောလျော်ကြေးသာ ပေးသင့်သည်**

ပဋိညာဉ်အက်ဥပဒေအရ ပျက်ပြယ်သော သဘောတူညီချက်၊ တရားဝင်ပဋိညာဉ်နှင့် ပျက်ပြယ်ခွင့်ရသည့် ပဋိညာဉ်ဟူ၍သုံးမျိုးရှိသည်။

တရားဥပဒေအရ အရေးယူဆောင်ရွက်ခြင်း မပြုနိုင်သော သဘောတူညီချက်သည် ပျက်ပြယ်သော သဘောတူညီချက်ဖြစ်သည်။

**(ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂(ဆ))**

တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်သည့် သဘောတူညီချက်သည် တရားဝင်ပဋိညာဉ်ဖြစ်သည်။ **(ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂(ဇ))**

သဘောတူညီချက်တွင် ပါဝင်သူတို့အနက် တစ်ဦးကဖြစ်စေ၊ အများကဖြစ်စေ အလိုရှိလျှင် ဥပဒေအရ အရေးယူဆောင်ရွက်ခွင့်ရှိသော်လည်း ကျန်သူများက ထိုကဲ့သို့ အရေးယူဆောင်ရွက်ခြင်း မပြုလျှင် ထိုသဘောတူညီချက်သည် ပျက်ပြယ်ခွင့်ရသည့်ပဋိညာဉ်ဖြစ်သည်။

**(ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂(ဈ))**

ပဋိညာဉ်အက်ဥပဒေပုဒ်မ-၂၃ တွင် သဘောတူညီချက်၏ရည်ရွယ်ချက်သည် (၁) တရားဥပဒေဖြင့် တားမြစ်ထားသည့်အချက်၊ (၂) အကယ်၍ ခွင့်ပြုလျှင် တရားဥပဒေပါ ပြဋ္ဌာန်းချက်များကို ပျက်ပြားစေမည့်အချက်၊ (၃) လိမ်လည်လှည့်ဖြားရာရောက်သည့်အချက်၊ (၄) သူတစ်ပါး၏(သို့မဟုတ်) ပစ္စည်းကို ထိခိုက်နစ်နာစေခြင်း (သို့မဟုတ်) နစ်နာရာရောက်စေသည့်အချက်၊ (၅)ကျင့်ဝတ်တရား ပျက်ပြားသည် (သို့မဟုတ်) အများပြည်သူဆိုင်ရာ ဝါဒနှင့်ဆန့်ကျင်သည်ဟု တရားရုံးကထင်မြင်သည့် အချက်စသည့် ရည်ရွယ်ချက်တစ်ရပ်ရပ်မရှိလျှင် တရားဥပဒေနှင့်ညီညွတ်သော ပဋိညာဉ်ဖြစ်သည်ဟု **ဒေါ်စပ်ချစ်ဦး (ကွယ်လွန်သူ ဒေါ်စပ်လိပ်လုံ၏ တရားဝင်ကိုယ်စားလှယ်) ပါ ၉ နှင့် ဦးစိုင်းရီ အမှု၊ ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၂၆၀** တွင်ထုံးဖွဲ့ထားသည်။

ရောင်းသူနှင့် ဝယ်သူတို့သည် အရောင်းအဝယ် ပဋိညာဉ်ပြုလုပ်စဉ်က ရောင်းသူပိုင်သည်ဟု ရောင်းသူရော ဝယ်သူပါ မှားယွင်းယုံကြည်ခဲ့သည့် ကိစ္စတစ်ရပ်ဖြစ်၍ ထိုပဋိညာဉ်သည် ပဋိညာဉ်အက်ဥပဒေပုဒ်မ -၂၀ အရ မူလကပင် ပျက်ပြယ်နေသည့်ပဋိညာဉ်ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ ပျက်ပြယ်နေသည့် ပဋိညာဉ်အရ ပေးဆောင်ရန် ကတိပြုထားသည့် အဘိုးစားနားငွေကို ရောင်းသူအနေဖြင့်တောင်းဆိုခြင်းပြုနိုင်မည် မဟုတ်ပေ။ **(ဒေါ်အုန်းစိန်ပါ ၄ နှင့် ဦးဘတင် အမှု၊ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၄၃)**

ချေးငွေကို အိမ်မြေအရောင်းအဝယ်စရန်ပေးငွေအဖြစ် ဖန်တီးထားသောစာချုပ်မှာ ဟန်ဆောင်စာချုပ်ဖြစ်ပါသည်။ စရန်ငွေများကို စာချုပ်ချုပ်သည့်နေ့က အမှန်တကယ် ပေးချေခဲ့ခြင်းမရှိကြောင်း ပေါ်ပေါက်သည်။ ငွေကို အလီလီပေးခဲ့သည့် အထောက်အထားမရှိသဖြင့် စာချုပ်တစ်ခုပြီးတစ်ခုတွင် ချေးငွေအရင်းနှင့် အတိုးပေါ်အတိုးဆင့်၍ တွက်ချက်ဖော်ပြခဲ့သည့် ကြွေးမြီများဟုသာသုံးသပ်ရမည်ဖြစ်သည်။ အမှုမှာချေးငွေကို အိမ်မြေအရောင်းအဝယ် စရန်ပေးငွေအဖြစ် ဖန်တီးထားသည့်ဟန်ဆောင်စာချုပ်အပေါ် အခြေခံစွဲဆိုသောအမှု ဖြစ်ကြောင်းပေါ်ပေါက်သည်။ ဟန်ဆောင်ချုပ်ဆိုထားသောစာချုပ်နှင့် ပတ်သက်၍ စွဲဆိုသောအမှုကို ခိုင်မာသောအခြေခံမရှိသဖြင့် ပလပ်ရန် ဖြစ်သည်။ **ဒေါ်အေးအေးနှင့် ဒေါ်နန်းလီ(ခ)ဒေါ်လီလီလှိုင် အမှု၊ ၂၀၁၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၁၂၇** တွင်ကြည့်ပါ။

တရားဥပဒေနှင့်ညီသော ပဋိညာဉ်သည် တရားဥပဒေနှင့် ညီညွတ်သောတာဝန်ကို ဖြစ်ပေါ်စေသည်။ အဆိုပါ တာဝန်ဝတ္တရားကို ပဋိညာဉ်ပြုသူတို့က ထမ်းဆောင်ရန်တာဝန်ရှိကြပြီး အဆိုပါတာဝန်ကို တစ်ဖက်ဖက်ကဖြစ်စေ၊ နှစ်ဖက်လုံးကဖြစ်စေ ထမ်းဆောင်ရန် ပျက်ကွက်ခြင်းကြောင့် အငြင်းပွားမှုများ ဖြစ်ပွားကြကြောင်း တွေ့ရသည်။

ပဋိညာဉ်ပြုသူတစ်ယောက်သည် ပဋိညာဉ်အရ ဆောင်ရွက်ရန် အချိန်ကျရောက်သော်လည်း ဆောင်ရွက်ရန် ပျက်ကွက်လျှင် ပဋိညာဉ်ချိုးဖောက်မှုဖြစ်ပေါ်သည်။ ပဋိညာဉ်ကို ငြင်းပယ်ခြင်း (repudiation of the contract) သည် ပဋိညာဉ်အတိုင်း လိုက်နာဆောင်ရွက်ရန် ငြင်းဆိုခြင်း (refusal to fulfill the contract) ဖြစ်သည်။ ငြင်းပယ်ခြင်းဆိုသည်မှာ ပဋိညာဉ်ပြုသူတစ်ယောက်က ပဋိညာဉ်အရပြုလုပ်ရန် တာဝန်ကို ပြုလုပ်ဆောင်ရွက်ရန် ငြင်းဆိုခြင်းဖြစ်သည်။ ထိုသို့ ငြင်းပယ်လိုက်လျှင် နစ်နာသော တစ်ဖက်ပဋိညာဉ်ပြုသူက ယင်းသို့ငြင်းပယ်သူအား ပဋိညာဉ်ကို ချိုးဖောက်မှုအတွက် လျော်ကြေးရယူရန် တရားစွဲဆိုပိုင်ခွင့်ရှိသည်။ ငြင်းပယ်ခြင်းမြောက်အောင် ပဋိညာဉ်အရပြုလုပ်ရမည့် တာဝန်ကိုပြုလုပ်ဆောင်ရွက်ရန် မည်သို့ငြင်းပယ်ရမည်နည်းဟူမူ လုံးလုံးလျားလျား ငြင်းဆိုရမည် (total refusal) သို့မဟုတ် အကြွင်းမဲ့ငြင်းဆိုခြင်း (absolute refusal) ဟု ဆိုရပေလိမ့်မည်။ ပဋိညာဉ်ပြုသူတစ်ယောက်သည် ပဋိညာဉ်အတိုင်း ၎င်းက မဆောင်ရွက်နိုင်ကြောင်း သို့မဟုတ် မဆောင်ရွက်လိုကြောင်းကို ၎င်း၏ပြုမူချက် (conduct) ဖြင့် သိစေလျှင် ပဋိညာဉ်အရ ၎င်းပေါ်ကျရောက်သောတာဝန်ကို ငြင်းပယ်ရာရောက်သဖြင့် အခြားတစ်ဖက်တွင် ပဋိညာဉ်ပြုသူသည် ထိုငြင်းပယ်ချက်ကြောင့်နစ်နာလျှင် လျော်ကြေးရခွင့် ရှိသည်။ **((၁)ဦးနေဝင်း (၂)ဒေါ်မြလေးနှင့် ဒေါ်ခင်အေး၊ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ- ၄၃(၅၈))**

ပဋိညာဉ်အက်ဥပဒေပုဒ်မ- ၃၇ တွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရဖြစ်စေ၊ အခြားဥပဒေတစ်ရပ်ရပ်အရဖြစ်စေ မဆောင်ရွက်ဘဲ နေခွင့်ရှိသည် သို့မဟုတ် ဆောင်ရွက်ခြင်းမှ ခွင့်လွှတ်သည့်ကိစ္စမှ တစ်ပါး ပဋိညာဉ်ပြုလုပ်သူတို့သည် အသီးသီးပြုလုပ်ခဲ့သော ကတိအတိုင်း ဆောင်ရွက်ကြရမည်၊ သို့မဟုတ် ဆောင်ရွက်မည်ဟု ကမ်းလှမ်းရမည်။ ပဋိညာဉ်တွင် အခြားနည်း ဆန့်ကျင်ကွဲလွဲသည့် ရည်ရွယ်ချက်မရှိပါက ကတိအတိုင်း မဆောင်ရွက်ရမီ ကတိပြုသူသေဆုံးလျှင် ထိုသူ၏ကိုယ်စားပြုသူတို့အပေါ် ထိုကတိအတည်ဖြစ်သည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ- ၅၂ တွင် အပြန်အလှန် ကတိများအတိုင်း ဆောင်ရွက်ရန် အစီအစဉ်ကို ပဋိညာဉ်အရ အတိအလင်း သတ်မှတ်ထားလျှင် ထိုအစီအစဉ်အတိုင်းဆောင်ရွက်ရမည်။ ထို့ပြင် ပဋိညာဉ်အရ အစီအစဉ်ကို အတိအလင်းသတ်မှတ်ခြင်းမရှိလျှင် အမှုကိစ္စသဘောအရ လိုအပ်သော အစီအစဉ်အတိုင်း ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ သာမန်အားဖြင့် အပြန်အလှန် ကတိပြုသူနှစ်ဦးသည် ပဋိညာဉ်တွင်ပါရှိသော အစီအစဉ်အတိုင်း ၎င်းတို့၏ တာဝန်များကို ဆောင်ရွက်ရမည်ဖြစ်သည်။

ကတိပြုသူသည် ပဋိညာဉ်အရ မိမိဆောင်ရွက်ရန်အပိုင်းကို ဆောင်ရွက်ရန်ပျက်ကွက်လျှင် ကတိရသူသည် ပဋိညာဉ်တစ်ရပ်လုံးကို ဖျက်သိမ်းနိုင်သည်။ သို့သော် ပဋိညာဉ်ကို ဆက်လက်တည်သည်ဟု သတ်မှတ်လျှင် ကတိပြုသူအား ပဋိညာဉ်အတိုင်း ဆောင်ရွက်ပါဟု တောင်းဆိုပိုင်ခွင့်ရှိနိုင်ရန် မိမိဆောင်ရွက်ရန်ရှိသည်များကို အပြည့်အဝ ဆောင်ရွက်ရမည်ဖြစ်သည်။

ပဋိညာဉ်တွင် ပါဝင်သူတို့သည် ပဋိညာဉ်တွင် ပါဝင်သော အပြန်အလှန်ကတိများအတိုင်း ဆောင်ရွက်ကြရမည် ဖြစ်သည်။ သို့ရာတွင် ရောင်းချသူသည် ရောင်းချထားသောအဆောက်အအုံကို ဖျက်သိမ်းခြင်းဖြင့် ပဋိညာဉ်ပါကတိကို စတင်ချိုးဖောက်သည်။ ထိုအခါ ဝယ်ယူသူသည် ကတိအတိုင်း ကျန်ငွေများကိုမပေးအပ်ဘဲ ပဋိညာဉ်ကို ဖျက်သိမ်းနိုင်သည် သို့မဟုတ် ပဋိညာဉ်ကို ဆက်လက်အတည်ပြုနိုင်သည်။ ထိုကဲ့သို့ ပဋိညာဉ်ကို ဆက်လက်အတည်ပြုလိုလျှင် ဝယ်ယူသူသည် ပဋိညာဉ်ပါကတိအတိုင်း ကျန်ငွေကို သတ်မှတ်ရက်တွင် ပေးချေရမည် (သို့မဟုတ်)ဝယ်ယူသူသည် ပဋိညာဉ်ကို ဆက်လက်အတည်မပြုလိုလျှင် ကျန်ငွေများကို မပေးဆပ်ဘဲ ပဋိညာဉ်ကို ဖျက်သိမ်းပိုင်ခွင့်ရှိပေသည်။

ကတိများကို အပြန်အလှန် ဆောင်ရွက်ရန်ဖြစ်ကြလျှင် တစ်ဖက်စီသည် ပဋိညာဉ်အရ မိမိဆောင်ရွက်ရန်ရှိသည့်အတိုင်း ဆောင်ရွက်လိုက ဆောင်ရွက်ခွင့်ရှိသည်။ သို့ရာတွင် မိမိဆောင်ရွက်ရန် သဘောတူညီသောအပိုင်းကို ဆောင်ရွက်ခြင်း မပြုဘဲ အခြားတစ်ဖက်အား ထိုသူက ကတိအတိုင်း ဆောင်ရွက်ရန် မတောင်းဆိုနိုင်ချေ။

အရောင်းအဝယ်ပဋိညာဉ်ကို သီးခြားဆောင်ရွက်ပေးစေရန် စွဲဆိုသောအမှုတွင် ပေါ်ပေါက်သော အမှုစွဲဆိုရန်အကြောင်းသည် အရောင်းအဝယ် ပြုလုပ်သည့်ပစ္စည်းကို လက်ရောက်ပေးအပ်ရန် စွဲဆိုသောအမှု၌ ပေါ်ပေါက်သောအမှုစွဲဆိုရန် အကြောင်းနှင့်မတူချေ။ အရောင်းအဝယ်ကိစ္စကို သီးခြားဆောင်ရွက်ပေးစေလိုမှုမှာ ပစ္စည်းရောင်းချရန် ပဋိညာဉ်အပေါ်အခြေခံ၍ စွဲဆိုခြင်းဖြစ်ပြီး လက်ရောက်ပေးအပ်စေလိုမှုမှာ ပစ္စည်းလွှဲပြောင်းခြင်းစာချုပ်အပေါ် အခြေခံ၍ စွဲဆိုခြင်းဖြစ်သည်။ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ဝယ်သူကရောင်းသူအပေါ် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးရန်နှင့် လက်ရောက်ရလိုကြောင်း စွဲဆိုသောအမှုတွင် ရောင်းသူက အဆိုပါပစ္စည်းအပေါ် ပိုင်ဆိုင်မှု မရှိကြောင်း ပေါ်ပေါက်နေပါက စွဲဆိုသည့်အတိုင်း ဒီကရီမရနိုင်ပေ။ **(ဦးစိုးမြင့်နှင့် ဦးအောင်ကျော်မင်း ပါ၂၊ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ- ၁၆၇)**

အရောင်းအဝယ်ပဋိညာဉ်တွင် ရောင်းသူက ပဋိညာဉ်ကိုဖောက်ဖျက်ပါက လျော်ကြေးငွေပေးရန် စည်းကမ်းချက်ပါရှိလျှင် ပဋိညာဉ်အတိုင်း ဆောင်ရွက်စေရန် သက်သာခွင့်နှင့် လျော်ကြေးပေးစေရန် သက်သာခွင့်တို့အနက် မည်သည့်သက်သာခွင့်ကို ရယူလိုခြင်းမှာ တရားလို၏ရွေးချယ်ခွင့်ဖြစ်ပေသည်။

**(ဦးမြမောင်နှင့်ဦးဝမ်စွဲ(ခ)တန်ဝမ်စွဲပါ၇၊ ဦးတင်ဦးပါ ၈ ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ- ၁၁၅)**

ပဋိညာဉ်ချုပ်ဆိုရာတွင် ပါဝင်သူတစ်ဦးက အကြောင်းအရာတစ်ခု သတ်မှတ်ထားသောအချိန်တွင် ပြုလုပ်ရန်ကတိပြုသော်လည်း ထိုကဲ့သို့ပြုလုပ်ရန် ပျက်ကွက်လျှင် အချိန်သည် ပဋိညာဉ်၏အဓိက အချက်ဖြစ်ရန် ရည်ရွယ်ပါက ကတိရသူက ထိုပဋိညာဉ်ကို ပဋိညာဉ်အက်ဥပဒေပုဒ်မ- ၅၅ အရ ဖျက်သိမ်းခွင့်ရသည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ- ၅၅ တွင် ဖော်ပြထားသော အချိန်ကာလသည် ပဋိညာဉ်၏ အဓိကအချက်ဖြစ်စေရန် ကာယကံရှင်များက ရည်ရွယ်ခြင်း ရှိ-မရှိ ပြဿနာကိုစာဖြင့် ရေးသားထားသော စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့် ပတ်ဝန်းကျင်အကြောင်းခြင်းရာများကိုဆင်ခြင်စဉ်းစားဆုံးဖြတ်ရမည်။ **( ဒေါ်လှန္တဲ့ (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးထွန်းအောင်နှင့် ဦးသန်းညွန့်ပါ၃၊ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ- ၄၀၃(၄၀၄))**

ပဋိညာဉ်တစ်ရပ်ပျက်ပြယ်သည့်အခါ ယင်းပဋိညာဉ်အရ ရရှိထားသည့်အကျိုးခံစားခွင့်ကို ရရှိထားသူက ပြန်လည်ပေးအပ်ရမည်ဟု ပဋိညာဉ်အက်ဥပဒေပုဒ်မ- ၆၅ တွင် ပြဋ္ဌာန်းထားသည်။

တရားလိုက လျော်ကြေးမတောင်းဆိုစေကာမူ တရားရုံးကလျော်ကြေးပေးစေသည့်အမိန့်ချမှတ်နိုင်သည်။ လျော်ကြေးငွေ မည်မျှသတ်မှတ်သင့်သည်ကို ချိန်ဆရာ၌ လျော်ကြေးငွေရမည့် ဦးအဘူတွင် မည်မျှတာဝန်ကင်းသည်ကို သုံးသပ်ရပေမည်။

*စာမျက်နှာ ၉ သို့*

**လုပ်ငန်းရပ်အသစ်များကို ဆောင်ရွက်ခြင်းထက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းရပ်များအား အောင်မြင်အောင် ဦးစားပေးဆောင်ရွက်**

မိမိတို့တာဝန်ယူသည့်ကာလအတွင်း ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းရပ်အသစ်များကို ဆောင်ရွက်ခြင်းထက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းရပ်များအား အောင်မြင်အောင် ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလာမှုဆိုင်ရာ ကိစ္စရပ်များ၊ ပြည်သူများ စွမ်းရည်ရှိအောင် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ၊ ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား အောင်မြင်အောင် ရည်မှန်းချက်ထား ဆောင်ရွက်ကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ကိုဗစ်-၁၉ ကာလအလွန် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရာတွင် ဒစ်ဂျစ်တယ်ကုန်သွယ်မှုကို ဦးတည်ဆောင်ရွက်သွားရန်လိုအပ်မှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများပံ့ပိုးပေးသွားရန် အလေးပေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၄

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သည် ယနေ့နံနက် ၇ နာရီမှစတင်၍ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်တို့ အစည်းအဝေး၊ (၅) ကြိမ်မြောက် အာဆီယံ-ဟောင်ကောင်(တရုတ်) စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၈) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၇)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အီးယူကုန်သွယ်ရေးကော်မရှင်နာတို့ အစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် အာဆီယံ-ရုရှား စီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့ကို နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ပါဝင်တက်ရောက်သည်။**(အပေါ်ယာပုံ)**




**ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်**

အဆိုပါအစည်းအဝေးများတွင် အာဆီယံ စီးပွားရေးဝန်ကြီးများ၊ အမေရိကန်ကုန်သွယ်ရေး ကိုယ်စားလှယ်(ဝန်ကြီး)၊ ဟောင်ကောင်(တရုတ်)၊ အိန္ဒိယ၊ ရုရှားနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၊ အီးယူကုန်သွယ်ရေးကော်မရှင်နာ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးများတွင် ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah နှင့် သက်ဆိုင်ရာ ဆွေးနွေးဖက်နိုင်ငံများက ကုန်သွယ်ရေးနှင့် စီးပွားရေးဝန်ကြီးများက ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အမေရိကန်ကုန်သွယ်ရေးကော်မရှင်နာတို့ အစည်းအဝေးတွင် အမေရိကန်နိုင်ငံ ကုန်သွယ်ရေးကိုယ်စားလှယ် H.E. Katherine Tai နှင့် အာဆီယံစီးပွားရေးဝန်ကြီးများက အမေရိကန်နိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ပံ့ပိုးပေးလျက်ရှိသည့် နည်းပညာဆိုင်ရာ အကူအညီများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ အစည်းအဝေးတွင် အာဆီယံ-အမေရိကန် စီးပွားရေးဝန်ကြီးများက အာဆီယံ-အမေရိကန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမူဘောင် ၂၀၂၁-၂၀၂၂ ခုနှစ် လုပ်ငန်းအစီအစဉ်ကို အတည်ပြုခဲ့ကြသည်။

**အလေးပေးဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာလအလွန် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရာတွင် ဒစ်ဂျစ်တယ်ကုန်သွယ်မှုကို ဦးတည်ဆောင်ရွက်သွားရန် လိုအပ်မှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများအတွက် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများပံ့ပိုးပေးသွားရန် အလေးပေးဆွေးနွေးခဲ့သည်။

**အသက်ဝင်မှုအပေါ် ကြိုဆို**

ဆက်လက်၍ (၅) ကြိမ်မြောက် အာဆီယံ-ဟောင်ကောင် (တရုတ်)စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ ဟောင်ကောင် (တရုတ်)၊ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Edward Yau Tang-wah နှင့် အာဆီယံစီးပွားရေး ဝန်ကြီးများက အာဆီယံ-ဟောင်ကောင် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်နှင့် အာဆီယံ-ဟောင်ကောင် ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို အဖွဲ့ဝင်နိုင်ငံများ အားလုံး အသက်ဝင်မှုအပေါ် ကြိုဆိုခဲ့ကြသည်။

ထို့နောက်ဝန်ကြီးများကအာဆီယံ-ဟောင်ကောင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် အသစ်ထပ်မံ တိုးချဲ့ထည့်သွင်းသည့် နယ်ပယ် (၅) ခုဖြစ်သည့် လူ၊ အပင်နှင့် တိရစ္ဆာန်များ ပိုးမွှားရောဂါကင်းစင်စေရေး(SPS)၊ စံချိန်စံညွှန်းများ၊ နည်းပညာဆိုင်ရာ စည်းမျဉ်းများနှင့် အရည်အသွေး ကိုက်ညီမှု စစ်ဆေးသည့် လုပ်ထုံးလုပ်နည်းများ (STRACAP)၊ မူပိုင်ခွင့် (IP)၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ဒစ်ဂျစ်တယ်နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတို့အပေါ် အတည်ပြုခဲ့ပြီး အာဆီယံ- ဟောင်ကောင် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအစီအစဉ် (၂၀၂၀-၂၀၂၁) အောက်မှ စီမံကိန်းများအကောင်အထည်ဖော် ဆောင်ရွက်မှု တိုးတက်မှုအခြေအနေများကို မှတ်တမ်းတင်ခဲ့သည်။

ထို့နောက် ဟောင်ကောင် (တရုတ်)က ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်သို့ ဝင်ရောက်ရန် စိတ်ဝင်စားမှုအပေါ် ဝန်ကြီးများက ကြိုဆိုခဲ့ကြသည်။

**တိုးတက်မှုတို့အပေါ် ဆွေးနွေး**

မွန်းလွဲပိုင်းတွင် (၁၈) ကြိမ်မြောက် အာဆီယံ-အိန္ဒိယ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပရာ အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Anupriya Patel နှင့် အာဆီယံစီးပွားရေးဝန်ကြီးများက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး သက်ရောက်မှုများကို ကုစားနိုင်ရန်အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်၊ အာဆီယံ-အိန္ဒိယ စီးပွားရေးကောင်စီမှ တင်ပြချက်များနှင့် အာဆီယံ-အိန္ဒိယ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်မှု တိုးတက်မှုတို့အပေါ် ဆွေးနွေးခဲ့ကြသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးကို ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် မြန်မာနှင့်အိန္ဒိယအကြား နယ်စပ်ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် စီးပွားရေး ပြန်လည်ထူထောင်ရန် ကုန်သွယ်ရေးအရာရှိများနှင့် ပုဂ္ဂလိက ကဏ္ဍပါဝင်သည့် ပူးတွဲလုပ်ငန်းကော်မတီ တစ်ခု တည်ထောင်ရန် အဆိုပြုခဲ့သည်။ ပြည်ထောင်စုဝန်ကြီး၏ အဆိုပြုချက်ကို အိန္ဒိယနိုင်ငံ စီးပွားရေးဝန်ကြီးက အသိအမှတ်ပြုကြောင်းနှင့် သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ (၁၇) ကြိမ်မြောက် အာဆီယံ-အီးယူ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပရာ အီးယူကုန်သွယ်ရေးကော်မရှင်နာ H.E. Valdis Dombrovskis နှင့် အာဆီယံ စီးပွားရေးဝန်ကြီးများက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အခန်းကဏ္ဍနှင့် အာဆီယံနှင့် အီးယူတို့အကြား လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်ရန်အတွက် ညှိနှိုင်းလျက်ရှိသည့် မူဘောင်ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ထို့နောက် အာဆီယံ-အီးယူ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအစီအစဉ် ၂၀၂၀-၂၀၂၁ ကို ဝန်ကြီးများက အတည်ပြုခဲ့သည်။

ဆက်လက်၍ (၁၀) ကြိမ်မြောက် အာဆီယံ-ရုရှား စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပရာ ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဒုတိယဝန်ကြီး H.E. Vladimir llyichev နှင့် အာဆီယံစီးပွားရေးဝန်ကြီးများက ၂၀၁၇ ခုနှစ် အာဆီယံ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ်နှင့် အာဆီယံနှင့် ယူရေရှား စီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအစဉ် ၂၀၂၀-၂၀၂၅ ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေတို့ကို မှတ်တမ်းတင်ခဲ့သည်။ ထို့နောက် အသစ်ပြန်လည်ရေးဆွဲသည့် အာဆီယံ-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး လမ်းပြမြေပုံနှင့် ၂၀၂၁-၂၀၂၅ လုပ်ငန်းအစီအစဉ်တို့ကို ဝန်ကြီးများက အတည်ပြုခဲ့ကြသည်။

အစည်းအဝေးအသီးသီးက ထုတ်ပြန်မည့် ပူးတွဲကြေညာချက်များကို ဝန်ကြီးများက အတည်ပြုခဲ့ကြသည်။

**သတင်းစဉ်**

# အမျိုးသားကန်တော်ကြီးဥယျာဉ် ရေဝင်ရောက်မှုအခြေအနေနှင့် ကော်ဖီစိုက်ခင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို တို့သည် စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်စစ်ဆေးရာ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကန်တော်ကြီးအတွင်းရှိ ရေကန်လေးကန်၏ ရေဝင်ရောက်မှု၊ နွေရာသီရေခန်းခြောက်မှု၊ လက်ရှိအခြေအနေနှင့် ရေခန်းခြောက်ရသည့် အကြောင်းရင်းများ၊ ၁၀ နှစ်အတွင်း မိုးရွာသွန်းမှုနှင့် အပူချိန်တို့ကိုလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ရေဝင်ရောက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**

ဆက်လက်၍ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကော်ဖီစိုက်ခင်းများ ခွင့်ပြုပေးမှုအပေါ် အမှန်တကယ်စိုက်ပျိုးထားရှိမှုအခြေအနေများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း လှည့်လည်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြန်မာနိုင်ငံသည် UNWTO အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အခြားနိုင်ငံများနှင့်အတူ ခရီးသွားလုပ်ငန်းဆိုင်ရာလှုပ်ရှားမှုများတွင် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**
ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၏ (၅၄)ကြိမ်မြောက် အရှေ့အာရှနှင့် ပစိဖိတ်ကော်မရှင်အစည်းအဝေး (Commission for East Asia & Pacific(CAP)54th Meeting)နှင့် (၃၃)ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှ ဒေသများအတွက် ပူးတွဲကော်မရှင် အစည်းအဝေး 33rd Commission for East Asia & the Pacific (CAP)–Commission for South Asia (CSA) Joint Meeting အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် Virtual ဖြင့် ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ငွေးအောင် Online မှ ပါဝင်တက်ရောက်သည်။**(အပေါ်ယာပုံ)**




အစည်းအဝေးများသို့ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UN–WTO)၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများနှင့် တောင်အာရှနိုင်ငံများမှ ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများ မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးများတွင် မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်း၊ အနုပညာနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ Deputy Secretary General ဖြစ်သူ Mr. Mohd Zamri bin Mat Zain က သဘာပတိအဖြစ် ဆောင်ရွက်ကာ မော်လ်ဒိုက်နိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး H.E. Dr. Abdulla Mausoom က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး (၅၄) ကြိမ်မြောက် အရှေ့အာရှနှင့် ပစိဖိတ်ကော်မရှင် အစည်းအဝေးတွင် (၂၄)ကြိမ်မြောက် ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်၏ အထွေထွေညီလာခံ ကျင်းပရေး အဖွဲ့အစည်းများအား သတ်မှတ်ခြင်းနှင့် မဲပေးရွေးချယ်ခြင်း၊ ၂၀၂၂ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ကျင်းပမည့် တရားဝင် အိမ်ရှင်နိုင်ငံအား ရွေးချယ်ခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ (၃၃)ကြိမ်မြောက် အရှေ့အာရှနှင့်ပစိဖိတ်ကော်မရှင်နှင့် တောင်အာရှကော်မရှင်ပူးတွဲအစည်းအဝေးကို ကျင်းပရာ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(UNWTO)၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Zurab Pololikashvili က ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ အခြေအနေများ၊ ကပ်ရောဂါအလွန်တွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့် အထူးသဖြင့် ကျေးလက်အခြေပြု ခရီးသွားလုပ်ငန်း ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ဆွေးနွေးတင်ပြပြီးနောက် အဖွဲ့ဝင်နိုင်ငံများက နည်းပညာအထောက်အပံ့ပေးရေးဆိုင်ရာ စီမံကိန်းအခြေအနေ၊ ကမ္ဘာလှည့်ခရီးသွားများကို အကာအကွယ်ပေးရေးဆိုင်ရာ နိုင်ငံတကာ ကျင့်ဝတ် (မူကြမ်း) ရေးဆွဲဆောင်ရွက်နေမှု အခြေအနေ၊ ကိုဗစ်–၁၉ ကပ်ရောဂါ၏ ထိခိုက်မှုများမှ ခရီးသွားလုပ်ငန်း ပြန်လည် ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်ချက်အခြေအနေများကို ဆွေးနွေးကြသည်။

အစည်း အဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် UNWTO အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အခြားနိုင်ငံများနှင့်အတူ ခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုများတွင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်–၁၉ ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ဆိုးရွားစွာထိခိုက်ခဲ့ရာ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကိုဗစ်–၁၉ ကြောင့် ထိခိုက်ခဲ့သော စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ်တွင် Myanmar Economic Recovery Plan ကို ရေးဆွဲခဲ့ပြီး စီးပွားရေးဆိုင်ရာ အထောက်အပံ့များကိုလည်း အကူအညီပေးခဲ့ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် UNWTO ၏ Guide Line များနှင့်အညီ Myanmar Tourism Strategic Recovery Road – map(2021–2025)ကို ရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းစွာ တည်းခိုနိုင်ရေးနှင့် ဝန်ဆောင်မှု ရယူနိုင်ရေးတို့အတွက် ဟိုတယ်နှင့်ခရီးသွားကဏ္ဍရှိ စီးပွားရေးလုပ်ငန်း များအား Local, National နှင့် International အဆင့် (၃) ဆင့်ခွဲ၍ ကျန်းမာရေးနှင့်ညီညွတ်သော ဝန်ဆောင်မှုများ (Safe Services) ပေးအပ်ရေးနှင့် Certificate များ ထုတ်ပေးနိုင်ရန်အတွက် Enchanting Myanmar Health and Safety Protocols ကို ရေးဆွဲပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များအား ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်များ ပံ့ပိုးပေးနိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ရှိရင်းစွဲနှင့် ပေါ်ထွန်းလာမည့် ခရီးစဉ်ဒေသများကို အဓိက ခရီးသွားဈေးကွက်နိုင်ငံများမှ ခရီးသွားဧည့်သည်များ သိရှိလာရောက် လည်ပတ်စေရေးအတွက် Digital Marketing Channel များမှတစ်ဆင့် မြှင့်တင်ကြော်ငြာလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့ ခရီးသွားလုပ်ငန်းအား ပြန်လည်စတင်ရာတွင် ပြည်တွင်းခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်သို့ တစ်ဆင့်ပြီးတစ်ဆင့် ပြန်လည်ဖွင့်လှစ်သွားရန် ဆောင်ရွက်လျက်ရှိသည်တို့ကို ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြေယာရှုခင်းလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**
နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်အဝင် ဆိုင်းဘုတ်အနီး ပန်းအလှပင်များ လဲလှယ်စိုက်ပျိုးခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးမှ နေပြည်တော်မြို့အဝင် လမ်းဘေးဝဲ/ယာရှိ မြေယာရှုခင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လည်းကောင်း၊ ရာဇဌာနီလမ်းနှင့် ရာဇသင်္ဂဟလမ်းဆုံရှိ ကုမုဒြာကြာပန်းအဝိုင်းတွင် ပန်းအလှပြုပြင်ခြင်းနှင့် မြေယာရှုခင်းလုပ်ငန်းများဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နေပြည်တော်ကောင်စီသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ကိုဗစ်-၁၉ရောဂါကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်းခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံးဧည့်ခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုး ၊ အလှူရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်သည်။

**ရှင်းလင်းပြောကြား**

လှူဒါန်းပွဲတွင် Moon Rays Co.,Ltd မိသားစုနှင့် Morning Breeze Co.,Ltdမိသားစုတို့မှ တာဝန်ရှိသူများက ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် လှူဒါန်းရခြင်းနှင့်ပတ်သက်၍ အသီးသီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် Moon Rays Co.,Ltd မိသားစုမှ ငွေကျပ် ၃၉ သိန်း တန်ဖိုးရှိ Oxygen(15 liter) အလုံး ၃၀ နှင့် Oxygen Flow Meter ၃၀ ကိုလည်းကောင်း၊ Morning Breeze Co.,Ltd မိသားစုမှ ငွေကျပ် ၂၆ သိန်းတန်ဖိုးရှိ Oxygen(15 liter) အလုံး ၂၀ နှင့် Oxygen Flow Meter ၂၀ ကိုလည်းကောင်း ကုမ္ပဏီများမှတာဝန်ရှိသူများက အသီးသီး ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က လက်ခံရယူပြီး (ယာပုံ) ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါလှူဒါန်းမှုများကို နေပြည်တော်အတွင်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်စွာ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။



**ထွန်းထွန်းဝင်း(ခရိုင် ပြန်/ဆက်)**

# ကယားပြည်နယ်တွင် ကိုဗစ်-၁၉အပါအဝင် အခြားရောဂါများအတွက် လိုအပ်သော အောက်ဆီဂျင်ကို ပြည်သူများအတွက် လုံလောက်စွာရရှိနိုင်ရေး ဆောင်ရွက်ပေးထား

**လွိုင်ကော် စက်တင်ဘာ ၁၄**

ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန လွိုင်ကော် ပြည်သူ့ဆေးရုံကြီး၊ ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန၊ လွိုင်ကော်ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ ကုန်စည်ယာဉ်ကြီးများအသင်းနှင့် ပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့ နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**



ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ပြည်နယ်အတွင်းတွင် ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်းရင်ဆိုင်နေရသော ကိုဗစ်-၁၉ တတိယလှိုင်းဒဏ်ကို ပြည်နယ်အတွင်းတွင်လည်း ခံစားနေရကြောင်း၊ အဆိုပါကပ်ရောဂါကို ကာကွယ် ကုသရာတွင် ပြည်သူတစ်ဦး တစ်ယောက်တိုင်းက ကျန်းမာရေးဦးစီးဌာန၏ ထုတ်ပြန်ထားသော စည်းကမ်းချက်များကို အလေးထား လိုက်နာရန် အဓိကလိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် လူမျိုးဘာသာ၊ ပါတီ ၊ နိုင်ငံရေးတို့နှင့်မသက်ဆိုင်ဘဲ လူသားအားလုံးနှင့်ဆိုင်သော ကပ်ရောဂါဖြစ်သည့်အတွက် လူသားတိုင်းတွင် ဝိုင်းဝန်းကာကွယ်ရန် တာဝန်ရှိကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနေသော ပြည်နယ်အတွင်းရှိ ဆေးရုံအသီးသီးတွင် လက်ရှိတာဝန် ထမ်းဆောင်နေသော ကျန်းမာရေး ဝန်ထမ်းများက ရှိသည့် ဝန်ထမ်းဦးရေဖြင့် ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနေသည့်အတွက် အဆိုပါ ကျန်းမာရေးဝန်ထမ်းများအား ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အထူးပင်ကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ ကယားပြည်နယ်တွင် ကိုဗစ်-၁၉ အပါအဝင် အခြားရောဂါများအတွက် လိုအပ်ချက်ဖြစ်သော အောက်ဆီဂျင်ကို ပြည်သူများအတွက် လုံလောက်စွာရရှိနိုင်ရေး ဆောင်ရွက် ပေးထားပြီဖြစ်ကြောင်း၊ ဆေးဝါးဆိုင်ရာ လိုအပ်ချက်အနေဖြင့်လည်း ဆေးရုံများတွင် ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါနှင့် အခြားလိုအပ်သော ဆေးဝါးများကို နိုင်ငံတော်အနေဖြင့် အပြည့်အဝ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးထားသဖြင့် ပြည်သူများအနေဖြင့် ဆေးရုံများတွင် မိမိတို့၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ရရှိနိုင်ကြောင်း၊ ဆေးရုံသန့်ရှင်းရေးအတွက်လည်း ပြည်နယ်အစိုးရအဖွဲ့ကဦးဆောင်၍ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ၊ လွိုင်ကော်မြို့အပါအဝင် မြို့နယ်အတွင်းရှိ မြို့တိုင်းသန့်ရှင်းသာယာစေရေးအတွက်လည်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ ကုန်စည်များ စီးဆင်းမှု လွယ်ကူလျင်မြန်စေရေးအတွက်လည်း ဆောင်ရွက်ပေးနေကြောင်း၊ ပြည်နယ်နှင့် ပြည်နယ်အတွင်းရှိ လူမျိုးများအားလုံး တိုးတက်စေရန်အတွက် ပြည်နယ်အစိုးရအဖွဲ့အပါအဝင် ပြည်နယ်သူ ပြည်နယ်သားများအားလုံး ဝိုင်းဝန်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း စသည်တို့ကို လမ်းညွှန်အမှာစကား ပြောကြားခဲ့သည်။

**လိုအပ်ချက်များမှာကြား**

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လွိုင်ကော်ပြည်သူ့ဆေးရုံအုပ်ကြီး၊ ပြည်နယ်တိုင်းရင်းဆေးပညာ၊ ကုန်စည်ယာဉ်ကြီးများအသင်းနှင့် ပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်း ကြီးကြပ်ရေးကော်မတီဝင်တို့က ပြည်နယ်အတွင်းလက်ရှိ ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

မြေဂရန်အပြိုင်လျှောက်၍ အရှုပ်အရှင်းရှိနေကြောင်း ဦးအဘူအနေဖြင့် ထိုက်သင့်သော သတိဖြင့် စုံစမ်းလျှင် သိရှိနိုင်သည်။ ထိုသို့စုံစမ်းရန် ပျက်ကွက်ပြီး ဝယ်ယူခဲ့သည်။ (သို့မဟုတ်) သိလျက်နှင့် ဝယ်ယူခြင်း ဖြစ်နိုင်သည်။ ဦးအဘူတွင် တာဝန်ကင်းသည်ဟု မဆိုနိုင်ပေ။ စေတနာသဘော လျော်ကြေးသာ ပေးသင့်သည်။

**( ဦးအဘူနှင့် ဒေါ်ကမာလ်ဇံပါ ၄ အမှု၊ ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၁၁၈)**

"အရောင်းအဝယ်ပျက်ပြယ်သဖြင့် ပေးသွင်းထားသောငွေကို ပြန်လည်ပေးအပ်ရေးနှင့် စပ်လျဉ်း၍ ပဋိညာဉ်အက်ဥပဒေတွင် ပြဋ္ဌာန်းထားချက်များ မတွေ့ရပေ။ ဤပြဿနာကို ဆုံးဖြတ်ရာ၌ ပေးသွင်းသောငွေသည် ရောင်းငွေအတွက် တစ်စိတ်တစ်ဒေသအားဖြင့် ပေးသွင်းခဲ့လျှင် ရောင်းသူသော်လည်းကောင်း၊ ဝယ်သူသော်လည်းကောင်းပဋိညာဉ်အတိုင်းဆောင်ရွက်ရန် ပျက်ကွက်က ထိုငွေကို ပြန်လည်ပေးအပ်ရမည်" ဟူ၍ **ဘာဘူကနီရာလား (လ်)ဒနုကာနှင့် မက်ဆား(စ်) ရွှေပြည်စိုးဖလင်ကုမ္ပဏီအမှု၊ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာမျက်နှာ-၁၉၅** အမှုတွင် စီရင်ထုံးဖွဲ့ထားသည်။

မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ဝယ်ယူရန် ပဋိညာဉ်ကို ပြုလုပ်သောဝယ်သူကစရန်ငွေကို ပေးထားရာ ပဋိညာဉ်အတိုင်း အပြီးသတ်ဆောင်ရွက်ရန် အချိန်စေ့ရောက်သောအခါ ရောင်းသူသည် အပြီးသတ်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင် (၁) ဝယ်သူသည် ပဋိညာဉ်ကို ဖျက်သိမ်းသည်ဟုမှတ်ယူ၍ စရန်ငွေကိုရလိုကြောင်း စွဲဆိုနိုင်သည်။ (သို့မဟုတ်) (၂)ပဋိညာဉ်ကို ဆက်လက်အတည်ဖြစ်သည်ဟုမှတ်ယူ၍ (က) ပဋိညာဉ်ကိုချိုးဖောက်သည့်အတွက် နစ်နာကြေးရလိုမှု စွဲဆိုနိုင်သည်။ (သို့မဟုတ်) (ခ) ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေရန်စွဲဆိုနိုင်သည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ- ၇၄ အရလည်း ပဋိညာဉ်ကို ဖောက်ဖျက်သောအခါ ထိုသို့ဖောက်ဖျက်ပါကပေးရန်ဖြစ်သော ငွေပမာဏကို ပဋိညာဉ်တွင်ဖော်ပြထားလျှင် ထိုသို့ဖောက်ဖျက်ခြင်းကြောင့် အမှန်တကယ်ပျက်စီးဆုံးရှုံးမှုရှိကြောင်း ထင်ရှားသည်ဖြစ်စေ၊ မထင်ရှားသည်ဖြစ်စေ ဖောက်ဖျက်ကြောင်း တိုင်တန်းသူသည် ဖောက်ဖျက်သူထံမှ ထိုဖော်ပြသော ငွေကြေးပမာဏကို ရပိုင်ခွင့်ရှိသည်။ သက်သေခံအမှတ်(က) ခြံမြေအရောင်းအဝယ်စရန်ပေးစာချုပ်တွင် ရောင်းသူက ပျက်ကွက်ပါက စရန်ငွေ၏နှစ်ဆကို ပေးလျော်မည်ဟု နှစ်ဦးနှစ်ဖက် သဘောတူညီထားကြသဖြင့် စရန်ငွေ ၅၀၀၀၀၀/- ၏ နှစ်ဆဖြစ်သော ငွေ ၁ သိန်းကျပ်ကို ဝယ်သူအယူခံတရားလိုကရပိုင်ခွင့်ရှိသည်။ **(ဒေါ်နီ (ခ) ဒေါ်မိမိလေးနှင့်ဒေါ်အေး၊ ၂၀၁၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ- ၂၅၉)**

အငြင်းပွားမှုအများစုသည် ပဋိညာဉ်ချိုးဖောက်မှုကို အခြေပြုကြပါသည်။ ပဋိညာဉ်တစ်ရပ်သည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ၊ မည်သူသည် ပဋိညာဉ်ကိုချိုးဖောက်သူဖြစ်သည်၊ ပဋိညာဉ်ချိုးဖောက်ခြင်းကြောင့် ဥပဒေအရ မည်သူကနစ်နာသည်၊ မည်သူ့တွင်တာဝန်ရှိသည်၊ ချိုးဖောက်မှုအတွက် ဥပဒေအရ သက်သာခွင့်များရရှိခံစားနိုင်ရန်အတွက် ဥပဒေနှင့်ညီညွတ်သော ပဋိညာဉ်ချုပ်ဆိုနိုင်ကြစေရန် ရည်ရွယ်၍ စုဆောင်းတင်ပြအပ်ပါသည်။ ။

# ပဲခူး PDF အကြမ်းဖက်အဖွဲ့က ရောဝတီဘဏ်မှ ကျပ်ငွေ ၄ ဘီလီယံခန့်အား ရန်ကုန်-မန္တလေးလမ်းဟောင်း၌ လုယက်မှုဖြစ်စဉ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများ ပူးပေါင်းကြိုးပမ်းမှုဖြင့် ၉ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၄** ရန်ကုန်မြို့ ရောဝတီဘဏ်ရုံးချုပ်မှ ဦးမင်းမင်းဦး၊ ကြီးကြပ်ရေးမှူး ဦးစိုး၍ ယာဉ်မောင်း ဦးစောနီကိုလတ်တို့ နှစ်ဦးသည် Toyota Hiace ယာဉ်အမှတ် 6J-7941 ဖြင့် လည်းကောင်း၊ ရုံးအကူ ဦးဝင်းလွင်မြင့်၊ လုံခြုံရေး ချစ်စမ်းမောင်နှင့် ယာဉ်မောင်း မျိုးကျော်သူတို့ သုံးဦးသည် Toyota Hiace ယာဉ်အမှတ် 1P-2919 ဖြင့် လည်းကောင်း စက်တင်ဘာ ၁၃ ရက်တွင် ပဲခူးမြို့ ရောဝတီဘဏ်ခွဲ(၁)မှ ငွေကျပ် ၄ ဘီလီယံအား ယာဉ်နှစ်စီးပေါ်သို့ ခွဲဝေတင်ဆောင်ခဲ့ပြီး ပဲခူးမြို့မှ ရန်ကုန်မြို့သို့ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ပြန်လည်ထွက်ခွာခဲ့ရာ ပဲခူးမြို့နယ် ဘူးလယ်အင်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ် (၂၅/၅) နေရာသို့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိစဉ် ယာဉ်ထိန်းရဲဝတ်စုံ ဝတ်ဆင်ထားသူ တစ်ဦး၊ ရဲတပ်ဖွဲ့ဝတ်စုံ ဝတ်ဆင်၍ (အမျိုးအစားစိစစ်ဆဲ) လက်နက်ငယ် နှစ်လက် ကိုင်ဆောင်ထားသူ နှစ်ဦးနှင့် အရပ်ဝတ် ဝတ်ဆင်ထားသူ လေးဦး၊ ပေါင်း ခုနစ်ဦးတို့က ယာဉ် နှစ်စီးအား တားဆီးကာ ဘဏ်ဝန်ထမ်း ငါးဦး၏ ပါးစပ်၊ မျက်စိ၊ လက်တို့အား တိပ်အမည်းဖြင့် ချည်နှောင်ပြီး ယာဉ်ပေါ်ပါ ငွေများနှင့် ဝန်ထမ်းများ၏ ဖုန်း သုံးလုံးအား တရားခံများ စီးနင်းလာသည့် Hijet ယာဉ်ပေါ်သို့ ရွှေ့ပြောင်းတင်ဆောင်ကာ မောင်းနှင် ထွက်ပြေးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်အားရောဝတီဘဏ် တာဝန်ရှိသူများက မွန်းလွဲ ၂ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသို့ အသိပေး အကြောင်းကြားခဲ့ရာ တရားခံများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အပူတပြင်း စုံစမ်းစစ်ဆေးခြင်း၊ သဲလွန်စ ရှာဖွေဖော်ထုတ်ခြင်းအား တက်ကြွစွာ အချိန်မဆိုင်းဘဲ ဆောင်ရွက်ခဲ့ရာ ဖြစ်စဉ်သိရသည့် အချိန်မှ ၅ နာရီအတွင်း ဘဏ်ငွေ ဓားပြတိုက်ရာတွင် အသုံးပြုခဲ့သည့် ယူနီဖောင်းများအား ပေးအပ်ခဲ့သူ ဆက်စပ်တရားခံ မြင့်မြင့်နိုင် (ဘ) ဦးလှသိန်း အား ည ၇ နာရီတွင် ပဲခူးမြို့ မဇင်းရပ်ကွက် မဟာစေတီ တိုက်တန်းတွင် ဖမ်းဆီးရမိခဲ့သည်။


## ပိတ်ဆို့ရှာဖွေဖမ်းဆီး

တရားခံ မြင့်မြင့်နိုင်၏ ထွက်ဆိုချက်အရ ည ၁၀ နာရီတွင် မဟာစေတီ တိုက်တန်း၊ ၁၀/(က-၃)၊ ဥမ္မာ (ဘ) ဦးချစ်ဟန်၏ နေအိမ်တွင် မသင်္ကာဖွယ် အမျိုးသားများ ရောက်ရှိနေကြောင်း ဖော်ထုတ်ရရှိသဖြင့် ပိတ်ဆို့ရှာဖွေ ဖမ်းဆီးခဲ့ရာ ဥမ္မာနှင့်အတူ ဘဏ်ငွေ လုယက်သူများဖြစ်သည့် ရန်လင်းထွေး(ဘ) ဦးဇော်ဇော်၊ အောင်ပြည့်ခန့် (ဘ) ဦးသက်နိုင်နှင့် ဘုန်းခန့်ကို (ဘ) ဦးသန်းဌေးတို့အား M-79 ဗုံး ပစ်လောင်ချာ တစ်လက်၊ ငွေကျပ်သိန်း ၇၀၀ ခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံ စည်သူဖြိုးမှာ တိမ်းရှောင်လျက်ရှိကြောင်း သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ ည ၁၀ နာရီခွဲတွင် ဓားပြတိုက်ဖြစ်စဉ်ပါ လက်နက်/ခဲယမ်းနှင့် ငွေကြေးများအား ဥဿာမြို့သစ် ရပ်ကွက်ကြီး ၈ ရှိ "ဓမ္မဒူတ" သီလရှင်ကျောင်းတိုက်တွင် အပ်နှံထားကြောင်း သိရှိရသဖြင့် ဆက်လက်ရှာဖွေခဲ့ရာ ကျောင်းတိုက်တွင် ဒေါ်ဥပ္ပသမာနှင့် ဒေါ်ဓမ္မစာရီတို့ နှစ်ဦးအား တွေ့ရှိရပြီး ၎င်းတို့ထံ အပ်နှံထားသော AK-47 သေနတ် နှစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ ၎င်းကျည်တောင့် ၂၂၀၊ MK-12 သေနတ် ခြောက်လက်၊ ၎င်းကျည်အိမ်တို/ရှည် ၁၂ ခု၊ ဆက်စပ်ပစ္စည်း ခြောက်စုံ၊ ငွေစက္ကူထည့်ထားသော ဆာလာအိတ် ၁၄ ထုပ်၊ ဆာလာအိတ် အပိုင်း(၂)ပိုင်း၊ ပလတ်စတစ်အနက်ရောင်အထုပ်သေး ကိုးထုပ်တို့အား ဆွမ်းစားဆောင်အတွင်းမှ သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ တရားခံများ၏ ထွက်ဆိုချက်အရ ည ၁၁ နာရီခွဲတွင် မဇင်းရပ်ကွက် ဘူတာလမ်းရှိ နေအိမ်တွင် ဆက်စပ်တရားခံ ကုလားကြီးအား သွားရောက်ဖမ်းဆီးခဲ့ရာ တရားခံမှာ တိမ်းရှောင်လျက်ရှိပြီး ၎င်းနေအိမ်မှ ဖောက်ခွဲရေးတွင် အသုံးပြုမည့် ကီးပက်ဖုန်း ၁၀ လုံး၊ လက်လုပ်မိုင်း ပြုလုပ်သော ဆက်စပ်ပစ္စည်းများနှင့် ၁၀၀၀၀ တန် ငွေစက္ကူ ၁၇ အုပ် အား သိမ်းဆည်းရမိခဲ့သည်။

ပဲခူးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၂၅/၅)နေရာ၌ ရောဝတီဘဏ်မှ ငွေသယ်ယာဉ် ၂ စီးအား ဓားပြတိုက်သည့် ဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် တရားခံများ




ဖြစ်စဉ်တွင် တရားခံ ကျား သုံးဦး၊ မ လေးဦး စုစုပေါင်း ခုနစ်ဦး၊ M-79 ဗုံးပစ် လောင်ချာ တစ်လက်၊ AK-47 သေနတ် နှစ်လက်၊ ၎င်းကျည်အိမ် လေးခု၊ ၎င်းကျည်တောင့် ၂၂၀၊ MK-12 သေနတ် ခြောက်လက်၊ ၎င်းကျည်အိမ်မျိုးစုံ ၁၂ ခု၊ အခြား ဆက်စပ်ပစ္စည်းများနှင့် ဓားပြတိုက်ရာတွင် ယူဆောင်သွားခဲ့သော ငွေများအား သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ မဆုတ်မနစ် ကြိုးပမ်းဖော်ထုတ်ခြင်း၊ တာဝန်သိ ပြည်သူအချို့ကလည်း မိမိအသက်အန္တရာယ်မငဲ့ကွက်ဘဲ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ခြင်းတို့ကြောင့် ကျပ်ငွေသိန်းလေးသောင်းခန့်အား ဓားပြတိုက် လုယက်ယူဆောင်ခဲ့သည့် ဖြစ်စဉ်တစ်ခုလုံးကို ၉ နာရီအတွင်း လုယက်ခံရသည့် ဘဏ်ငွေများနှင့် အခြားဆက်စပ် လက်နက်များကိုပါ ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ရာဇဝတ်မှုကြီးအား မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် အချိန်တိုအတွင်း ဖော်ထုတ် ဖမ်းဆီးပေးကြသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပဲခူးမြို့နှင့် ပတ်ဝန်းကျင်ရှိ ပြည်သူလူထုတို့က မြို့ရွာလုံခြုံရေးတို့အတွက် ယခင်ကထက် အားကိုးယုံကြည်မှု ပိုမိုတိုးတက်လာကြောင်းလည်း သိရှိရပါသည်။

## PDF အကြမ်းဖက်အဖွဲ့ဝင်များ

ဓားပြတိုက်သည့် ဖြစ်စဉ်အား ပဲခူး PDF အကြမ်းဖက်အဖွဲ့ မြို့နယ်တာဝန်ခံ မျိုးကိုက စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ဖမ်းဆီးရမိ တရားခံများမှာ PDF အကြမ်းဖက်အဖွဲ့ဝင်များဖြစ်ပြီး တရားခံ အောင်ပြည့်ခန့်မှာ ရောဝတီဘဏ်၊ ပဲခူးဘဏ်ခွဲမှ CDM ပြုလုပ်လျက်ရှိသော ရုံးအကူဝန်ထမ်း ဖြစ်ကြောင်း သိရှိရသည်။

ယခုဘဏ်ငွေ ဓားပြတိုက် လုယက်မှုဖြစ်စဉ်နှင့် NUG အကြမ်းဖက်အဖွဲ့မှ D-Day ကြေညာခြင်းအပါအဝင် အခြားသော အကြမ်းဖက်လုပ်ရပ်များ ယခုရက်ပိုင်းအတွင်း ပိုမိုလုပ်ဆောင်လာနေခြင်းသည် စက်တင်ဘာလ ၁၄ ရက်တွင် စတင်ကျင်းပမည့် ကမ္ဘာ့ကုလသမဂ္ဂ၏ (၇၆) ကြိမ်မြောက် အထွေထွေညီလာခံနှင့် တိုက်ဆိုင်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း နိုင်ငံရေး၊ စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာများ စသည့် အထွေထွေတည်ငြိမ်မှု မရှိကြောင်း အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံ့ခေါင်းဆောင်များက သတိပြုမိကြစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသည့် နိုင်ငံရေး အောက်လမ်းနည်းတစ်ခုသာ ဖြစ်သည်။

ယခုကဲ့သို့ ဘဏ်ငွေ ဓားပြတိုက် လုယက်မှုကြီးအား ၉ နာရီအတွင်း ဖော်ထုတ်နိုင်ခဲ့ခြင်းမှာ သက်ဆိုင်ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် တာဝန်သိ ပြည်သူများ၏ စည်းစည်းလုံးလုံးဖြင့် ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်သည့် ရလဒ်အဖြစ် ၎င်းတို့၏ ရည်ရွယ်လုပ်ဆောင်မှုများအပေါ် ချေဖျက်နိုင်ခဲ့သည့် ပြယုဂ်တစ်ခုလည်း ဖြစ်စေခဲ့သည်။


အဆိုပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၁၁ သို့*



ဖမ်းဆီးရမိသည့် တရားခံများနှင့် သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်း၊ ငွေကြေးနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## ပဲခူးမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် (၂၅/၅) နေရာ၌ ဧရာဝတီဘဏ်မှ ငွေသယ်ယာဉ် နှစ်စီးအား ဓားပြတိုက်သည့် ဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် တရားခံများ




❂ *ကျောဖုံးမှ*

ဖော်ထုတ်ရရှိသဖြင့် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ထပ်မံစစ်ဆေးရှာဖွေမှုများ ပြုလုပ်ခဲ့ရာ ဆွမ်းစားဆောင်အတွင်း လျှို့ဝှက်သိမ်းဆည်းထားသည့် Remington Model 700 အမျိုးအစား ပြောင်းချောသေနတ်တစ်လက်နှင့် ငွေကျပ် သိန်း ၅၅၀ အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဘဏ်ငွေဓားပြတိုက်မှုဖြစ်စဉ်တွင် စက်တင်ဘာ ၁၃ ရက် ည ဖမ်းဆီးရမိ တရားခံများအပါအဝင် တရားခံ အမျိုးသားရှစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၂ ဦး၊ M-79 ဗုံးပစ်လောင်ချာတစ်လက်၊ AK-47 သေနတ် နှစ်လက်၊ ၎င်းကျည်အိမ်လေးခု၊ ၎င်းကျည် အတောင့် ၂၂၀၊ MK-12 သေနတ် ခြောက်လက်၊ ၎င်းကျည်အိမ် မျိုးစုံ ၁၂ ခု၊ Remington model 700 အမျိုးအစား ပြောင်းချော သေနတ်တစ်လက်၊ လက်ပစ်ဗုံး တစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့် ဓားပြတိုက်ရာတွင် ယူဆောင်သွားခဲ့သောငွေများမှ စုစုပေါင်းငွေကျပ်သိန်း ၃၉၄၁၀ အား ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် သိမ်းဆည်းရမိ လက်နက်/ခဲယမ်းများနှင့် ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် (၆၅) နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးနှင့် ဆေးပစ္စည်းများကို တပ်မတော် လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ခေမာသီဝံကျောင်းတိုက်ရှိ သံဃာတော် ၁၅ ပါးကိုလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ် လွိုင်ဆောင်ထောက် ကျေးရွာရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၄၅၀ တို့ကိုလည်းကောင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၀၄၅၄ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၄၃၂ ဦးတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၂၀၉ ဦးတို့ကို လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ သံဃာတော်များ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၈၁၇ ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၉၀ တို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ သံဃာတော်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၁၀၃၀ တို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၁၅၅၀ တို့ကိုလည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

လွတ်မြောက်ဆဲ ဓားပြတရားခံများကိုလည်း အမြန်ဆုံးဖမ်းဆီးရမိရေး ကြိုးပမ်းလျက်ရှိပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**

## အကြမ်းဖက်သမားများက ကလေးမြို့နယ် ကျောက်ပြုတ်ကျေးရွာရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများနှင့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့သတ်ဖြတ်

**နေပြည်တော် စက်တင်ဘာ ၁၄**

အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG ၊ CRPH ၊ PDF အဖွဲ့များသည် တရားဥပဒေစိုးမိုးရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်ချက်များဖြင့် အုပ်စုဖွဲ့အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်လျက်ရှိရာ စက်တင်ဘာ ၁၁ ရက် ည ၁၀ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျောက်ပြုတ်ကျေးရွာသို့ အကြမ်းဖက်သူအင်အား ၅၀ ခန့်က တူမီးသေနတ်နှင့် လက်လုပ်သေနတ်များဖြင့် ဝင်ရောက်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အကြမ်းဖက် သမားများသည် ကျေးရွာအတွင်းရှိ ရတနာရောင်ခြည် ဘုန်းတော်ကြီးကျောင်းကို သေနတ်များဖြင့် ပစ်ခတ်ခဲ့ပြီး ကျေးရွာအတွင်းရှိ လူနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ရာ **(ယာပုံ)** အိမ်ခြေ ၂၅ လုံးခန့် မီးလောင်ကျွမ်းခဲ့ကြောင်းနှင့် ကျေးရွာနေ ဖိုးလွင် (၂၆ နှစ်) (ဘ) ဦးကျော်လွင်၊ မောင်မိုး (၃၀ နှစ်) (ဘ) ဦးမောင်အေး တို့ကို ဖမ်းဆီးခေါ်ဆောင်၍ ကျောက်စီကျေးရွာအနီး၌ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။



အဆိုပါဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် အကြမ်းဖက်သမားများကို ဖမ်းဆီးရမိရေးနှင့် ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစုံစမ်း ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အစ္စရေးဝန်ကြီးချုပ်နှင့် အီဂျစ်သမ္မတတို့ ပထမဆုံးအကြိမ်တွေ့ဆုံ

ဂျေရုဆလင် စက်တင်ဘာ ၁၄

**အီဂျစ်သမ္မတ အဗ္ဗဒူလ်ဖက်တာအယ်စီစီသည် အစ္စရေးဝန်ကြီးချုပ် နာ့ဖ်တလီဘန်နက်ကို ကြိုဆိုခဲ့ပြီး ပါလက်စတိုင်းအရေးနှင့် ဂါဇာကမ်းမြောင်ဒေသရှိ အခြားသောပြဿနာများကို ဆွေးနွေးခဲ့ကြသည်။ မစ္စတာဘန်နက်သည် ဆယ်စုနှစ်တစ်စုအတွင်း အီဂျစ်နိုင်ငံသို့ အလည်အပတ်လာသည့် ပထမဆုံး အစ္စရေးဝန်ကြီးချုပ် ဖြစ်သည်။**

၎င်းတို့နှစ်ဦးသည် အရှေ့ပိုင်းအပန်းဖြေမြို့ဖြစ်သည့် ရှမ်အယ်ရှိတ်ခ်တွင် စက်တင်ဘာ ၁၃ ရက်က တွေ့ဆုံခဲ့ကြသည်။ အစ္စရေးနှင့် ပါလက်စတိုင်း ဟားမားစ်အုပ်စုတို့အကြား ပြင်းထန်သည့်တိုက်ပွဲများ ဖြစ်ပွားခဲ့စဉ်က အီဂျစ်နိုင်ငံသည်ကြားဝင်စေ့စပ်ပေးခဲ့သည်။

သို့သော်လည်း ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ဟားမားစ်တို့သည် အစ္စရေးဘက်သို့ ဒုံးကျည်များ ပစ်ခတ်ခဲ့ပြီး အစ္စရေးတပ်ဖွဲ့များကလည်း ဂါဇာဒေသတွင် လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

အပစ်အခတ်ရပ်စဲရေးအတွက် အီဂျစ်နိုင်ငံက ဆက်လက်ကြိုးပမ်းသွားမည်ဟု အီဂျစ်သမ္မတ စီစီက ပြောသည်။ ဂါဇာဒေသတွင် ငြိမ်းချမ်းရေးကို သယ်ဆောင်လာကာ ပါလက်စတိုင်းဒေသသို့ စီးပွားရေးဆိုင်ရာ ကူညီပေးမှုများ ပြုလုပ်သွားမည်ဟု ပြောသည်။

ခေါင်းဆောင်နှစ်ဦး၏ ပထမဆုံး လူသိရှင်ကြား တွေ့ဆုံပွဲပြုလုပ်မှုမှာ ပါလက်စတိုင်းနယ်မြေများတွင် ငြိမ်းချမ်းရေးကို ကူညီပေးရန် ရည်ရွယ်သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**



အစ္စရေးဝန်ကြီးချုပ် နာ့ဖ်တလီဘန်နက် (ဝဲ)နှင့် အီဂျစ်သမ္မတ အဗ္ဗဒူလ်ဖက်တာ အယ်စီစီတို့ စက်တင်ဘာ ၁၃ ရက်က တွေ့ဆုံကြစဉ်။



ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်။

# အာဖဂန်နစ္စတန်အတွက် အမေရိကန် ဒေါ်လာတစ်ဘီလီယံ ကူညီသွားမည်ဟု နိုင်ငံများကတိပြု

**ဂျီနီဗာ စက်တင်ဘာ ၁၄**

အာဖဂန်နစ္စတန်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးနိုင်ရန်အတွက် ညီလာခံကျင်းပခဲ့သည်။ အဆိုပါညီလာခံတွင် တက်ရောက်ခဲ့ကြသည့်နိုင်ငံများက စုစုပေါင်းတစ်ဘီလီယံကျော် ကူညီပေးမည်ဟု ကတိပြုခဲ့သည်။ တစ်ကမ္ဘာလုံးအနှံ့မှအစိုးရအရာရှိများသည် ဂျီနီဗာမြို့တွင် ပြုလုပ်သည့် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

အာဖဂန်နစ္စတန်သည် နှစ်ပေါင်းများစွာ စစ်ပွဲဒဏ်ကို ခံစားရပြီးနောက် ဘေးအန္တရာယ်ဖြစ်ဖွယ် အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ဖိလစ်ပိုဂရန်ဒီကလည်း ကဘူးလ်မြို့တွင် ရောက်ရှိနေပြီး အွန်လိုင်းမှတစ်ဆင့် အဆိုပါအစည်းအဝေးတွင် တက်ရောက်ခဲ့သည်။

အစည်းအဝေးအတွင်း အမေရိကန်ပြည်ထောင်စုသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအတွက် ဒေါ်လာ ၆၄ သန်း အကူအညီပေးသွားမည်ဟု ကတိပြုခဲ့သည်။ သို့သော်လည်း တာလီဘန်များက အာဖဂန်နစ္စတန်ကို ထိန်းချုပ်ထားသည့်အတွက် စိုးရိမ်မှုများရှိနေသည်ဟု ဖော်ပြခဲ့ကြသည်။

တရုတ်နိုင်ငံကလည်း အာဖဂန်နစ္စတန်သို့ အစားအသောက်၊ ကာကွယ်ဆေးနှင့် အခြားသောထောက်ပံ့ပစ္စည်းများ ပေးပို့သွားမည်ဟု ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံသည်လည်း နောက်ထပ်အကူအညီများပေးရန် ဒေါ်လာ ၆၅ သန်း အဆင်သင့်ဖြစ်သည်ဟု ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်မှုများ ၈ ဒသမ ၀၄ သန်း နားနီးကပ်လာ

**အဒစ္စအဘာဘာ စက်တင်ဘာ ၁၄**

အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ စက်တင်ဘာ ၁၃ ရက်မွန်းလွဲပိုင်းတွင် ၈၀၃၉၆၄၇ ဦးအထိ ရှိလာခဲ့သည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။ အာဖရိကတွင် ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၇၃၂၈၆၅၆ ဦး ရှိသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံတို့မှာ အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ကူးစက်မှု အများဆုံးနိုင်ငံများဖြစ်ကြသည်။ နေ့စဉ်ကူးစက်မှုများအရ တောင်အာဖရိကနိုင်ငံသည် ကူးစက်မှုအများဆုံးဖြစ်ပြီး ယင်းနောက်တွင် အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့၌ ကူးစက်မှုအများဆုံးပင်ဖြစ်သည်။

ဗဟိုအာဖရိကမှာ ကူးစက်မှုအနည်းဆုံးဖြစ်သည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

**ဆင်ဟွာ**

# ယီမင်နိုင်ငံ ဟိုဒေးဒါး၌ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ၁၅ ဦး ဒဏ်ရာရ

**အေဒင် စက်တင်ဘာ ၁၄**

ယီမင်နိုင်ငံ ပင်လယ်နီဆိပ်ကမ်းမြို့ဖြစ်သည့် ဟိုဒေးဒါးမြို့၌ မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အစိုးရအရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောသည်။ ဟူသီသူပုန်များ မြှုပ်နှံထားသည့် မိုင်းကြောင့် လူ ၁၅ ဦး လိုက်ပါလာသည့် မော်တော်ယာဉ်တစ်စီး ထိခိုက်မိခဲ့သည်။

အဆိုပါကားပေါ်တွင် အမျိုးသမီးနှင့် ကလေးများပါဝင်သည်ဟု ဒေသခံအစိုးရသတင်းအရင်းအမြစ်က ပြောသည်။ ပေါက်ကွဲမှုအပြီးတွင် ဒေသခံများနှင့် အစိုးရဘက်မှတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာနေရာသို့ အလျင်အမြန်ရောက်ရှိခဲ့ပြီး ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံများသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ယီမင်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် မြေမြှုပ်မိုင်းအများဆုံးရှိသည့်နေရာထဲမှ တစ်ခုဖြစ်လာကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းက ပြောသည်။ အီရန်တို့နှင့် မဟာမိတ်ပြုလုပ်ထားသည့် ဟူသီသူပုန်များသည် ယီမင်နိုင်ငံမြောက်ပိုင်းပြည်နယ်များကို သိမ်းယူထားသည်။

**ဆင်ဟွာ**

# မလေးရှားနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၁၆၀၇၃ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၁၄** မလေးရှားနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၆၀၇၃ ဦး ထပ်မံတွေ့ရှိခဲ့ပြီး တစ်နိုင်ငံလုံးအနှံ့ စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၁၉၈၅၇၇၁ ဦးရှိသည်ဟု သိရသည်။ နောက်ထပ်ကူးစက်ခံရသူများအနက် ၂၁ ဦးမှာ ပြည်ပမှ ကူးစက်ခံလာရသူများဖြစ်ပြီး ဒေသတွင်း ကူးစက်ခံရသူ ၁၆၀၅၂ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ နှင့် ဆက်စပ်ပြီးနောက် ထပ်မံသေဆုံးသူ ၄၁၃ ဦး တိုးလာသည့်အတွက် သေဆုံးသူ စုစုပေါင်းမှာ ၂၁၁၂၄ ဦးရှိသည်။ လက်ရှိတွင် ရောဂါခံစားနေရသူ ၂၂၈၁၂၄ ဦးရှိပြီး ၁၃၀၁ ဦးမှာ အထူးကြပ်မတ် ကုသဆောင်တွင် ကုသမှုခံယူနေရသည်။ ၎င်းတို့ထဲမှ ၆၈၇ ဦးမှာ အသက်ရှူအထောက်အကူပြု ကိရိယာ တပ်ဆင်ထားရသည်။

စက်တင်ဘာ ၁၃ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၂၂၇၁၄၇ ကို ထိုးနှံပေးခဲ့ပြီး တစ်ကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၆၆ ရာခိုင်နှုန်းရှိသည်။ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူ ၅၃ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

**ဆင်ဟွာ**



မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ဆေးစစ်ပေးနေစဉ်။

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ၂၅၄၀၄ ဦး ကူးစက်

**နယူးဒေလီ စက်တင်ဘာ ၁၄**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၂၅၄၀၄ ဦး ရှိလာသောကြောင့် စက်တင်ဘာ ၁၄ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်သူပေါင်း ၃၃၂၈၉၅၇၉ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၃၃၉ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၄၃၂၁၃ ဦးအထိ ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှု အများဆုံးမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာ ပြည်နယ်ဖြစ်သည်။ နိုင်ငံအတွင်း လတ်တလော ကိုဗစ်-၁၉ ကူးစက်လျက်ရှိသူ ၃၆၂၀၇ ဦးအထိ ရှိလာပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်သူ ၁၂၀၆၂ ဦးအထိ လျော့နည်းလာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူ စုစုပေါင်း ၃၂၄၈၄၁၅၉ ဦး ရှိပြီဖြစ်သည်။ အဆိုပါပမာဏအနက် လွန်ခဲ့သော ၂၄ နာရီအတွင်း ဆေးရုံမှ ဆင်းလာသူ ၃၇၁၂၇ ဦး ရှိသည်။

ဆင်ဟွာ



အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတရာပရာဒေ့ရှ်ပြည်နယ် ပရာယာဂရက်ဂျ်ဒေသရှိ အစိုးရဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေစဉ်။

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၂၀၀၀ အောက်ကျဆင်း



ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Central World ဈေးဝယ်ကုန်တိုက်ရှိ အရောင်းဝန်ထမ်းတစ်ဦး။

**ဘန်ကောက် စက်တင်ဘာ ၁၄**

ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၁၄ ရက်က ကိုဗစ်-၁၉ ထပ်မံ ကူးစက်သူ ၁၁၇၈၆ ဦးရှိလာပြီး ၁၃၆ ဦး ထပ်မံသေဆုံးကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေး စင်တာ (စီစီအက်စ်အေ) ၏ ဖော်ပြချက်အရ သိရသည်။

စနေနေ့က ကိုဗစ်-၁၉ ကူးစက်သူ ၁၅၀၀၀ ကျော် ရှိလာခဲ့ကြောင်း ဖော်ပြပြီးနောက် ထပ်မံကူးစက်ခံရသည့် ကိုဗစ်-၁၉ အတည်ပြုလူနာ အရေအတွက်မှာ သုံးရက်ဆက်တိုက် ကျဆင်းလာခဲ့သည်။ ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်သူများအနက် ၂၇၈၈ ဦးမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဗဟိုချက်နေရာ ဖြစ်သည့် ထိုင်းနိုင်ငံ ဘန်ကောက်မှဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်မှုမှ ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၁၄၇၃၈ ဦး ရှိကြောင်း စီစီအက်စ်အေက ဖော်ပြခဲ့သည်။ အဆိုပါပမာဏသည် ကိုဗစ်-၁၉ ထပ်မံကူးစက်မှုပမာဏထက် ၃၀၀၀ ကျော်ရှိသည်။

လွန်ခဲ့သော နှစ်စပိုင်း ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁၄၀၆၅၄၂ ဦးရှိပြီး စုစုပေါင်းသေဆုံးသူ ၁၄၆၂၀ ဦး ရှိသည်။

ဖေဖော်ဝါရီ ၂၈ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ စုစုပေါင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၄၀ ဒသမ ၉ သန်းကျော်ရှိသည်။

ထိုင်းနိုင်ငံလူဦးရေ၏ ၁၈ ရာခိုင်နှုန်းခန့်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးပြီဖြစ်သည်။ ယခုနှစ်ကုန်တွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး လွှမ်းခြုံထိုးပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ၂၅၀ ထပ်မံသေဆုံး

**ဂျကာတာ စက်တင်ဘာ ၁၄**

အင်ဒိုနီးရှားနိုင်ငံတွင် စက်တင် ဘာ ၁၄ ရက်က ကိုဗစ်-၁၉ ထပ်မံ ကူးစက်သူ ၄၁၂၈ ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၄၁၇၄၂၁၆ ဦး အထိရှိပြီး ကိုဗစ်-၁၉ ကြောင့် ၂၅၀ ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၃၉၄၁၅ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၁၁၂၄၆ ဦး ရှိသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၃၉၄၂၄၇၄ ဦး ရှိသည်။ စက်တင်ဘာ ၁၄ ရက်က အင်ဒိုနီးရှားနိုင်ငံသည် ကိုဗက်အစီအစဉ်မှတစ်ဆင့် တရုတ်နိုင်ငံထုတ် အသင့်သုံးဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေး နောက်ထပ်တစ်သုတ်ကို ထပ်မံရရှိခဲ့သည်။

ယနေ့အချိန်အထိ လူပေါင်းအနည်းဆုံး ၄၂ ဒသမ ၅၆ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်းသိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၇၄ ဒသမ ၂၅ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ကြေညာလိုက်သည်။ အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေး ထိုးပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၀၅၀၈ ဦးထပ်တိုး

**ဟန်နွိုင်း စက်တင်ဘာ ၁၄**

ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာ ၁၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၀၅၀၈ ဦး ရှိလာကြောင်း ဖော်ပြခဲ့ပြီး ပြည်ပကူးစက်သူ ၁၂ ဦးနှင့် ပြည်တွင်းကူးစက်သူ ၁၀၄၉၆ ဦး ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်မှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၆၃၅၀၅၅ ဦး အထိရှိပြီး ၁၅၉၃၆ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက် ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းမြို့မှ ၆၃၁၂ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၂၁၇၈ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၇၇၇ ဦးတို့ ဖြစ်ကြသည်။

ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကျန်းမာလာသူ ၃၉၈၄၆၆ ဦးရှိပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပြီးသူပေါင်းမှာလည်း ၃၀ ဒသမ ၃ သန်း ကျော်လွန်လာပြီဖြစ်သည်။ စက်တင်ဘာ ၁၄ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၆၃၀၆၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ဆင်ဟွာ

# ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်လာတဲ့ အမေရိကန်နှင့်ဗြိတိန်

◇◇◇◇◇◇◇◇◇◇◇◇ **ကေကေစိုး** ◇◇◇◇◇◇◇◇◇◇◇◇



နယူးယောက်မြို့ အော်ကူလပ်စ်စင်တာအတွင်း သွားလာနေကြသူများကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးမှုကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး တတိယအကြိမ် ကာကွယ်ဆေးထိုးပေးရန်လည်း ဆောင်ရွက်လျက်ရှိသည်။

**မီးမောင်းထိုးပြလျက်ရှိ**

ပြီးခဲ့သည့်သီတင်းပတ်များအတွင်း ကာကွယ်ဆေးမထိုးရသေးသူများတွင် ဒယ်လ်တာဗိုင်းရပ်စ်ကူးစက်မှုများ ဖြစ်ပေါ်ခဲ့သည်။ အမေရိကန်တွင် ဒယ်လ်တာကူးစက်မှုကြောင့် အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်များတွင် ကူးစက်မှုများနေသည်။ ထို့ကြောင့် ကာကွယ်ဆေးမထိုးရသေးသူများတွင် အန္တရာယ်များကြောင်း မီးမောင်းထိုးပြလျက်ရှိသည်။

**ကာကွယ်ဆေးထိုးပြီးသူများတွင် သေဆုံးမှုနည်း**

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ အကြမ်းဖျင်းအားဖြင့် ၆၆၀၀၀၀ ရှိပြီး မကြာမီအချိန်အတွင်း အမေရိကန်တွင် ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူ ၆၇၅၀၀၀ ရှိလာနိုင်သည်ဟု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။ သက်ကြီးရွယ်အိုများကြားတွင် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေးမှုအများဆုံးဖြစ်ပြီး သေဆုံးမှုနှုန်းလည်း လျော့ကျသည်။ ကာကွယ်ဆေးထိုးနှံမှုနှုန်း နည်းပါးသည့် လူငယ်များအကြားတွင် သေဆုံးမှုနှုန်းမြင့်လာသည်။ ထို့ကြောင့် ကပ်ရောဂါကို ထိန်းချုပ်နိုင်ရေးအတွက် လူပေါင်းများစွာကို ကာကွယ်ဆေးထိုးပေးရန် လိုအပ်သည်ဟု ကျွမ်းကျင်သူများက ပြောသည်။

**အချိန်ယူရဦးမည်**

ကာကွယ်ဆေးမထိုးထားသူများကြားတွင် ကိုဗစ် –၁၉ ကြောင့် သေဆုံးမှုနှုန်း မြင့်လျက်ရှိသည်။ ကာကွယ်ဆေးမထိုးရသူများတွင် ကူးစက်မှုနှုန်းမှာ ၄ ဒသမ ၆ ဆပိုမိုများပြားကြောင်း စီဒီစီ၏ လေ့လာမှုအရ သိရသည်။ ကာကွယ်ဆေးမထိုးရသေးသူများတွင် ဆေးရုံတက်ရမှုနှုန်းမှာ ၁၀ ဆရှိပြီး သေဆုံးမှုနှုန်းမှာ ၁၁ ဆ ရှိသည်ဟု သိရသည်။ ကိုဗစ်– ၁၉ မှာ တစ်ချိန်ချိန်ရောက်လျှင် သာမန်အဖျားရောဂါကဲ့သို့ ဖြစ်လာနိုင်ဖွယ်ရှိသည်ဟုလည်း ဝေါစထရိဂျာနယ်တွင် ရောဂါဗေဒပညာရှင်နှင့် ကူးစက်ပညာရှင်တို့၏ ပြောကြားချက်ကို ကိုးကားဖော်ပြထားသည်။ သို့သော်လည်း ယင်းအခြေအနေသို့ရောက်ရန် အချိန်ယူရဦးမည်ဖြစ်သည်။

**လူနာများနှင့် ပြည့်နှက်လျက်ရှိ**

ဒယ်လ်တာဗိုင်းရပ်စ်၏ ကူးစက်မှုမြန်ဆန်ခြင်းကြောင့်လည်း ဆေးရုံများတွင် လူနာများနှင့်ပြည့်နှက်လျက်ရှိသည်။ အမေရိကန်ရှိ အချို့သောပြည်နယ်များတွင်ကူးစက်မှုများ လျော့လာသော်လည်း အချို့သောပြည်နယ်များတွင်မူ ကူးစက်မှုများ များပြားလျက်ရှိသည်။ ကိုဗစ်– ၁၉ ကူးစက်မှုများ လျော့ကျစေရေး လူဘယ်လောက်များများ ကာကွယ်ဆေးထိုးပြီးကြောင်းနှင့် ဘယ်လောက်မြန်မြန် ထိုးပြီးမလဲဆိုသည့်အပေါ်တွင်မူတည်သည်ဟု နယူးယောက်မြို့ အိုင်ခန်ဆေးကျောင်းမှ တစ်ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးဒါရိုက်တာ အဒေ့ါဖို ဂရေစီရ ဆက်စထရာက ပြောသည်။

**မဆုံးဖြတ်ရသေး**

အကယ်၍ပြည်သူများကို ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ပေး၍ ကာကွယ်ဆေးထိုးရန် မစည်းရုံးနိုင်ပါက စာသင်ကျောင်းများနှင့် ကုမ္ပဏီလုပ်ငန်းများတွင် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးရန် အမိန့်ထုတ်ပြန်ခြင်းလိုအပ်လာမည်ဟု ခ‌ၐတ်မတည့်မှုနှင့် ကူးစက်ရောဂါအင်စတီကျုမှ ညွှန်ကြားရေးမှူး အန်သိုနီဖောင်ချီက ပြောသည်။ ကိုဗစ် –၁၉ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးပြီးသားသူများကိုလည်း လာမည့်သီတင်းပတ်အတွင်း တတိယအကြိမ်ကာကွယ်ဆေးထိုးပေးရန် စတင်နိုင်မည်ဖြစ်သော်လည်း မည်သည့်အသက်အရွယ် အပိုင်းအခြားကို ထိုးနှံပေးမည်ဖြစ်ကြောင်း မဆုံးဖြတ်ရသေးချေ။

**၆၃ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးထိုးပြီးဖြစ်**

တတိယအကြိမ်ကာကွယ်ဆေးကို လွန်ခဲ့သည့်ရှစ်လတွင် မော်ဒါနာနှင့် ဖိုက်ဇာကာကွယ်ဆေး ထိုးပြီးသူ မည်သူကိုမဆို ထိုးပေးရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။ လက်ရှိအမေရိကန်ပြည်ထောင်စုတွင် အသက် ၁၂ နှစ်နှင့်အထက်များကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးပြီး ၆၃ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအပြည့် ထိုးပြီးဖြစ်ကြောင်း စီဒီစီ၏ အချက်အလက်များအရ သိရသည်။

**ကာကွယ်ဆေးထိုးပေးမည်**

အမေရိကန်တွင် ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ကိုင်ပေးနေသကဲ့သို့ ဗြိတိန်နိုင်ငံတွင်လည်း ကာကွယ်ဆေးထိုးပေးနိုင်သည့် အသက်အရွယ်အပိုင်းအခြားကို တိုးချဲ့ခဲ့သည်။ အသက် ၁၂ နှစ်နှင့် ၁၅ နှစ်ကြား ကလေးများကိုပါ ကာကွယ်ဆေးထိုးပေးတော့မည်ဟု စက်တင်ဘာ ၁၃ ရက်တွင် ဗြိတိန်နိုင်ငံက ကြေညာခဲ့သည်။ ဆေးဘက်ဆိုင်ရာ ထိပ်တန်းအကြီးအကဲလေးဦး၏ အကြံပြုချက်ရပြီးနောက် ယခုလိုကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**စိုးရိမ်ပူပန်လျက်ရှိ**

ဗြိတိန်နိုင်ငံသည် ကိုဗစ် –၁၉ ဆိုးဆိုးရွားရွား ထိခိုက်ခံစားရသည့် နိုင်ငံဖြစ်ပြီး ကိုဗစ်– ၁၉ နှင့် ဆက်စပ်ပြီးသေဆုံးသူ ၁၃၄၀၀၀ ကျော်ရှိသည်။ အောင်မြင်သည့် ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်ပြုလုပ်နေသော်လည်း ဗီဇပြောင်းဒယ်လ်တာကြောင့် ကူးစက်မှုများမှာ ဆက်လက်များပြားနေဆဲဖြစ်သည်။ နွေရာသီကျောင်းပိတ်ရက်အပြီး ကျောင်းများ ပြန်ဖွင့်တော့မည်ဖြစ်ရာ အာဏာပိုင်များ စိုးရိမ်ပူပန်မှုများ မြင့်မားလျက်ရှိသည်။

**ထောက်ခံချက်ရထားပြီးဖြစ်**

ကာကွယ်ဆေးထိုးပေးသည့် အသက်အရွယ်အပိုင်းအခြားကို အသက် ၁၂ နှစ် မှ ၁၅နှစ် ကြားတိုးချဲ့ရန် ကျန်းမာရေးဆိုင်ရာ အကြီးအကဲထံမှ ထောက်ခံချက်ရရှိပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် လူငယ်များရောဂါကူးစက်ခံရမည်ကို အကာအကွယ်ပေးသကဲ့သို့ ကျောင်းများတွင်လည်း ကူးစက်မှုလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထိုအခါ ကလေးများ စာသင်ခန်းအတွင်း ပညာဆက်လက်သင်ကြားနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဆာဂျစ်ဂျာဗစ်က ပြောသည်။ ကျောင်းများတွင် ကာကွယ်ဆေးထိုးပေးမည်ဖြစ်ပြီး ကလေးပေါင်း သုံးသန်းဝန်းကျင် ကာကွယ်ဆေးထိုးပေးရန် မျှော်မှန်းထားသည်။

**စာသင်ကျောင်းများတွင် ကူးစက်မှုလျှော့ချနိုင်မည်**

အင်္ဂလန်၊ စကော့တလန်၊ ဝေးလ်လနယ်နှင့် မြောက်အိုင်ယာလန်တို့ရှိ ဆေးဘက်ဆိုင်ရာ အရာရှိများအဖွဲ့ အကြီးအကဲကမူ အသက် ၁၂ နှစ်နှင့် ၁၅ နှစ်ကြား ကလေးများကို ကာကွယ်ဆေးထိုးပေးခြင်းဖြင့် စာသင်ကျောင်းများတွင် ရောဂါကူးစက်မှုနှုန်းကို လျှော့ချပေးနိုင်မည်ဖြစ်သည်ဟုပြောသည်။ ကလေးပေါင်းသုံးသန်းနီးပါးခန့်မှာ ဖိုက်ဇာ ကိုဗစ်– ၁၉ ကာကွယ်ဆေးကို ပထမဆုံးအကြိမ်အဖြစ် ထိုးနှံခွင့်ရရှိမည်ဖြစ်သည်။ ဗြိတိန်နိုင်ငံ၌ လူငါးဦးတွင် လေးဦးမှာ ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပြီးဖြစ်ပြီး မကြာမီအချိန်အတွင်း အသက် ၁၆နှစ်နှင့် ၁၇ နှစ်ကြား ထက်ဝက်ကျော်မှာလည်း ပထမဆုံးအကြိမ် ကာကွယ်ဆေးထိုးပြီးမည်ဖြစ်သည်။ ။

**ကိုးကား – အေအက်ဖ်ပီ၊ ဆင်ဟွာ**

❖ ဗြိတိန်နိုင်ငံတွင်လည်း ကာကွယ်ဆေးထိုးပေးနိုင်သည့် အသက်အရွယ်အပိုင်းအခြားကို တိုးချဲ့ခဲ့သည်။ အသက် ၁၂ နှစ်နှင့် ၁၅ နှစ်ကြား ကလေးများကိုပါ ကာကွယ်ဆေးထိုးပေးတော့မည်ဟု စက်တင်ဘာ ၁၃ ရက်တွင် ဗြိတိန်နိုင်ငံက ကြေညာခဲ့သည်။ ဆေးဘက်ဆိုင်ရာ ထိပ်တန်းအကြီးအကဲလေးဦး၏ အကြံပြုချက်ရပြီးနောက် ယခုလို ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

◆ *ကျောဖုံးမှ*

- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၃–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၄–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၄,၈၂၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၄၂၁)ဦးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၀၀၂,၈၄၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၄၃၆,၅၂၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၄၃၀) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၈၅,၈၇၀)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၇၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၆,၆၉၃)ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၄–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၃၄)ခု | (၇၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၂)ခု | (၁၀)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၇၃)ခု | (၇)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၉၆)ခု | (၁၀၃)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၆၄)ခု | (၁၂၉)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၁၇)ခု | (၁၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၀၉၄)ခု | (၂၀၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၁,၃၉၂)ခု | (၁,၈၈၈)ဦး |
| စုစုပေါင်း | (၂၄,၈၂၂)ခု | (၂,၄၂၁)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၄- ၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၂၁၄၀၁၀၃ | ၃၂၀၆၂၉၀၅ | ၆၈၀၂၇၄ |
| ၂။ | အိန္ဒိယ | ၃၃၂၈၉၅၇၉ | ၃၂၄၈၄၁၅၉ | ၄၄၃၂၄၇ |
| ၃။ | ဘရာဇီး | ၂၁၀၀၆၄၂၄ | ၂၀၀၇၆၇၃၃ | ၅၈၇၁၃၈ |
| ၄။ | ဗြိတိန် | ၇၂၅၆၅၅၉ | ၅၈၁၇၇၉၅ | ၁၃၄၂၆၁ |
| ၅။ | ရုရှား | ၇၁၇၆၀၈၅ | ၆၄၁၈၀၃၃ | ၁၉၄၂၄၉ |
| ၆။ | ပြင်သစ် | ၆၉၀၇၁၃၃ | ၆၅၃၄၀၂၇ | ၁၁၅၆၀၃ |
| ၇။ | တူရကီ | ၆၆၈၂၈၆၄ | ၆၁၇၂၇၁၄ | ၆၀၁၁၇ |
| ၈။ | အီရန် | ၅၃၄၀၆၅၆ | ၄၆၂၇၀၂၇ | ၁၁၅၁၆၇ |
| ၉။ | အာဂျင်တီးနား | ၅၂၂၆၈၃၁ | ၅၀၇၈၅၉၁ | ၁၁၃၆၄၀ |
| ၁၀။ | ကိုလံဘီယာ | ၄၉၃၁၅၆၃ | ၄၇၆၉၆၁၇ | ၁၂၅၆၈၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၄- ၉ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၇၄၂၁၆ | ၃၉၄၂၄၇၃ | ၁၃၉၄၁၅ |
| ဖိလစ်ပိုင် | ၂၂၆၆၀၆၆ | ၂၀၅၂၈၆၇ | ၃၅၅၂၉ |
| မလေးရှား | ၁၉၉၅၇၇၁ | ၁၇၄၆၅၂၃ | ၂၁၁၂၄ |
| ထိုင်း | ၁၄၀၆၅၄၂ | ၁၂၆၂၈၉၆ | ၁၄၆၂၁ |
| ဗီယက်နမ် | ၆၂၄၅၄၇ | ၃၈၅၇၇၈ | ၁၅၆၆၀ |
| မြန်မာ | ၄၃၆၅၂၇ | ၃၈၅၈၇၀ | ၁၆၆၉၃ |
| ကမ္ဘောဒီးယား | ၁၀၀၇၉၀ | ၉၄၉၀၄ | ၂၀၅၈ |
| စင်ကာပူ | ၇၂၂၉၄ | ၆၈၄၃၅ | ၅၈ |
| လာအို | ၁၇၆၈၂ | ၅၅၆၈ | ၁၆ |
| ဘရူနိုင်း | ၄၄၃၁ | ၂၈၅၆ | ၂၁ |

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၃ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၅ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၀ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ကိုးဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၁၈ ဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၀၆ ဦး၊ အမျိုးသမီး ၁၀၁ ဦး စုစုပေါင်း ၂၀၇ ဦးတို့ကိုလည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ဆေးလိပ်နဲ့ ဆေးရွက်ကြီးသုံးစွဲသူတွေဟာ ကိုဗစ် - ၁၉ ခံစားရရင် ပိုပြီး ဆိုးဆိုးရွားရွား ဖြစ်စေနိုင်ပါတယ်

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်

### ထက်လျှံ

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စက်တင်ဘာ ၁၃ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

အစီအစဉ်မှူး ။ ။ ဆေးလိပ်သောက်ခြင်းနဲ့ကိုဗစ်– ၁၉ ရောဂါ ဖြစ်ပွားနိုင်ခြင်း၊ ဆေးလိပ်ဖြတ်ခြင်းကြောင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဆေးလိပ်သောက်ခြင်းကြောင့် ခန္ဓာကိုယ်မှာ ဘယ်လိုဆိုးကျိုးတွေ ဖြစ်လာနိုင်တယ်ဆိုတာကို ဖြေကြားပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး** ။ ။ ပထမဆုံး အနေနဲ့ ကိုဗစ်–၁၉ ဖြစ်ပွားတဲ့သူတွေမှာ ဆေးလိပ်က ဘယ်လောက်အထိ ထိခိုက်နိုင်တယ်ဆိုတာကို WHO ရဲ့ စက်တင်ဘာ ၃ ရက် Tobacco and Covid–19 ခေါင်းစဉ်နဲ့ နောက်ဆုံး ထုတ်ပြန်ချက်ကို ဆွေးနွေးမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆေးလိပ်သောက်သူတွေမှာ ကိုဗစ် – ၁၉ ဖြစ်ရင် ဘယ်လောက်အထိ ဆိုးဆိုးရွားရွားဖြစ်နိုင်သလဲဆိုတာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ ကျွမ်းကျင်ပညာရှင် Dr Hebe က ဖြေကြားပေးထားပါတယ်။

အဓိကက ဆေးလိပ်သောက်သူတွေမှာ ကိုဗစ်–၁၉ ဖြစ်ရင် မသောက်သူတွေထက် ၅၀ ရာခိုင်နှုန်း ပိုပြီး ပြင်းပြင်းထန်ထန်ဝေဒနာ ခံစားရတယ်ဆိုတဲ့ သက်သေအထောက်အထားတွေရှိပြီး ဖြစ်ပါတယ်။ ရောဂါဝေဒနာ ဆိုးဆိုးရွားရွားခံစားရနိုင်သလို ဆေးရုံတက်ရောက်ရမှု၊ အထူးကြပ်မတ် ကုသဆောင်ထဲကို ရောက်ရှိနိုင်မှုလည်း များပါတယ်။ အသက်ရှူအားကူစက်တွေတင်ရတဲ့ အရေအတွက်လည်း များပါတယ်။ သေဆုံးမှုလည်း များတယ်လို့ ပြောထားပါတယ်။

အချုပ်အားဖြင့် ပြောရမယ်ဆိုရင် **ဆေးလိပ်သောက်ခြင်းက ပြည်သူ့ကျန်းမာရေး ပြဿနာတွေဖြစ်တဲ့ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ အဆုတ်ရောဂါတွေ ဖြစ်စေနိုင်တယ်။ အထူးသဖြင့် နာတာရှည်အဆုတ်ရောဂါ၊ အဆုတ်ကင်ဆာလို ကင်ဆာတွေလည်း ဖြစ်စေနိုင်ပါတယ်။ ဒါ့အပြင် ဆေးလိပ်သောက်ခြင်းကြောင့် ကိုဗစ် – ၁၉ ရောဂါကို ပိုမိုဆိုးစေပြီး တန်ဖိုးရှိလှတဲ့ လူ့အသက်ပေါင်း များစွာကိုလည်း ခြွေချနိုင်တဲ့ အစွမ်းတွေ ရှိနေပါတယ်။**

အစီအစဉ်မှူး ။ ။ ဆေးလိပ် သောက်သူတွေက ကိုဗစ် – ၁၉ ဖြစ်ပွားပြီဆိုရင် ဘယ်လိုတွေ ဖြစ်လာနိုင်ပါသလဲ။

**ဒေါက်တာခင်ခင်ကြီး** ။ ။ ဆေးလိပ်က အတော့်ကို ဒုက္ခပေးနိုင်ပါတယ်။ ဒါနဲ့ပတ်သက်ရင် ၂၀၁၆ ခုနှစ်မှာ WHO က လူငယ်တွေ ဆေးလိပ်သောက်တာနဲ့ ပတ်သက်ပြီး ပြုလုပ်ထားတဲ့ Global Youth Tobacco Survey ဆိုတာ ရှိပါတယ်။ ဒီလေ့လာချက်အရဆိုရင် မြန်မာနိုင်ငံမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့် သေဆုံးမှုပေါင်းက ၄၃၀၀၀၀ ရှိတယ်လို့ တွက်ချက်ထားပါတယ်။ ဒါ့အပြင် မကူးစက်နိုင်တဲ့ ရောဂါတွေဖြစ်တဲ့ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကင်ဆာ စတဲ့ရောဂါတွေ ဖြစ်ပွားမှုရဲ့ ၆၈ ရာခိုင်နှုန်းသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့်၊ အထူးသဖြင့် ဆေးလိပ်သောက်သုံးခြင်းကြောင့် ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ်က ပြုလုပ်ခဲ့တဲ့ STEPS survey မှာ ယောကျ်ားတွေ ဆေးလိပ်သောက်သုံးမှုက ၄၃ ဒသမ ၈ ရာခိုင်နှုန်း၊ အမျိုးသမီးတွေက ၈ ဒသမ ၄ ရာခိုင်နှုန်းရှိပါတယ်။ ကွမ်းစားတာ၊ ဆေးရွက်ကြီးငုံတာက ယောကျ်ားတွေမှာ ၆၂ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးတွေမှာ ၂၄ ဒသမ ၁ ရာခိုင်နှုန်းရှိပါတယ်။ ဒါဟာ ဆေးလိပ်နဲ့ ဆေးရွက်ကြီး အန္တရာယ်က ပေါ့ဆလို့ မရတဲ့အနေအထားမှာ ရှိပါတယ်။ ကျောင်းသားကျောင်းသူတွေမှာ ၁၀ ယောက်မှာ ၃ ယောက်က ဆေးလိပ်ရဲ့အန္တရာယ်တွေကို ရင်ဆိုင်နေရတဲ့ အခြေအနေရှိနေတယ်လို့




ဖော်ပြထားတာလည်း တွေ့ရပါတယ်။

နောက်ပြီး မိသားစုတွေမှာ ဆေးလိပ်သောက်သူ တစ်ယောက်ရှိရင် သူ့မိသားစုဝင် သုံးယောက်က ဆေးလိပ်မသောက်သော်လည်း ဆေးလိပ်သောက်သူနည်းတူ ဆေးလိပ်ကြောင့်ဖြစ်တဲ့ နောက်ဆက်တွဲ အန္တရာယ်ကို ဆင့်ပွားခံစားရနိုင်ပါတယ်။ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလမှာ Stay at Home လုပ်ကြတယ်။ စိတ်အပန်းဖြေဖို့ အကြောင်းပြပြီး ဆေးလိပ်တွေ ပိုသောက်လာကြတယ်။ ဒါ့အပြင် ကွမ်းယာဆိုင်တွေလည်း ရှိနေပါတယ်။ ဒါတွေကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့တွေက ကြပ်ကြပ်မတ်မတ်နဲ့ ထိန်းကျောင်းဖို့လိုပါတယ်။ ကွမ်းယာစားပြီး တံတွေးတွေကို နေရာအနှံ့ထွေးမယ်ဆိုရင် ရောဂါပိုးကူးစက်ဖို့အတွက် အခွင့်အလမ်းရမှာဖြစ်ပါတယ်။

**ဆေးလိပ်နဲ့ ဆေးရွက်ကြီးသုံးစွဲသူတွေဟာ ကိုဗစ် – ၁၉ ခံစားရရင် ပိုပြီး ဆိုးဆိုးရွားရွား ဖြစ်စေနိုင်ပါတယ်။ ကမ္ဘာ့ကပ်ရောဂါအချိန်မှာ နိုင်ငံတိုင်းက Stay at Home လုပ်တယ်။ Lock down တွေလုပ်တယ်။ ဒီလို လုပ်ဆောင်နေပေမယ့် ဆေးလိပ်နဲ့ ဆေးရွက်ကြီး ထုတ်လုပ်တဲ့သူတွေက ဈေးကွက်အသစ်တွေကို ရှာဖွေလာကြပါတယ်။ ဒီလိုရှာဖွေလာတဲ့အခါ သတင်းအမှားတွေကို ကြော်ငြာထဲမှာ ထည့်သွင်းပြောလာကြပါတယ်။ ဥပမာပေးရရင် “Stay at Home အချိန်မှာ သင့်ရဲ့ စိတ်ပင်ပန်းမှုတွေကို ဖြေဖျောက်ဖို့ ဆေးလိပ်သောက်ပါ၊ စိတ်ကူးဉာဏ်တွေ ကွန့်မြူးလာဖို့ ဆေးလိပ်သောက်ပါ” စသဖြင့် ကြော်ငြာလာတာကို တွေ့ရမှာဖြစ်ပါတယ်။**

ဒီလိုကြော်ငြာသလို အခြားတစ်ဖက်ကလည်း ဈေးကွက်ဖြန့်ဖြူးရေး နည်းစနစ်အသစ်တွေကို လုပ်လာပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းဖြင့် သုံးစွဲသူရဲ့လက်ဝယ်ကို လွယ်လွယ်ကူကူနဲ့ ရောက်အောင်လုပ်ပါတယ်။ ပုံမှန်အားဖြင့် Stay at Home လုပ်တယ်။ Lock down တွေလုပ်တယ်ဆိုတော့ အပြင်မထွက်ရတဲ့အတွက် ဆေးလိပ်သောက်ဖို့ အခွင့်အလမ်းက နည်းသွားတယ်။ ဝယ်ယူဖို့ မလွယ်ဘူး။ သို့သော် ဒီလိုဈေးကွက်ဖော်ဆောင်ရေး၊ ဖြန့်ဖြူးရေး နည်းစနစ်အသစ်တွေနဲ့ ဆောင်ရွက်တာဖြစ်တဲ့အတွက် တစ်ခါတလေမှာ အသက်မပြည့်သေးတဲ့ ကလေးတွေတောင် သူတို့ရဲ့ ဈေးကွက်ရှာဖွေမှုမှာ သားကောင်ဖြစ်ပြီး ဆေးလိပ်စမ်းသပ်သောက်သုံးမိတာ၊ အလွယ်တကူ သောက်သုံးမိတာ ဖြစ်နိုင်ပြီး အရင်က သောက်သုံးနေတဲ့ သူတွေကလည်း ပိုသောက်မိတာတွေ ဖြစ်စေနိုင်ပါတယ်။

နောက်တစ်ခုက ဆိုရှယ်မီဒီယာမှာ Stay at Home ကာလ အထိမ်းအမှတ်အဖြစ် ဆေးလိပ်ရောင်းဈေးကို အထူးလျှော့ဈေးရောင်းချပေးတာမျိုးတွေ လုပ်ဆောင်တာမျိုးတွေ ရှိပါတယ်။ ဒါ့အပြင် ဆေးလိပ်အစားထိုး Electronic cigarette သောက်ခြင်းကိုလည်း တစ်ဖက်က ဈေးကွက်ရှာဖွေလာကြပါတယ်။ Electronic cigarette သောက်ခြင်းက အန္တရာယ်မရှိပါဘူး ၊ သင့်ရဲ့အဖော်မွန်ကောင်းဖြစ်ပါတယ် စသဖြင့် ကြော်ငြာအားကောင်းကောင်းနဲ့ ဈေးကွက်ရှာဖွေတာမျိုးတွေ ရှိပါတယ်။ ယခု ကိုဗစ်– ၁၉ ကမ္ဘာ့ကပ်ရောဂါနဲ့ ရင်ဆိုင်နေရချိန်မှာ ဈေးကွက်ရှာဖွေမှု ပုံစံအသစ်တစ်မျိုးနဲ့ ကိုဗစ် – ၁၉ နဲ့ ပတ်သက်ပြီး အသက်ရှူအားကူစက်၊ PPE ဝတ်စုံ၊ Mask တွေကို သူတို့ရဲ့ ကုန်အမှတ်တံဆိပ် Logo တွေ ရိုက်နှိပ်ပြီး ကြော်ငြာတာမျိုးလည်း လုပ်လာကြပါတယ်။ ဆေးလိပ်နဲ့ ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ကမ္ဘာတစ်ဝန်း တစ်နှစ်ကို လူပေါင်း ရှစ်သန်းသေစေနိုင်တဲ့အတွက် ဒီလိုဈေးကွက်ရှာဖွေမှုတွေကို အထူးသတိပြုပြီး ရှောင်ရှားနိုင်ဖို့ လိုပါတယ်။

အစီအစဉ်မှူး ။ ။ ကိုဗစ်–၁၉ရောဂါဖြစ်ပွားနေတဲ့ ကာလမှာ ဆေးလိပ်သောက်သုံးမှုတွေ များပြားလာရခြင်း၊ ဆေးလိပ်ကုမ္ပဏီတွေရဲ့ ဒီလိုဈေးကွက်တွေ ရှာဖွေလာရခြင်းအပေါ် သုံးသပ်ချက်ကိုလည်း သိချင်ပါတယ်။

**ဒေါက်တာခင်ခင်ကြီး** ။ ။ ယခု အချိန်မှာ တော်တော်များများသော လူတွေက ဆေးလိပ်ဖြတ်ဖို့ ဆန္ဒရှိလာကြပါတယ်။ ဒါနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံမှာ တတိယလှိုင်း စဖြစ်ချိန် ၂၀၂၁ ခုနှစ် မေလ ၂၇ ရက်ကစပြီး ၃လအတွင်း လေ့လာချက်အရ သေဆုံးသူတွေက လူလတ်ပိုင်းတွေ သေဆုံးတာများလာပြီး နောက်ခံရောဂါရှိခြင်း၊ မရှိခြင်းကို ကြည့်မယ်ဆိုရင် သေဆုံးသူတွေရဲ့ ၈၀ ရာခိုင်နှုန်းသည် နောက်ခံရောဂါမရှိတာကို တွေ့ရပါတယ်။ ပထမလှိုင်း၊ ဒုတိယလှိုင်းတုန်းက အသက်ကြီးသူတွေ သေဆုံးတာများပြီး သေဆုံးသူရဲ့ ၈၀ ရာခိုင်နှုန်းသည် နောက်ခံရောဂါရှိတာကို တွေ့ရပါတယ်။ ဒါဟာ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်းရဲ့ ခြားနားချက်ဖြစ်ပါတယ်။

နောက်ခံရောဂါမရှိသူတွေတောင်မှ တတိယလှိုင်းမှာ ‘ဒယ်လ်တာ’ဆိုတဲ့ ဗီဇပြောင်းပိုးကြောင့် သေဆုံးမှု၊ ရောဂါပြင်းထန်စွာ ဖြစ်ပွားမှု၊ ဆေးရုံတက်ရောက်ရမှုတွေ၊ ရောဂါပြင်းထန်မှု၊ သေဆုံးမှုတွေ များလာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီအချိန်မှာ အတွေးမမှားစေချင်ပါဘူး။ ဆေးလိပ်ဖြတ်ဖို့ အချိန်အခါကောင်းဖြစ်ပြီဆိုတာ ပြောလိုပါတယ်။

ဆေးလိပ်ဖြတ်လိုက်လို့ မိနစ် ၂၀ကြာတာနဲ့ နှလုံးခုန်နှုန်းနဲ့ သွေးပေါင်ချိန်တွေက ကောင်းမွန်လာတာတွေ့ရပါတယ်။ ဆေးလိပ်ဖြတ်ပြီး ၁၂နာရီကြာရင် ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ အဆိပ်အတောက်တွေဖြစ်တဲ့ ကာဗွန်မိုနောက်ဆိုက်ရဲ့ ပမာဏက လျော့နည်းသွားပြီး ပုံမှန်အတိုင်း ပြန်ရောက်လာပါတယ်။ ခန္ဓာကိုယ်က ကာဗွန်မိုနောက်ဆိုက်တွေကို ပြင်ပကလေထုထဲမှာရှိတဲ့ အောက်ဆီဂျင်နဲ့ ဖလှယ်ရပါတယ်။ ဆေးလိပ်ဖြတ်လိုက်ခြင်းအားဖြင့် အဆုတ်ရဲ့ လုပ်ငန်းဆောင်တာ ပိုကောင်းလာပြီး အောက်ဆီဂျင်နဲ့ ဖလှယ်မှုတွေ အားကောင်းလာတဲ့အတွက် ခန္ဓာကိုယ်ထဲမှာရှိတဲ့ အဆိပ်အတောက်တွေဖြစ်စေတဲ့ ကာဗွန်မိုနောက်ဆိုက်ပမာဏက ကျဆင်းသွားတယ်ဆိုတာ နေ့တစ်ဝက်နဲ့တင် သိသာနိုင်ပါတယ်။ ရက်သတ္တ ၂ ပတ်ကနေ ၁၂ပတ်(၃လ)အတွင်းမှာ အဆုတ်ရဲ့ လုပ်ငန်းဆောင်တာတွေနဲ့ သွေးလှည့်ပတ်မှုက ကောင်းမွန်လာတာကို တွေ့ရပါတယ်။

ဆေးလိပ်ဖြတ်ပြီး တစ်နှစ်မှ လေးနှစ်ကြာရင် ဆေးလိပ်သောက်သူနဲ့ နှိုင်းယှဉ်ရင် မသောက်သူမှာ သေဆုံးနိုင်မှု ထက်ဝက်တိတိကျဆင်းသွားတယ်ဆိုတာ သိနိုင်ပါတယ်။ ဆေးလိပ်ဖြတ်ဖို့ ဘယ်အချိန်အကောင်းဆုံးလဲဆိုရင် ချက်ချင်းဖြတ်လေ ကောင်းလေ ဖြစ်ပါတယ်။ မိမိတင်မကဘူး၊ မိသားစုဝင်တွေကိုပါ ဆေးလိပ်ကြောင့်ဖြစ်စေတဲ့ အန္တရာယ်ဖြစ်မှုတွေက ကာကွယ်ပေးနိုင်ပါတယ်။ ဘေးအန္တရာယ်ကင်းရှင်းအောင် Stay Safe နေမယ်။ ကျန်းမာအောင် Stay Healthy နေမယ်။ သိပ္ပံပညာနဲ့ သုတေသနတွေ့ရှိချက်တွေကို ယုံကြည်ပြီး လိုက်နာဖို့အထူး လိုအပ်တယ်လို့ ပြောလိုပါတယ်။

***စာမျက်နှာ ၁၇သို့***

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါခံတက်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင်လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၃ ရက်နှင့် ယနေ့တို့တွင် ရခိုင်ပြည်နယ် အမ်းမြို့ ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ ကျန်းမာရေးဝန်ထမ်းများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေကျပ်သိန်း ၂၀၊ အမ်းမြို့နယ်တွင် အောက်ဆီဂျင်စက်ရုံတည်ဆောက်ရန်အတွက် အောက်ဆီဂျင် စက်ရုံတည်ဆောက်ရေးကော်မတီသို့ ငွေကျပ်သိန်း ၁၀၀၊ အမ်းမြို့ရှိ တပ်မတော်ဆေးရုံအတွက် ဆေးပစ္စည်းများနှင့် ငွေကျပ် ၁၀၂ သိန်း၊ ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ၊ ကျောက်ဖြူမြို့ စစ်တောတပ်နယ်၌ လည်ပတ်ထုတ်လုပ်လျက်ရှိသည့် အောက်ဆီဂျင် စက်ရုံအတွက် အလှူငွေကျပ်သိန်း ၂၀၊ မာန်အောင်မြို့ ပြည်သူ့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် ငွေကျပ်သိန်း ၂၀၊ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း တည်ဆောက်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံအတွက် အလှူငွေကျပ်သိန်း ၁၀၀နှင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသော ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူခဲ့ကြသည်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး အလှူရှင်များ၏ လှူဒါန်းမှုကို လက်ခံယူစဉ်။

အလားတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် စေတနာရှင် အလှူရှင်များက အထောက်အကူပစ္စည်းများ၊ အလှူငွေများကို ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ ကိုဗစ်-၁၉ ရောဂါ ခံတက်ခွဲအတည်ပြုပိုးတွေ့ လူနာများအတွက် တရုတ်ဗုဒ္ဓဘာသာယဉ်ကျေးမှုအဖွဲ့က Alphard ကား တစ်စီး၊ Patient Monitor နှစ်လုံး၊ Oxygen Concentrator နှစ်လုံး၊ Test Kit အခု၂၀၀၊ ကလိုရင်း (၅ ဂါလန်) ပုံး ၂၀၊ လက်အိတ် အစုံ ၁၅၀၊ Mask ငါးဖာ၊ PPE ဝတ်စုံ ၁၅၀၊ အရက်ပြန် အလုံး ၂၀၀၊ ဆေးဖျန်းပုံး(ဘက်ထရီပါ) နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများတွင်အသုံးပြုရန်အတွက် အလှူရှင်များဖြစ်သည့် ဦးကျော်ခင်( Tzu Chi Buddhist Foundation) က ငွေကျပ်သိန်း ၄၅၇၀ တန်ဖိုးရှိ ၁၂ ပြည်ပါ ဆန်အိတ် ၅၀၀၀၊ ဆီပုလင်း(၁ လီတာ)ပါ အလုံး ၅၀၀၀၊ Oxygen Concertrator အလုံး ၁၄၀၊ Oxygen Plastic Tube (ပိုက်သစ်) အချောင်း ၁၀၀၀၀၊ PPE ဝတ်စုံ ၁၀၀၊ Oxygen Cylinder အလုံး ၆၀၀နှင့် Flow Meter အခု ၆၀၀၊ Yogon Petrol Co.,Ltd က အလှူငွေကျပ် ၂၅ သိန်း၊ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်မြင့်မြင့်သိန်း(ရွှေနဂါးမင်း ကုမ္ပဏီလီမိတက်) က အလှူငွေကျပ် ၇၅ သိန်း၊ ဦးအာကာကြိုင် (တော်ဝင်ကြာဖူး ဆောက်လုပ်ရေးကုမ္ပဏီ)က အလှူငွေကျပ် ၇၅ သိန်း၊ Sann Thit Aung Construction Co.,Ltd က အမေရိကန်ဒေါ်လာ ၃၀၀၀ တန်ဖိုးရှိ FABIMERA -400 (FAVIPIRAVIR TABLETS (400 mg)) ၅၀၊ ဦးကျိန်တာနှင့် ဇနီးဒေါ်သီတာဦး (Hot Pot King) မိသားစုက ငွေကျပ်သိန်း ၆၀ တန်ဖိုးရှိ PPE ဝတ်စုံ ၅၀၀၊ ချမ်းမြေ့မေတ္တာအထူးကုဆေးရုံ (သန်လျင်)က အလှူငွေကျပ်သိန်း ၂၀ တို့ကိုလည်းကောင်း အသီးသီးပေးအပ် လှူဒါန်းကြရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး (ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင်လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ စစ်တောတပ်နယ်၌ လည်ပတ်ဆောင်ရွက်လျက်ရှိသော အောက်ဆီဂျင်စက်ရုံနှင့် မာန်အောင်မြို့ ပြည်သူ့ဆေးရုံတွင် တည်ဆောက်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံကို ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၆ မှ*

**အစီအစဉ်မှူး ။ ။ ဆေးလိပ်သောက်ခြင်းနဲ့ကိုဗစ်-၁၉ ဖြစ်ပွားခြင်းနဲ့ ပတ်သက်ပြီး ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါ။**

**ဒေါက်တာခင်ခင်ကြီး** ။ ။ အပေါင်း အသင်းကြောင့်ပဲ ဖြစ်ဖြစ်၊ စိတ်ဖျော်ဖြေရာပဲဖြစ်ဖြစ်၊ စမ်းသပ်ချင်လို့ပဲဖြစ်ဖြစ် ဆေးလိပ်သောက်တာ များပါတယ်။ ဆေးလိပ်သောက်မှ ခေတ်မီတယ်၊ လူရာဝင်တယ်၊ အပေါင်းအသင်းဆံ့တယ် စသဖြင့် အတွေးမှားပြီး သောက်တာတွေရှိနိုင်ပါတယ်။ **ဆေးလိပ်တင် မကပါဘူး။ ကွမ်းစားခြင်းကလည်း ထပ်တူအန္တရာယ်များပါတယ်။ ကမ္ဘာတစ်ဝန်းမှာ မကူးစက်တတ်သော ရောဂါတွေကြောင့် ဖြစ်ပွားသေဆုံးမှုဟာ WHO က ထုတ်ပြန်တဲ့ ၂၀၀၈ ခုနှစ် ထုတ်ပြန်ချက်အရ တစ်နှစ်ကို ၃၆ သန်းရှိပါတယ်။ ဒီလိုသေဆုံးမှုတွေရဲ့ ၆၀ ရာခိုင်နှုန်းသည် မကူးစက်တတ်သော ရောဂါတွေကြောင့် ဖြစ်ပါတယ်။ ဒီလို သေဆုံးမှုတွေရဲ့ ၈၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံတွေက ဖြစ်တယ်ဆိုတာ သိရပါတယ်။**

ဆေးလိပ်သောက်သူရဲ့ အဆုတ်ကို ခွဲကြည့်လိုက်မယ်ဆိုရင် ကတ္တရာစေးလို မည်းနေပြီး ဆေးလိပ် မသောက်သူရဲ့အဆုတ်က ပန်းရောင်ဖြစ်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလို အဆုတ်က မည်းနေတဲ့သူမှာ ပြင်ပက သန့်ရှင်းတဲ့လေကို ဘယ်လိုရှူရှိုက်ပြီး ခန္ဓာကိုယ်ထဲက ပြန်ထုတ်ရတဲ့ အဆိပ်အတောက်ဖြစ်စေတဲ့ ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်ဓာတ်တွေကို ဘယ်လို လဲလှယ်နိုင်မလဲ။ ဘာကြောင့် ကိုယ့်ကိုယ်ကိုယ် အဆိပ်အတောက်တွေနဲ့ မီးမြှိုက်သလိုဖြစ်ပြီး လောင်ကျွမ်းခံမှာလဲ။ ဒါကြောင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း စတဲ့ အကျင့်တွေကို အမြန်ဆုံး ဖြတ်တောက်ဖို့ အရေးကြီးပါတယ်။

မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တယ်၊ မကူးစက်နိုင်တဲ့ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်၊ ကင်ဆာ စတဲ့ ရောဂါတွေ ဖြစ်ပွားတဲ့နှုန်းကလည်း များနေပါတယ်။ ဒါကြောင့် ပြည်သူတစ်ယောက်စီတိုင်းက ကျန်းမာတဲ့ လူနေမှုပုံစံနဲ့ နေထိုင်မယ်ဆိုရင် မိမိကိုယ်တိုင်လည်း ကျန်းမာရေးကောင်းမွန်မယ်။ ကျန်းမာနေတဲ့အတွက် မိသားစုအပေါ်ကိုလည်း ဝန်ထုပ်ဝန်ပိုး မဖြစ်စေတော့ဘူး။ ကိုယ်တိုင်ကျန်းမာနေတဲ့အတွက် စီးပွားကောင်းစွာ ရှာနိုင်မယ်။ ဒီလိုကျန်းမာတဲ့ လူ့စွမ်းအား အရင်းအမြစ်တွေ ရှိနေပြီဆိုရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်မယ်။ ဒါဆိုရင် မြန်မာနိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမယ်။ ဒ့ါအပြင် ကျွန်မတို့ရဲ့ လူမှုအသိုက်အဝန်း တစ်ခုလုံးက ဆေးလိပ်မသောက်ဘူး။ ဆေးရွက်ကြီးငုံတာ၊ ကွမ်းစားတာတွေ မလုပ်ဘူးဆိုရင် ကျန်းမာသန့်ရှင်းတဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခုကို ရရှိပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။

**❑ ဆေးလိပ်ဖြတ်ပြီး တစ်နှစ်မှ လေးနှစ်ကြာရင် ဆေးလိပ်သောက်သူနဲ့ နှိုင်းယှဉ်ရင် မသောက်သူမှာ သေဆုံးနိုင်မှု ထက်ဝက်တိတိကျဆင်းသွားတယ်ဆိုတာ သိနိုင်ပါတယ်။ ဆေးလိပ်ဖြတ်ဖို့ ဘယ်အချိန်အကောင်းဆုံးလဲဆိုရင် ချက်ချင်းဖြတ်လေ ကောင်းလေ ဖြစ်ပါတယ်။ မိမိတင်မကဘူး၊ မိသားစုဝင်တွေကိုပါ ဆေးလိပ်ကြောင့်ဖြစ်စေတဲ့ အန္တရာယ်ဖြစ်မှုတွေက ကာကွယ်ပေးနိုင်ပါတယ်**

ကမ္ဘာပေါ်မှာလည်း ဆေးလိပ်မသောက်ရေးအတွက် တိုက်တွန်းနှိုးဆော်တာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ရင် မေလ ၃၁ ရက်နေ့ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ပြီး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေက ဆေးလိပ်ဖြတ်ဖို့ နှိုးဆော်နေတာတွေရှိပါတယ်။ ကျွန်မတို့တစ်ဦးတစ်ယောက်ချင်းစီက ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် လက်ရှိဖြစ်ပေါ်နေတဲ့ ကိုဗစ် - ၁၉ ကပ်ရောဂါအတွက် အန္တရာယ်ကင်းတဲ့ အုပ်စုထဲမှာပါဝင်သွားမယ်။ ချက်ချင်းဖြတ်၊ ချက်ချင်း အကျိုးရှိတဲ့အတွက် ဆေးလိပ်ဖြတ်ဖို့ အထူးပဲတိုက်တွန်းလိုပါတယ်။ ဆေးလိပ်၊ ဆေးရွက်ကြီး ကင်းစင်တဲ့ကမ္ဘာကြီး အမြန်ဆုံးဖြစ်လာပြီး မြန်မာနိုင်ငံမှာလည်း ဆေးလိပ်သောက်သုံးမှုတွေကို လျှော့ချပြီး မကူးစက်တတ်သောရောဂါတွေ ဖြစ်ပွားမှုအန္တရာယ်က လျော့နည်းစေဖို့ တိုက်တွန်းလိုပါတယ်။ ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားနေတဲ့အချိန်မှာ ဆေးလိပ်ဖြတ်ဖို့ ချက်ချင်းလုပ်ဆောင်ဖို့လိုပြီဆိုတာ ထပ်လောင်းတိုက်တွန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ ။

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၄**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း ဆွမ်းကိစ္စရပ်များ အဆင်ပြေစေရန် ရည်ရွယ်၍ မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၃ ရက်နှင့် ယနေ့တို့တွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားအရှေ့ခြမ်းတောင်ပေါ် ဒေသရှိပြဒါးချောင်း ကျေးရွာဘုန်းတော်ကြီးကျောင်း၊ ညောင်ပင်ကုန်းဘုန်းတော်ကြီးကျောင်းနှင့် ဂမုန်းတောင်ဘုန်းတော်ကြီးကျောင်း (ယာပုံ)၊ ပျဉ်းမနား မြို့နယ်မင်္ဂလာဇေယျ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မဟာလယ်တီစံကျောင်းတိုက်၊ ဝိပဿနာကျောင်းတိုက်၊ မူလသုမင်္ဂလာမေဒနီ သီလရှင်စာသင်တိုက်၊ ပုဗ္ဗသီရိမြို့နယ် ဉာဏဂုဏ်ရည်စာသင်တိုက်၊ ကျောင်းစုကျောင်းတိုက်နှင့် ကြာကန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရဲစုကျေးရွာရှိ ရဲစုရွာဦးကျောင်းတိုက်နှင့် လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာရှိ စွန်းလွန်ဂူကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ(ရွှေကျင်)ပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သစ်ဆိမ့်ကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြသည်။

ၚင်းအပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ စက္ခုပါလပရိယတ္တိ စာသင်တိုက်၊ ဓမ္မသစ္စာကျောင်းတိုက်၊ ရွှေပြည်ငြိမ်းချမ်းဆုတောင်းပြည့်ကျောင်းတိုက်နှင့် သုခဝိဟာရကျောင်းတိုက်များရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ ဆေးအဖွဲ့များက မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၅၀ နှင့် အမျိုးသမီး ၄၅ ဦး စုစုပေါင်း ၉၅ ဦးအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၃၃ ဦးအားလည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့ရေထွက်ကုန်ပစ္စည်းတင်ပို့မှု မြင့်မားရေး ကြိုးပမ်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၄**

ကိုဗစ်-၁၉ရောဂါကြောင့် နယ်စပ်ဂိတ်များ ပိတ်ထားခြင်း၊ ရေလမ်းကြောင်းမှ ကုန်စည်ပို့ဆောင်စရိတ် မြင့်မားလာခြင်းနှင့် စက်သုံးဆီဈေးနှုန်း မတည်ငြိမ်ခြင်းတို့ကြောင့် ပြည်ပသို့ ရေထွက်ကုန် တင်ပို့ရာတွင် အခက်အခဲများရှိနေသော်လည်း ဆက်လက်တင်ပို့နိုင်ရန် ဌာနဆိုင်ရာနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ပို့ကုန်လုပ်ငန်းရှင်များက နှစ်စဉ်ရေထွက်ကုန်ပစ္စည်း ဖ၅ ရာခိုင်နှုန်း တင်ပို့လျက်ရှိပြီး ယခုနှစ်တွင်လည်း ထိုရာခိုင်နှုန်းကိုပြည့်မီရန် ကြိုးပမ်းလျက်ရှိသည်။ ယမန်နှစ်က မြန်မာပြည်မှ ပြည်ပသို့ ရေထွက်ကုန် ၉၅ ရာခိုင်နှုန်းခန့် တင်ပို့နိုင်ခဲ့၍ ထိုရာခိုင်နှုန်းကို ယခုနှစ်တွင် ပြည့်မီရန် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ဆောင်ရွက်လျက်ရှိသည်။

“ ရေထွက်ကုန် လုပ်ငန်းရှင်တွေအနေနဲ့ တရုတ်နိုင်ငံကို ရေထွက်ကုန်ပို့တာ ဖ၅ ရာခိုင်နှုန်းရှိတယ်ဆိုတော့ ဖမ်းဆီးရေးမှာ ဆီဈေးမြင့်လာတဲ့အတွက် သူတို့ ဘယ်အထိတောင့်ခံနိုင်မလဲ မသိဘူး။ နှစ်လအထိ တောင့်ခံနိုင်မယ် ထင်တယ်။ ပြီးတော့ ပေ ၄၀ ကွန်တိန်နာ တစ်လုံးကို အမေရိကန် ဒေါ်လာ ၁၄၀၀ ကနေ ၅၀၀၀ ကျော်အထိ ပေးရတဲ့အတွက် ကုန်သွယ်မှုကို ပုံမှန်ပြန်လုပ်နိုင်မယ့် နည်းလမ်းတွေ လိုလာတယ်။ နယ်စပ်ဂိတ်တွေ ဖွင့်လှစ်ခဲ့ရင် ပို့ဆောင်ခသက်သာပြီး ကုန်စည်စီးဆင်းမှု မြန်သွားနိုင်မယ်။ အခုက ကိုဗစ်-၁၉ ရောဂါကြောင့် နယ်စပ်ဂိတ်တွေ ပိတ်ထားတာပါ။ ဘင်္ဂလားဒေ့ရှ် နယ်စပ်ဂိတ် မပိတ်တဲ့အတွက် ရေထွက်ကုန်ပို့ဖို့ စီစဉ်နေတာလည်းရှိတယ်။ ပြည်တွင်းက ပင်လယ်ပြင်မှာ ငါးဖမ်းစက်လှေတွေ ငါး၊ ပုစွန်ဖမ်းဆီးနေတဲ့အတွက် ရန်ကုန်မြို့က ဆိပ်ခံတွေလည်း လုပ်ငန်းခွင်လည်ပတ်နေတယ်။ အကောင်းဆုံးအခြေအနေတစ်ခု ရရှိအောင်တော့ ဝိုင်းဝန်းလုပ်ဆောင် နေကြပါတယ်”ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တိုးနန္ဒာတင်က ပြောသည်။



ပြည်ပသို့ ရေထွက်ကုန်များ တင်ပို့သည့် ရန်ကုန်မြို့ရှိ ဆိပ်ခံတစ်ခုကို တွေ့ရစဉ်။

ပြည်ပပို့ကုန် ရေထွက်ကုန်များကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တင်ပို့လျက်ရှိပြီးအခြားသော လုပ်ငန်းရှင်များလည်း ပြည်ပဈေးကွက်ရရှိမှုပေါ် မူတည်၍ ပို့ဆောင်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ဈေးကွက်ဝင် ငါး၊ ပုစွန်၊ ကဏန်း၊ ပျော့၊ ငါးရှဉ့်အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို တင်ပို့လျက်ရှိသည်။

စက်သုံးဆီဈေးနှုန်း မြင့်တက်မှု၊ ရေကြောင်းမှ ပို့ဆောင်စရိတ်ကြီးမြင့်မှုနှင့် နယ်စပ်ဂိတ်များ ပိတ်ထားခြင်းတို့ကြောင့် ပို့ကုန်ကဏ္ဍတွင် အခက်အခဲများရှိလာသော်လည်း ဈေးကွက်ဝယ်လိုအား ရရှိလာသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်တင်ပို့ရန် စီမံဆောင်ရွက်လျက်ရှိပြီး ပုံမှန်တင်ပို့နေသော ပြည်ပဈေးကွက်သို့ ဆက်လက်တင်ပို့နိုင်ရန် ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်တို့ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၉-၂၀၂၂ ဗုဒ္ဓဟူးနေ့

### MRTV HD

**၀၆:၀၀** မေတ္တသုတ်၊ရတနသုတ်၊ ခေမာဝရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** သူတို့ဒေသ သူတို့ဘဝ
**၀၉:၃၀** မွေးမြူရေးရာအဖြာဖြာ
**၀၉:၄၅** ကိုဗစ်ပိုးကိုတိုက်ထုတ်ဖို့ ကာကွယ်ဆေးထိုးကြစို့
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** ပြည်သူ့နိတ် 'အမြင်'
**၁၁:၃၅** ရွှယ်စုံလင် အာဆီယံအစီအစဉ်
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သမိုင်းဘာသာရပ်'
**၁၆:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ
**၁၇:၃၀** MRTV Travelouge
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားခေါ်ဆောင်ရာ' (အပိုင်း-၆၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ
**၂၁:၅၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောမေတ္တာများ' (အပိုင်း-၁)

### mitv

**07:01** News
**07:27** Discovering Tribes: Ancient Kayah- their life and customs
**08:01** Myanmar Orchestra: A Blend of Arts!
**08:14** A Historic Town: 9 Pagodas
**08:27** Myanmar Masterclass: Artist Win Pe Myint
**08:40** Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato
**09:01** Myanmar Traditional Instruments - Myanma Harp (Episode-1)
**09:27** Snake Dancer
**09:34** Myanmar's Beauty and Nature "Beach"
**10:01** Discovering Tribes: "Ta'ang (Palaung): their life and customs"
**10:48** Farming: Duck Breeder
**11:01** Five Treasures in the Ancient City Of Mrauk U
**11:31** The Rising Glory Of Myanmar Arts

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ရွှေတံခါးမြို့ လေးဆီသို့ခရီးတစ်ခေါက်
**ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဖွားဖွားသက်ရှည်
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်စကားပုံများအကြောင်း
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဒိုင်းနာ ဟိဟိနှင့်တွေ့ဆုံမေးမြန်းခြင်း
**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)**
နွားနောက်မြီးစွပ်ပြုတ်
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ပိန်းပုပ်ရွက်ပြုလုပ်ခြင်းနှင့်ဟင်းလျာချက်ပြုတ်ခြင်း
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ရာသီအလိုက်မွန်ရိုးရာပွဲတော်များ
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ပင်လောင်းရှမ်းစတူ
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ကျိုင်းတုံရေတံခွန်သို့အလည်တစ်ခေါက်
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ထမင်းဟင်းထုပ်စားကြရအောင်

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** အတွေးအမြင် (အပိုင်း-၃)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လူမိုက်တို့သွားရာလမ်း'
**၁၀:၃၀** အတွေးအမြင် (အပိုင်း-၃)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် မကြာမီလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည်

ဘိုကလေး စက်တင်ဘာ ၁၄

ဧရာဝတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌ ဆိုလာအသေးစား ဓာတ်အားပေးစနစ်ဖြင့် အချိန်ပြည့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်လျက်ရှိရာ မကြာမီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မဟာဓာတ်အားလိုင်း ရောက်ရှိသည့်နေရာမှစ၍ ၁၀ မိုင်နှင့်အထက် ဝေးကွာသော ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEP) အဖြစ် ဆောင်ရွက်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ အချိန်ပြည့်လျှပ်စစ်ဓာတ်အားရရှိရေးကို ငွေကျပ်သိန်း ၇၅၀ ကျော် အကုန်အကျခံ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ လာမည့် အောက်တိုဘာလကုန်တွင် လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနေထက်ရှိန်၊ ဖျာပုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇေယျာဇော်မျိုးနှင့် တာဝန်ရှိသူများက ကျေးရွာမီးလင်းရေး ကော်မတီဝင်များနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ကမ္ဘာ့ဘဏ်၊ ဂျာမနီနှင့် ပူးပေါင်းဆောင်ရွက်မှု (GIZ) တို့မှ နည်းပညာပံ့ပိုးပေးပြီး မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP Off-grid) ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထည့်ဝင်ငွေ ၆၀ ရာခိုင်နှုန်း၊ ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီမှ ထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းဖြင့် ဆိုလာ ၇၁၂ ဒသမ ၈ ကီလိုဝပ်၊ ဂျန်နရေတာ ၂၄၀ ကီလိုဝပ် ထုတ်ယူသုံးစွဲနိုင်မည့် ဆိုလာ-ဒီဇယ် ပေါင်းစပ်စနစ် အမျိုးအစားကို မန္တလေးရိုးမကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလျှပ်စစ် မီးလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အများပြည်သူပိုင်နေရာ ၁၁ ခုနှင့် အိမ်ခြေ ၁၃၀၀ တို့အတွက် အချိန်ပြည့် လျှပ်စစ်မီးရရှိနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**သန်းလွင်(မကွေး)**

## ယနေ့စျေးကွက်ပေါက်စျေးများ

၁၄ - ၉ - ၂၀၂၂

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် မီးလင်းရွှေ | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၈၃၀၀၀၀ |
| ရန်ကုန် ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၇၂၄၀၀ |
| မန္တလေး မီးလင်းရွှေ | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၈၃၀၀၀၀ |
| မန္တလေး ၁၅ ပဲရည် | ရောင်းစျေး | တစ်ကျပ်သား | ကျပ် | ၁၇၂၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | လက်လီစျေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၁၆၀/၁၁၇၀ ကျပ် | ၁၁၆၅/၁၂၃၀ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၁၆၅/၁၁၈၀ ကျပ် | ၁၁၈၀/၁၂၄၅ကျပ် |
| အောက်တိန်း ၉၂ | ၁၁၆၅/၁၁၇၅ ကျပ် | ၁၂၂၀/၁၂၆၀ကျပ် |
| အောက်တိန်း ၉၅ | ၁၁၉၀ /၁၂၁၅ ကျပ် | ၁၃၀၀/၁၃၃၅ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၆၉ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၃ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၁၉၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၀ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၁ . ၂၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၁ . ၅၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၅၅ |

(ဗဟိုဘဏ်ပေါက်စျေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းစျေးကွက်

| ကုမ္ပဏီအမည် | အဖွင့်စျေး (ကျပ်) | အပိတ်စျေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၂၃၄၇ | ၂၀၈၈၈၄၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၁၄၈၄၄ | ၄၆၀၁၆၄၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၂၃၅ | ၄၈၁၇၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၀၁ | ၂၇၇၇၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၉၀ | ၂၇၉၀၀၀ |
| AHP | ၄၈၀၀ | ၄၉၀၀ | ၉ | ၄၃၆၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရေလိုက်လွဲမှာ စိုးမိပါရဲ့

သိုက်စိုးထွန်း(နတ်ရွာ)

**တစ်ခါတုန်းက ညမှောင်မှောင်မှာ လှေကလေးတစ်စင်းနဲ့ မြစ်မင်းသလ္လာကို အလျားလိုက်စုန်ဆင်းခဲ့ဖူးတယ်။ ညကလည်း အတော်မှောင်နေပြီ။ လက်နှိပ်ဓာတ်မီးကလေးက မှိတ်တုတ်၊ စက်သံကလေးတဒုတ်ဒုတ်နဲ့၊ ကုပ်ကုပ်ကလေး စုန်ခဲ့ကြတယ်ဆိုပါတော့။**

စက်လှေဆရာက သူ့ကျွမ်းကျင်မှုနဲ့သူ မောင်းလို့သာ မောင်းနေရတာ ရှေ့ကိုတော့ ကောင်းကောင်းမမြင်ရတော့ဘူး။ ကမ်းနဖူးမှာ ဆိုက်ထားတဲ့ မော်တော်တွေဆီက မီးရောင်တွေရယ်၊ ကမ်းတစ်လျှောက်မှာရှိနေတဲ့ ရွာတွေဆီကမီးရောင်တွေရယ်၊ သူတို့ကိုပဲ အားပြုသွားနေရတာ။ ကြယ်ရောင်လည်းမဖြာ၊ သော်တာလည်း မလင်းတဲ့အချိန်။ ပြန်လာရာမြို့ကလေးဆီရောက်ဖို့က အတော်ကို လိုနေသေးတယ်ဆိုပါတော့။ နွေရာသီဆိုတော့ ရေကြောင်းကလည်း ပါးနေတဲ့အချိန်။ ကုန်တင်ရေယာဉ်ကြီးတွေဆိုရင် ရှေ့ကနေ ဝါးကလေးထောက်ထောက်ပြီး နက်ရာရေကြောင်း ရှာမောင်းနေရတဲ့အချိန်ပေါ့။

### ညမှောင်မှောင် ရေလမ်းခရီး

ညမှောင်မှောင် ရေလမ်းခရီးဆိုတာ မြစ်မနီးချောင်းမနီး ကြည်းတောနေသူတို့အတွက် စိတ်စက်တွေ ပူပန်ရတဲ့အချိန်ပါပဲ။ အကြောင်းမတော်လို့ မှောက်ခဲ့နစ်ခဲ့ရင် ကျောက်ခဲရေထဲချသလိုနေမှာလေ။ တစ်ခါက နေ့ခင်းကြောင်တောင်ကြီးမှာတောင် မိုးသက်လေပြင်းရုတ်တရက်ကျလာလို့ ကိုယ်စီးနေတဲ့လှေကလေး မြုပ်သွားခဲ့ဖူးသေးတာ။ ကမ်းကပ်ပြီး မောင်းနေချိန်မို့သာ ဒုက္ခမများကြတာ။ အခုဟာက ညကြီးမိုးချုပ်လေ။ အမြန်ကလည်း ရောက်ချင်နေပြီ၊ ခရီးကလည်း တွင်ချင်လှပြီ။ ခက်တာက ရှေ့ကိုသဲသဲကွဲကွဲ မမြင်ရတဲ့ကိစ္စပဲ။ ရှေ့ကလူတွေကလည်း ဘယ်ကွေ့ညာလှည့်နဲ့ အဆင်သင့်သလိုသာ မှန်းပြီး အော်နေရတာ၊ ရေလမ်းကြောင်းကိုက ကောင်းကောင်းကျွမ်းကျင်ကြတာမဟုတ်။ နောက်က ပဲ့ကိုင်ရှင်ကရော၊ ပိုဆိုးပြီပေါ့လေ၊ ရှေ့ကလူတွေတောင် ခပ်ရေးရေးမြင်ရတဲ့မြင်ကွင်းကို သူလည်း ဘယ်အလင်းနဲ့ ရှင်းအောင်မြင်နိုင်ပါမတဲ့တုံး။ ဒီတော့ရှေ့ကလူတွေက ညာကပ်ဆို ကပ်လိုက်ရပြန်ရော။ ဘယ်ဘက်ကို ဦးထိုးလိုက်ဆိုပြန်တော့လည်း ဦးတည်ရာ ပြောင်းရပြန်ရော။ ဒီလိုဒီလိုနဲ့ ညမှောင်မှောင် ရေလယ်ခရီးမှာ လှေငယ်လေးစီးခဲ့ဖူးတယ်ဆိုပါတော့။

ရေခရီးမှာ လှေစီးတာ ဘာများခက်တာရှိလို့လဲလို့ မေးစရာရှိပြန်ရော။ ခက်ပါပြီကော။ ရေခရီးဆိုတာ မြေပြန့်လွင်ပြင်မှာ ခရီးနှင်ရသလိုမျိုးနဲ့ လားလားမှမတူ တမူကွဲနေတာပါ။ ရေစီးကိုကြည့်ရုံနဲ့ စည်း၊ သောင်ရှိ မရှိ သိနိုင်နေမှ။ တံစုန်း၊ သစ်ငုတ်၊ ဆူးခလုတ်၊ ကျောက်ဆောင် မြုပ်နေတာတွေကိုတောင် သိအောင်မြင်အောင် အမှတ်သညာမြဲရတာမျိုး။ သက်ဆိုင်ရာကချိတ်ဆွဲစိုက်ထူထားတဲ့ ရေလမ်းပြအမှတ်အသားတွေကို နားလည်မှ ဖြစ်တာမျိုး။ လှိုင်းရဲ့အမြင့်၊ လှိုင်းရဲ့အပြန့်၊ လှိုင်းရဲ့အဝန်းကိုကြည့်ပြီး အောက်မှာ ဘယ်လောက်နက်တယ်ဆိုတာကို အကဲခတ်နိုင်ရတာမျိုး။ လှိုင်းရဲ့သဘော၊ လေရဲ့သဘောကိုသာမက ရေစီးကြောင်းရဲ့ သဘောကိုပါ နားကျေနေဖို့ လိုတာမျိုး။

ရေကြောင်းခရီးဆိုတာမျိုးက နေ့လယ်နေ့ခင်း ဘက်သွားရတာတောင်မှ မမြင်နိုင်တဲ့ ရေအောက်အနေအထားကို ဆဝါးကြည့်ရသေးတာ။ ညဘက်မှောင်ချိန်ဆိုတော့ ဒီခရီးကိုနှင်ဖို့ ခက်သည်ထက်ခက်ပြီပေါ့လေ။ ကမ်းဘယ်မလဲ၊ လမ်းဘယ်မလဲ။

> ○ ရေလိုက်မလွဲဖို့ဆိုတာလည်း အတွေ့အကြုံနဲ့ ဉာဏ်ပညာကို သေသေချာချာအသုံးချနိုင်မှ ဖြစ်တာမျိုး။ ဒီမြစ်ကြောင်းပဲ၊ ဒီခရီးပဲ၊ အတူတူ စုန်နေကြတာပဲ၊ အတူတူဆန်နေကြတာပါပဲ၊ အတူစုန်ကြဆန်ကြတာချင်းအတူတူ တချို့က ရေလိုက်လွဲသွားကြတယ်။ ဦးတည်ရာချင်းတူနေတာတောင် ရေလိုက်လွဲသွားရင် ဒုက္ခကြုံရတတ်သေးတယ် ဆိုတာကို သတိပြု စေချင်ပါတယ်

### စမ်းတဝါးဝါးနဲ့ ခရီးဆက်

အဲဒီညက လှေကလေးရဲ့ ပဲ့ကိုင်ရှင်ကလည်း သူ့ကျွမ်းကျင်မှုနဲ့သူတော့ ရှိနေခဲ့တာပါပဲ။ ဒါပေမယ့် စောစောကပြောသလို ကြယ်ရောင်ကမဖြာ၊ သော်တာကမလင်း၊ မြစ်အတွင်းက မှောင်တီမှောင်ဝေဆိုတော့ သူလည်းဘုရားတရင်းမောင်းနေခဲ့လေသလားမပြောတတ်ပါဘူး။ နေ့ခင်းမှာမောင်းသလို ဘယ်နေရာက ရေကြောင်းကောင်းတယ်၊ ဘယ်နေရာက စည်းသောင်တွေခံနေတယ်ဆိုတာမျိုးကို အသေအချာမြင်ရတော့တာ မဟုတ်ဘူးလေ။ ဒီတော့ စမ်းတဝါးဝါးနဲ့ ခရီးဆက်ခဲ့ကြတာပေါ့။ ဟိုဘက်ကွေ့ရကောင်းနိုးနိုး၊ ဒီဘက်လှည့်ရကောင်းနိုးနိုး၊ ဟိုဘက်ကမ်းကပ် မောင်းရကောင်းနိုးနိုး၊ ဒီဘက်ကမ်းကပ်မောင်းရ ကောင်းနိုးနိုး။

"ဟိုးထား၊ ဟိုးထား၊ အရှိန်လျှော့ဦး၊ ကမ်းကိုတအားကပ်နေပြီ"။ အတူစီးလာတဲ့သူအားလုံးသံပြိုင်အော်လိုက်မှ စက်ကိုအရှိန်လျှော့လိုက်ရတာမကြာခဏ။ တစ်နေရာမှာတော့ အန္တရာယ်လွယ်မထားနိုင်သူတစ်ယောက်ရဲ့ မေတ္တာရပ်ခံချက်အရ လှေကိုစက်သတ်လိုက်ကြတယ်။ "ကိုင်း၊ ဒီမှာဆင်း"။ "မဟုတ်သေးဘူးထင်တယ်နော်၊ ကြည့်ရတာ ရေနက်မယ်ထင်တယ်" လို့ ပြောလိုက်တော့ "အောင်မယ်၊ ကုန်းတောသား ဘာနားလည်လိမ့်မတုံး၊ ဆင်းသာဆင်း၊ နှစ်တောင်ထက်မပိုဘူး" တဲ့။ ယုံမှတ်လို့ပုံအပ်လိုက်တဲ့သဘောနဲ့ လှေပေါ်ကခုန်အချ၊ ဗလုတ်ခနဲ လည်ပင်းအထိမြုပ်သွားလို့ မီရာလှေနံလှမ်းဆွဲလိုက်ရရှာလေရဲ့။ ရေမနက်ပါဘူးလို့ ပြောသူကိုလည်း အပြစ်မဆိုသာပြန်ဘူး။ ညမှောင်မှောင်မှာ သူလည်း သိပ်မြင်ရတာမဟုတ်ဘူးလေ။ ဩော်၊ မှားတဲ့အခါလည်း မှားပေမပေ့ါ။

ဒီလိုနဲ့ ရှေ့ကိုဆက်အလာ၊ ကမ်းဘယ်မှာရှိ၊ လမ်းဘယ်မှာရှိ ငါမသိဆိုတဲ့အခြေအနေမှာ စီးခဲ့တဲ့ လှေကလေး။ စည်းတိမ်သောင်တိမ်မှာ ထိုးဝပ်သွားမှ စက်သတ်ပြီး သေချာကြည့်လိုက်တော့ အလို၊ ရေလိုက်လွဲခဲ့ကြပါပေါ့လား။ ရှေ့တိုးမရ၊ နောက်ဆုတ်မရတော့တဲ့ အခြေအနေ၊ စက်လှေငယ်လေးဆိုတော့ ဘက်ဂီယာလည်းပါတာ မဟုတ်ဘူးလေ။ "ကိုင်း၊ ဘယ်တတ်နိုင်မလဲ၊ ကိုယ့်လူတွေဆင်း၊ တွန်း၊ ကျား၊ ရွှေ့ပဟော့"။ ရေစီးကြောင်းလေးက ဒူးဆစ်မမြုပ်တမြုပ်၊ တွန်းလိုက်ရတဲ့လှေက မလှုပ်တလှုပ်၊ ညကမိုးချုပ်။ အစုန်မို့လို့ စည်းပါးတစ်လျှောက် စက်အရှိန်နဲ့ မျောလာခဲ့တာ၊ စည်းပါးကို လွတ်အောင်ပြန်တွန်းရတာကျတော့ အကြာသား။ မိုင်ဝက်လောက်တော့ ဆန်တွန်းလိုက်ရတယ်။ စီးနေခဲ့တုန်းကသာ မသိသာတာ၊ ကိုယ်တွန်းရတဲ့ အလှည့်ကျတော့လည်း စည်းလွတ်ရာကို ရောက်နိုင်ခဲ့ပါဘိ။ ကိုင်း၊ ကိုယ့်အဖြစ်နဲ့ကိုယ်၊ ကိုယ့်အပြစ်နဲ့ ကိုယ်ပဲ၊ တွန်းကြရုံကလွဲလို့ ဘာများတတ်နိုင်ဦးမှာလဲတဲ့လေ။ အိုလေ့ ဖြစ်ပုံရယ်တဲ့မှ ပျက်ပုံ။

"အသွားမတော် တစ်လှမ်း"တဲ့။ ရေလိုက်လွဲလို့ လှေကလေးဆင်းတွန်းရတာက ဘာဟုတ်သေးလိမ့်မတုံး။ ဒီမြစ်ထဲမှာပဲ ခရီးသည်တင်အမြန်ရေယာဉ်နစ်လို့ လူရာဂဏန်းအသက်ဆုံးခဲ့ကြပြီးပြီ။ ဒီမြစ်ထဲမှာပဲ ရေလိုက်လွဲလို့ ဝဲစလုတ်မှာ မြုပ်ခဲ့ဖူးပေါင်းများကြလှပြီ။

### လှေလိုက်လွဲခြင်း

ရေလိုက်လွဲတဲ့ကိစ္စအပြင် လှေလိုက်လွဲတာမျိုးလည်း ရှိပါသတဲ့။ တစ်ခါတုန်းက ပေါက်ဖော်ကြီးတစ်ယောက်က လှေပေါက်ကြီးနဲ့ ကူးတို့ကူးနေသတဲ့။ လှေအိုလှေပေါက်ကြီးနဲ့မို့ သူများတွေတစ်ယောက်တစ်ကျပ် ကူးတို့ခယူနေတဲ့ခရီးကို သူက တစ်မတ်ပဲယူသတဲ့။ ဈေးက အတော်သက်သာနေတာဆိုတော့ "တီယောက်တိကျပ်၊ တီယောက်တိကျပ်"ဆိုတဲ့ အသံကြားတဲ့ဆီ လူတွေကစုလာတယ်။ ကြည့်လိုက်တော့ လှေကသိပ်မဟန်ဘူး။ ဖြစ်ပါ့မလားလို့မေးကြတော့ "ကိတ်ချမစိဘူး၊ ကိတ်ချမစိဘူး၊ ကိတ်ချစိရင် ကျီလော်ပြောမယ်"တဲ့။ ဒီလိုနဲ့လှေကထွက်အလာ၊ တစ်ယက်နှစ်ယက်လှော်လိုက်၊ တစ်ခွက်နှစ်ခွက် ခပ်ထုတ်လိုက်နဲ့ပေ့ါ။ လှေကပေါက်၊ လူကများ၊ ဝန်နဲ့အားမမျှတော့ လှေထဲမှာ ကြာလေ ရေတွေများလာလေလေ ဖြစ်ရောတဲ့။ သူလည်း တတ်နိုင်သလောက်တော့ ခပ်လိုက် လှော်လိုက်လုပ်နေတာပါပဲ။ ဘယ်လိုမှမရတော့တဲ့ အဆုံး "ကိတ်ချစိပြီ၊ ကိတ်ချစိပြီ၊ ဆင်းကြလေ့"လို့ အော်ပြောလိုက်သတဲ့။ သူအော်တော့ လှေက မြစ်လယ်ရောက်နေပြီတဲ့။

ရေလိုက်မလွဲဖို့လည်းလိုသလို လှေလိုက်မလွဲဖို့လည်းလိုတယ်။ အဓိကကတော့ ရေလိုက်မလွဲဖို့။ ရေလိုက် မလွဲဖို့ဆိုတာလည်း အတွေ့အကြုံနဲ့ ဉာဏ်ပညာကို သေသေချာချာအသုံးချနိုင်မှ ဖြစ်တာမျိုး။ ဒီမြစ်ကြောင်းပဲ၊ ဒီခရီးပဲ၊ အတူတူစုန်နေကြတာပဲ၊ အတူတူဆန်နေကြတာပါပဲ၊ အတူစုန်ကြဆန်ကြတာချင်းအတူတူ တချို့က ရေလိုက်လွဲသွားကြတယ်။ ဦးတည်ရာချင်း တူနေတာတောင် ရေလိုက်လွဲသွားရင် ဒုက္ခကြုံရတတ်သေးတယ် ဆိုတာကို သတိပြုစေချင်ပါတယ်။

ကိုယ့်ဘာသာလှေတစ်စင်းနဲ့ စုန်ဆန်သွားလာနေသူလား၊ သတိတော့ထားရမှာပေ့ါ။ ရေလိုက်လွဲရင် ကိုယ်ပဲဒုက္ခရောက်ရမှာမဟုတ်လား။ ကိုယ်က ခရီးသယ်တင်ယာဉ်ကြီးတစ်စင်းကို ပဲ့ကိုင်ခုတ်မောင်းသွားလာနေရသူလား။ ဒါဆိုရင်တော့ ပိုပြီးသတိထားရမှာပါ။ ကိုယ်တစ်ခုခုလွဲလိုက်တာနဲ့ ကိုယ့်ယာဉ်ပေါ်က ခရီးသည်တွေ ဒုက္ခရောက်နိုင်တာမို့ပါ။ ခရီးစဉ်အစအဆုံး ဘေးကင်းလုံခြုံရေးက ကိုယ့်မှာတာဝန်အပြည့်ရှိတယ်ဆိုတာကို အမြဲသတိရှိနေဖို့လိုမှာပါ။ ကိုယ်ကခရီးသည်လား၊ ဒါဆိုရင်လည်း လှေအိုလှေပေါက်ကြီးပေါ် တက်မစီးမိဖို့ လိုမှာပါ။ ကိုယ်စီးတဲ့ယာဉ်က သတ်မှတ်ထားတဲ့ ဘေးကင်းလုံခြုံရေးဆိုင်ရာစည်းကမ်းတွေကို လေးစားလိုက်နာဖို့ လိုမှာပါ။ ဘေးကင်းအောင်မောင်းနေပါလျက်နဲ့ ကိုယ့်ဘာသာခုန်ချရင်တော့ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံပေ့ါလေ။

### ဘဝခရီးကိုနှင်တဲ့အခါ

ခရီးတစ်ခုစာအတွက်အသုံးပြုရတဲ့ ရေလမ်းခရီးမှာ ရေလိုက်မလွဲဖို့လိုသလို ဘဝခရီးကိုနှင်တဲ့အခါမှာလည်း ရေလိုက်မလွဲမိဖို့အရေးကြီးပါတယ်။ ဘေးဒုက္ခမကြုံခင်အခြေအနေအထိတော့ သူကလွဲတယ်၊ ကိုယ်ကလွဲတယ်လို့ အငြင်းပွားနေနိုင်သေးတာပါပဲ။ ရေယာဉ်ဆိုတာမျိုးက ကုန်းပေါ်ကယာဉ်လို ချက်ချင်းဘရိတ်အုပ်လို့ရတာမျိုးမဟုတ်တော့ ပိုပြီးသတိရှိဖို့လိုပါတယ်။ ဝဲထဲမြုပ်ချိန်၊ ကျောက်စွန်းကျောက်ဆောင်နဲ့တိုက်မိချိန်ကျမှ အသေအချာသိရတာမျိုး။ သိသွားချိန်မှာ ကယ်ဖို့နောက်ကျနေတတ်ပါတယ်။

ရေကြောင်းကျပ်နေချိန်မှာ မော်တော်တစ်စင်းကန့်လန့်ခံနေလို့ ရေလမ်းပိတ်ပြီး ကျန်တဲ့ရေယာဉ်တွေပါ ရှေ့တိုးမရဖြစ်သွားတာမျိုးကလည်း နွေရာသီတွေမှာ ဖြစ်လေ့ရှိတတ်ပါတယ်။ ကိုယ်က လမ်းကြောင်းမှန်မှန် ခုတ်မောင်းသွားလာနေပေမယ့် တစ်ဖက်ကမှားပြီး ဝင်တိုက်မိလို့ ကိုယ်ပါဒုက္ခရောက်ရတာမျိုးလည်း ရှိလေရဲ့။ သတိတော့လိုမှာပါ။ လှိုင်းရဲ့သဘော၊ လေရဲ့သဘော၊ ရေရဲ့သဘောတွေကို နားလည်ဖို့အပြင် သွားလာခုတ်မောင်းနေကြတဲ့ ယာဉ်တွေရဲ့အနေအထားကိုလည်း သတိပြုဖို့လိုမှာပါ။ အန္တရာယ်အငွေ့အသက်တွေ တွေ့မြင်နေရရင် အချိန်မီ ကမ်းကိုကပ်လိုက်ဖို့လိုမှာပါ။ ဒါမှမဟုတ် ကျွမ်းကျင် ယာဉ်မောင်းတစ်ယောက်ယောက်ဆီ ရေယာဉ်ကို အမြန်လွှဲလိုက်သင့်တာ။ စမ်းတဝါးဝါးနဲ့ သင်မောင်းဘဝမှာ ဘယ်လိုခရီးသည်တင်ယာဉ်အမျိုးအစားကိုမှ မမောင်းသင့်ပါ။

ဘဝခရီးကိုနှင်ရတဲ့အခါ မြစ်မင်းနဒီနဲ့တူတဲ့အရာတွေ၊ လှိုင်းနဲ့တူတဲ့အရာတွေ၊ လေနဲ့တူတဲ့အရာတွေ၊ ကျောက်ဆောင်၊ သစ်ငုတ်၊ ဝဲစလုတ်နဲ့တူတဲ့အရာတွေ၊ ဒါတွေဒါတွေကို သတိပြုနိုင်ဖို့လိုမှာပါ။ ကိုယ်စီးတဲ့ယာဉ်ရဲ့သဘော၊ ကိုယ်နှင်တဲ့ ခရီးရဲ့သဘောကိုလည်း နားကျေနေဖို့လိုမှာပါ။

အစုန်အဆန်မျောရတဲ့ဘဝခရီးမှာ ရေလိုက်မလွဲကြစေရေးအတွက် သတိချပ်ကြဖို့ မေတ္တာသဝဏ်ဆက်သွင်းလိုက်ရခြင်းပါ။ ရေလိုက်လွဲမှာကိုတော့ စိုးရိမ်မိပါရဲ့။ ။

# ပုသိမ်မြို့၌ စက်ရုံအလုပ်ရုံဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံ

**ပုသိမ် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် စက်ရုံအလုပ်ရုံ ဝန်ထမ်းများနှင့် အသက် (၅၅-၆၄) နှစ် အုပ်စုအတွင်းရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လုံးဝမထိုးရသေးသူများအား ပထမအကြိမ် ဆေးထိုးနှံပေးခြင်းကို ဆေးထိုးစုရပ်များဖြစ်သည့် အ.ထ.က (၁)၊ အ.ထ.က(၄)၊ အ.ထ.က(၆)၊ မြို့တော်ခန်းမနှင့် မြို့နယ်ကျန်းမာရေးရုံးတို့တွင် ယနေ့နံနက်ပိုင်းက စတင်၍ ဆေးထိုးနှံပေးလျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးသည်။

ယနေ့ ကာကွယ်ဆေးထိုးနှံရာတွင် ဟွာပိုတိုင်းစက်ရုံတွင် အလုပ်သမား ၄၀၀ ကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးရုံးတွင် ဆန်စက်အလုပ်သမားများနှင့် အချုပ်သား ၁၀၀၊ အ.ထ.က(၁) စုရပ်တွင် အမှတ် (၅) ရပ်ကွက်၊ မြို့တော်ခန်းမစုရပ်တွင် အမှတ် (၂) ရပ်ကွက်မှ ပြည်သူများအားလည်းကောင်း ကာကွယ်ဆေး စတင် ထိုးနှံပေးကြောင်း သိရသည်။ အဆိုပါ ကာကွယ်ဆေးထိုးသည့် စုရပ်နေရာများသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်တို့သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးဝေဇင်ထွန်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍



ကာကွယ်ဆေး ထိုးစုရပ်နေရာများသို့ လိုက်လံကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် ပြည်သူများအား နှုတ်ဆက်ကာ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၅ ရက်တွင် ဟီရှန်၊ နော်ရှီး စက်ရုံများရှိ စက်ရုံလုပ်သားများအား အဆိုပါ စက်ရုံများတွင် လည်းကောင်း၊ အ.ထ.က(၁) စုရပ်တွင် နိုင်ငံ့ဝန်ထမ်းများ၊ အ.ထ.က (၄) စုရပ်တွင် အမှတ်(၈) ရပ်ကွက်နှင့် သစ်ညိုကုန်းစုရပ်တွင် အမှတ်(၁) ရပ်ကွက်ရှိ ပြည်သူများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို စက်တင်ဘာ ၁၄ ရက်မှစတင်၍ ၂၀ ရက်အထိ ဆေးထိုးစုရပ်များတွင် ကျန်းမာရေးဝန်ကြီးဌာန ၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ကာကွယ်ဆေးထိုးနှံ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန္ဒာဆွေ(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ လွယ်ကူလျင်မြန်စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ လွယ်ကူလျင်မြန်စွာတင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီနှင့် မြဝတီ ကုန်သွယ်ရေးစခန်း လေးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၁ ခုမှ ယာဉ်စီးရေ ၂၄ စီးဖြင့် အောက်ဆီဂျင်





(အရည်) (Bowser) ယာဉ်နှစ်စီး ၃၉ တန်၊ အောက်ဆီဂျင် (အိုးခွံ) အခု၂၇၉၀၊ Oxygen Plant ၆၈ ခု၊ အိမ်သုံး Oxygen Concentrator ၃၁၈ ခု၊ Test Kit အခု ၅၀၂၄၀၊ PPE ဝတ်စုံ ၇၃၀၀၊ လက်အိတ် ၂၉ တန်နှင့် နှာခေါင်းစည်း (Mask) ၆၃ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) (Bowser) ယာဉ် နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant ၆၈ ခုမှာ ရန်ကုန်မြို့သို့ ၆၄ ခု၊ မန္တလေးမြို့၊ မြစ်ကြီးနားမြို့၊ ဖားကန့်မြို့နှင့် မိုးကောင်းမြို့တို့သို့ တစ်ခုစီ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များနှင့် အကူအညီလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

**နေပြည်တော် စက်တင်ဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါခံတပ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများ၌ တပ်မတော်သား ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက် အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိတိုးချဲ့ ကာကွယ်ဆေးသိုလှောင်ခန်းတွင်ထားရှိသည့် ကိုဗစ်ရောဂါ ကာကွယ်ဆေးများကို စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ ကာကွယ်ဆေး အလုံး ၁၀၀၀၀၊ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ကာကွယ်ဆေး အလုံး ၁၀၀၀၀၊ သံတွဲမြို့သို့ ကာကွယ်ဆေး အလုံး ၈၀၀၀၊ ပလက်ဝမြို့သို့ ကာကွယ်ဆေး အလုံး ၆၀၀၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့သို့ ကာကွယ်ဆေး အလုံး ၄၀၀၀၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ကာကွယ်ဆေး အလုံး ၄၀၀၀၊ ကယားပြည်နယ် လွိုင်ကော်မြို့သို့ ကာကွယ်ဆေး အလုံး ၁၈၀၀၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ ကာကွယ်ဆေး အလုံး ၄၀၀၀၊ ထားဝယ်မြို့သို့ ကာကွယ်ဆေး အလုံး ၄၀၀၀နှင့် ကော့သောင်းမြို့သို့ ကာကွယ်ဆေး အလုံး ၂၀၀၀ တို့ကို တပ်မတော်လေယာဉ်များဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သို့ ကာကွယ်ဆေး အလုံး ၂၀၀၀၀၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့သို့ ကာကွယ်ဆေး အလုံး ၇၄၀၀၀၊ နေပြည်တော်ကောင်စီနယ်မြေသို့ ကာကွယ်ဆေး အလုံး ၇၆၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ကာကွယ်ဆေး အလုံး ၃၆၀၀၀ နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ ကာကွယ်ဆေး အလုံး ၁၆၀၀၀ တို့ကို မြေပြင်ခရီးလမ်းကြောင်းမှ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့်လည်းကောင်း ဆက်လက်ပို့ဆောင်ပေးရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ယင်းသို့ ပို့ဆောင်ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စု လူဦးရေ၊ ဦးစားပေး အစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံး ထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော်(လေ)မှ ပို့ဆောင်ရေးလေယာဉ်၊ ရဟတ်ယာဉ်များ၊ မြန်မာ့လေကြောင်းတို့၏ အကူအညီများ ရယူကာ လေကြောင်းခရီးဖြင့်လည်း ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

New Product

## ဟွာဝေးရဲ့ တက်ဘလက်မော်ဒယ်သစ် MatePad T10S




ဟွာဝေး MatePad T10S တက်ဘလက်မော်ဒယ်သစ်ကို နိုင်ငံတကာမှာ စက်တင်ဘာ ၉ ရက်က စတင်ရောင်းချခဲ့ပြီး ပြည်တွင်းဈေးကွက်ကိုလည်း နိုင်ငံတကာနဲ့ ရက်အနည်းငယ်သာကွာပြီး ဝင်ရောက်လာခဲ့တာဖြစ်ပါတယ်။ RAM နဲ့ မင်မိုရီပိုင်းအနေနဲ့ နိုင်ငံတကာဈေးကွက်မှာ 2/16 GB, 2/32 GB နဲ့ 3/64 GB လို့ သုံးမျိုးခွဲပြီး ထွက်ထားပေမယ့် ပြည်တွင်းဈေးကွက်ထဲမှာတော့ 3/64 တစ်မျိုးပဲ ဝင်ရောက်လာတာ တွေ့ရပါသေးတယ်။

MatePad T10S ရဲ့ စွမ်းဆောင်ရည်ပိုင်းမှာ အဓိကကျတဲ့အချက်တွေကို ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၁၀ ဒသမ ၁ လက်မ |
| မျက်နှာပြင်အမျိုးအစား | IPS LCD |
| Resolution | 1200 x 1920 pixels |
| အလေးချိန် | ၀ ဒသမ ၉၉ ပေါင် |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 10, EMUI 10.1 |
| Chipset နဲ့ CPU | Kirin 710A (14 nm), Octa-core |
| RAM နဲ့ မင်မိုရီ | 3/64 (SD ကတ် 512 GB အထိ ထည့်နိုင်) |
| ပင်မ ကင်မရာ | ၅ မဂ္ဂါပစ်ဇယ် |
| ဆယ်လ်ဖီကင်မရာ | ၂ မဂ္ဂါပစ်ဇယ် |
| စပီကာ | စတီရီယိုစပီကာ |
| USB | Type-C 2.0, USB On-The-Go |
| ဘက်ထရီနဲ့ အားသွင်းစနစ် | Li-Po 5100 mAh, Charging 10W |

MatePad T10S မှာ ကွန်ရက်ချိတ်ဆက်မှုအနေနဲ့ GSM Nano SIM ကတ် ထည့်သုံးနိုင်ပြီး ဝိုင်ဖိုင်မှာလည်း dual-band ရော၊ Wi-Fi Direct ရော ချိတ်ဆက်နိုင်သလို hotspot လည်း လွှင့်နိုင်ပါတယ်။ Bluetooth ကတော့ 5.0 ဖြစ်ပါတယ်။ တက်ဘလက်ဖြစ်တဲ့အတွက် Stylus Pen နဲ့လည်း သုံးနိုင်ပါတယ်။ ပလေးစတိုးအပါအဝင် Google Services တွေတော့ ရမှာမဟုတ်ဘဲ ဟွာဝေးရဲ့ အက်ပလီကေးရှင်းစတိုး App Gallery ကို သုံးနိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်းက စက်တင်ဘာ ၁၃ ရက်မှာ ကျပ် ၃၈၉၀၀၀ ဖြစ်ပြီး အပြောင်းအလဲရှိနိုင်ပါတယ်။ **ကိုစိုး**

## အန်းဒရွိုက်ဗားရှင်းအသစ် Android 12 ကို မကြာမီ စတင်အသုံးပြုနိုင်တော့မည်



**ရန်ကုန် စက်တင်ဘာ ၁၄**

အန်းဒရွိုက်ဗားရှင်းအသစ်ဖြစ်သည့် Android 12 ကို Google က ယခုနှစ် ဖေဖော်ဝါရီလအတွင်းမှစ၍ Developer များအတွက် ထုတ်ပေးခဲ့ပြီး မေလမှစ၍ သာမန်အသုံးပြုသူများအတွက်ပါ စမ်းသပ်ဗားရှင်းများ ထုတ်ပေးခဲ့ရာမှ စက်တင်ဘာ ၈ ရက်တွင် နောက်ဆုံးစမ်းသပ်ဗားရှင်းဖြစ်သည့် Beta 5 ကို ထုတ်ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ နောက်ဆုံးစမ်းသပ်ဗားရှင်းကို Developer များနှင့် သာမန်သုံးစွဲသူများက စမ်းသပ်အသုံးပြု၍ ပြုပြင်မှုများပြုလုပ်ပြီးနောက် မကြာမီတွင် Android 12 ကို စတင်အသုံးပြုနိုင်တော့မည်ဖြစ်သည်။

Android 12 ကို စတင်အသုံးပြုနိုင်မည့်အချိန်ကို Google အနေဖြင့် တရားဝင်ကြေညာထားခြင်းမရှိသေးသော်လည်း ယခင်အန်းဒရွိုက်ဗားရှင်းများတွင် နောက်ဆုံးစမ်းသပ်ဗားရှင်းထွက်ပြီး ရက်သတ္တပတ် အနည်းငယ်အတွင်း စတင်အသုံးပြုနိုင်ခဲ့သောကြောင့် Android 12 ကို လာမည့် အောက်တိုဘာ သို့မဟုတ် နိုဝင်ဘာလအတွင်း စတင်အသုံးပြုနိုင်မည်ဟု နိုင်ငံတကာမှ ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။

Android 12 ၏ ဒီဇိုင်းပိုင်း၊ စွမ်းဆောင်ရည်ပိုင်းနှင့် လုံခြုံမှုပိုင်းတို့တွင် လက်ရှိထွက်ထားပြီးသော အန်းဒရွိုက်ဗားရှင်းများထက် ထူးခြားချက်များ ပါဝင်လာပြီး အဓိကအချက်မှာ Material You ဟု အမည်ပေးထားသည့် ဒီဇိုင်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဖြစ်သည်။ ဒီဇိုင်းပိုင်းတွင် ဖုန်း၏ Setting အပါအဝင် နေရာအားလုံးမှ စာလုံးအရောင်အသွေးများ ဒီဇိုင်းများကို စိတ်ကြိုက်ပြောင်းလဲနိုင်မည်ဖြစ်သလို ရွေးချယ်ထားသော Wallpaper မှ ပုံ၏ အရောင်အပေါ် မူတည်၍လည်း နာရီဂဏန်း၊ စာများနှင့် Notification များ၏ အရောင်များကိုပါ အလိုအလျောက်ပြောင်းလဲပေးမည်ဖြစ်သည်။

လုံခြုံရေးပိုင်းအတွက် ပါဝင်လာသည့် privacy dashboard လုပ်ဆောင်ချက်တွင် ဖုန်း၏ မိုက်ခရိုဖုန်းနှင့် ကင်မရာကို လျှို့ဝှက်သုံးနေသော အက်ပလီကေးရှင်းများရှိပါက သတိပေးခြင်း၊ ဖုန်းထဲမှ အက်ပလီကေးရှင်းနှင့် ဖိုလ်ဒါတစ်ခုချင်းကို လက်ဗွေဖြင့်ပိတ်ထားနိုင်ခြင်း စသည်တို့ ပါဝင်လာသည်။

စွမ်းဆောင်ရည်ပိုင်းတွင်လည်း Chrome OS စနစ်သုံးကွန်ပျူတာ(Chromebook)များ အပါအဝင် Google ၏ ထုတ်ကုန်များကို ဖုန်းမှတစ်ဆင့် ဖွင့်နိုင်ခြင်း၊ အန်းဒရွိုက်တီဗွီများအတွက် ရီမုအဖြစ် အသုံးပြုနိုင်ခြင်း၊ မက်ဆင်ဂျာ အက်ပလီကေးရှင်းများအတွက် Contact များကို ခွဲခြားထားနိုင်ခြင်း၊ စမတ်နာရီများကဲ့သို့ ဝတ်ဆင်နိုင်သော ကိရိယာများနှင့် ချိတ်ဆက်ရာတွင် ပိုမိုကောင်းမွန်ခြင်း၊ ဓာတ်ပုံများကို အရည်အသွေးမကျစေဘဲ ချုံ့နိုင်ခြင်း စသည့်အချက်များ ပါဝင်သလို ကင်မရာပိုင်းနှင့် အသံပိုင်းတွင်လည်း အဆင့်မြှင့်တင်ထားသည်။

Android 12 စတင် ထွက်ရှိလာချိန်တွင် လက်ရှိ Android 11 အသုံးပြုနေသော ဖုန်းများထဲမှ သင့်တော်သောဖုန်းများအတွက် Android 12 Update ထုတ်ပေးမည်ဖြစ်သည်။ နိုင်ငံတကာမှ ကျွမ်းကျင်သူများ၏ သုံးသပ်ချက်များအရ လက်ရှိဈေးကွက်အတွင်းမှ Android 12 ကိုအသုံးပြုနိုင်မည့် ဖုန်းများမှာ Pixel 6 and Pixel 6 Pro, Pixel 3 to Pixel 5, Oppo Find X3 Pro, Nokia X20, OnePlus 9 / 9 Pro, Xiaomi Mi 11 / 11 Ultra, Xiaomi Mi 11i / 11X Pro, ZTE Axon 30 Ultra, TCL 20 Pro 5G, Asus Zenfone 8, Realme GT, Vivo iQOO 7 Legend နှင့် Tecno Camon 17 စသည့်ဖုန်းများဖြစ်ကာ ဆမ်ဆောင်း၏ မှန်ကိုကွေးနိုင်သော Galaxy Z Fold 3 and Z Flip 3 တို့တွင်လည်း Update ရနိုင်မည်ဖြစ်သည်။ ယင်းတို့အနက် Google မှထုတ်ထားသည့် Pixel ဖုန်းများမှာ Update ကို အစောဆုံး ရရှိနိုင်မည်ဖြစ်သည်။

Google သည် ၎င်းတို့ထုတ်လုပ်သည့် Android ဗားရှင်းများကို အစမ်းဗားရှင်းဖြစ်သည့် Alpha နှင့် Beta ပြီးနောက် C မှစ၍ Q အထိ အက္ခရာစဉ်အလိုက် စားသောက်စရာ အမည်များဖြင့် ထုတ်လုပ်ခဲ့ကာ ထို့နောက်တွင်မှ Android 11 အမည်ဖြင့် ဆက်ထုတ်ခဲ့သည်။ ထို့ကြောင့် ယခုထွက်လာမည့်ဗားရှင်းသည် Android 12 ဟုဆိုသော်လည်း စထုတ်ခဲ့သည့် Alpha နှင့် Beta မှစလျှင် ၁၉ ခုမြောက် အန်းဒရွိုက်ဗားရှင်းဖြစ်သည်။ **ကိုစိုး**

Mobile Game Review

## 2D ရုပ်ထွက်နဲ့ လူကြိုက်များတဲ့ Ninja Arashi အက်ရှင်ဂိမ်း



မိုဘိုင်းဖုန်းတွေရဲ့စွမ်းဆောင်ရည် မြင့်လာတာနဲ့အမျှ ဂိမ်းတွေကိုလည်း 3D ရုပ်ထွက်တွေနဲ့ ပိုကောင်းအောင်လုပ်လာကြလို့ 2D ဂိမ်းဆိုရင် ဒီနောက်ပိုင်းမှာ လူကြိုက်များတာ သိပ်မရှိပါဘူး။ Ninja Arashi ဂိမ်းကတော့ ၁ နဲ့ ၂ နှစ်ခုထွက်ထားရာမှာ နှစ်ခုလုံးဟာ 2D ဂိမ်းဖြစ်ပေမယ့် လှပတဲ့ နောက်ခံရုပ်ပုံတွေ၊ သပ်ရပ်တဲ့ လှုပ်ရှားပုံတွေနဲ့ ဆော့ရခက်တဲ့ ဂိမ်းပလေးကြောင့် လူကြိုက်များတဲ့ဂိမ်းဖြစ်ပါတယ်။

Ninja Arashi ဂိမ်း ၁ နဲ့ ၂ နှစ်ခုလုံးဟာ ခပ်ဆင်ဆင် အက်ရှင်ဂိမ်းတွေဖြစ်ပြီး လုပ်ရတဲ့ Mission တွေနဲ့ လက်နက်အချို့သာ ကွာခြားပါတယ်။ နင်ဂျာတစ်ယောက်အနေနဲ့ အန္တရာယ်တွေ၊ ထောင်ချောက်တွေ ပြည့်နေတဲ့လမ်းမှာ အနီးကပ်/အဝေးပစ် လက်နက်တွေသုံးပြီး ရန်သူတွေကို တိုက်ခိုက်သွားရမှာဖြစ်ပါတယ်။ Ninja Arashi ဂိမ်း ၁ မှာ အခန်း ၄၅ ခန်းနဲ့ ၂ မှာ အခန်း ၈၀ ပါဝင်ပါတယ်။ ဂိမ်းနှစ်ခုလုံးဟာ 2D ဂိမ်းဖြစ်လို့ ဖိုင်ဆိုက်သေးပြီး ၁ က 62MB နဲ့ ၂ က 118MB ပဲရှိပါတယ်။ ဖုန်းအမျိုးအစားလည်း မရွေးဘဲ မော်ဒယ်နိမ့်တဲ့ဖုန်းတွေနဲ့လည်း အဆင်ပြေပြေ ဆော့နိုင်ပါတယ်။ **ကျော်ဇင်ဦး**

Application Guide

## ဖုန်းကို ပိုမြန်အောင်သုံးနိုင်စေမယ့် RAM Cleanup အက်ပလီကေးရှင်း

ဒီအက်ပလီကေးရှင်းက ဖုန်းတွေထဲမှာ မလိုအပ်ဘဲပွင့်နေတဲ့ အက်ပလီကေးရှင်းတွေကို ပိတ်ပစ်ပေးပြီး RAM နေရာလွတ်တွေ ပိုရစေလို့ ဖုန်းကို ပုံမှန်ထက်ပိုပြီး ပေါ့ပေါ့ပါးပါးသုံးနိုင်အောင် လုပ်ပေးတဲ့ အက်ပလီကေးရှင်းဖြစ်ပါတယ်။

RAM ကိုရှင်းပေးတဲ့ လုပ်ဆောင်ချက်တွေဟာ ဖုန်းအတော်များများမှာပါသလို ပလေးစတိုးမှာလည်း RAM ကိုရှင်းပေးတဲ့ အက်ပလီကေးရှင်းတွေ အများအပြားရှိပါတယ်။ ဒါပေမယ့် ဒီ RAM Cleanup အက်ပလီကေးရှင်းကတော့ ဖိုင်အရွယ်အစား သေးငယ်ပေါ့ပါးပြီး ဖုန်းအမျိုးမျိုးနဲ့ သင့်တော်ခြင်း၊ အက်ပလီကေးရှင်းကို သုံးဖို့နည်းပညာပိုင်းနားလည်စရာမလိုဘဲ ကလစ်တစ်ချက်နှိပ်ရုံနဲ့ လိုအပ်တာတွေကို အက်ပလီကေးရှင်းကပဲ လုပ်ပေးနိုင်လို့ သုံးရလွယ်ခြင်းနဲ့ RAM ထဲက မလိုတာတွေကို ရှင်းထုတ်ရာမှာ ထိရောက်ခြင်းတွေကြောင့် ပလေးစတိုးက အသုံးပြုသူတွေရဲ့ Review သတ်မှတ်ချက်မှာ 4.4 အထိ ရထားတာဖြစ်ပါတယ်။ ဒီအက်ပလီကေးရှင်းကို ပလေးစတိုးမှာ RAM Clean-up J Kosa လို့ ရိုက်ရှာပြီး အလွယ်တကူ သုံးနိုင်ပါတယ်။

**ကျော်ဇင်ဦး**

## ဝါးခယ်မမြို့နယ်၌ ရောဝတီမြစ်ရေနှင့် ရွှေလောင်းမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားသဖြင့် နေအိမ် ၂၆ လုံး ရွှေ့ပြောင်းခဲ့ရ



**ဝါးခယ်မ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ ကျေးရွာ သုံးရွာတွင် ယနေ့နံနက်ပိုင်းက ဧရာဝတီမြစ်ရေနှင့်ရွှေလောင်းမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားသည်။ (ယာပုံ)

အဆိုပါ မြစ်ရေတိုက်စားမှုကြောင့် ဟသ်ာဒုံးကျေးရွာအုပ်စု ဟသ်ာဒုံးကျေးရွာတွင် မြစ်ကမ်းပါး အလျားပေ ၇၀၊ အနံပေ၂၀ ခန့်၊ တံခွန်တိုင်ကျေးရွာအုပ်စု စစ်တန်းကျေးရွာတွင် မြစ်ကမ်းပါး အလျားပေ ၃၀၊ အနံ ၁၅ပေခန့်၊ ရွှေလောင်းမြစ်ရေ တိုက်စားမှုကြောင့် အထက်ပေကုန်းကျေးရွာအုပ်စု အထက်ပေကုန်းကျေးရွာတွင် မြစ်ကမ်းပါးအလျားပေ ၆၀၊ အနံ ၁၅ ပေခန့် အသီးသီးပြိုကျခဲ့ရာ လူ၊ တိရစ္ဆာန်နှင့် အဆောက်အအုံများ ထိခိုက်မှုမရှိကြောင်း၊ မြစ်ကမ်းပါးအနီးတွင် နေထိုင်သော ဟသ်ာဒုံးကျေးရွာရှိနေအိမ် ၁၅လုံး၊ စစ်တန်းကျေးရွာတွင် နေအိမ်တစ်လုံး၊ အထက်ပေကုန်း ကျေးရွာတွင် နေအိမ် ၁၀ လုံးစုစုပေါင်း နေအိမ် ၂၆လုံးနှင့် မိသားစုဝင် အမျိုးသား ၇၈ဦး၊ အမျိုးသမီး ၆၄ ဦး စုစုပေါင်း ၁၄၂ ဦးတို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးသည်။

ဟသ်ာဒုံးနှင့် တံခွန်တိုင်ကျေးရွာအုပ်စုသည် ဧရာဝတီမြစ်ကမ်းပါးတွင် လည်းကောင်း၊ အထက်ပေ ကုန်းကျေးရွာအုပ်စုသည် ရွှေလောင်းမြစ်ကမ်းပါးတွင် လည်းကောင်း တည်ရှိသောကြောင့် အလားတူ မြစ်ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

**စောသန္တာဦး(ပြန်/ဆက်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၄**

အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နောင်မွန်နယ်မြေရဲစခန်းမှူး ရဲအုပ်စောနိုင် ဦးစီး တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၄ ရက်က နောင်မွန်ဆေးရုံ၌ စုပေါင်း သွေးလှူဒါန်းကြကြောင်း သိရသည်။ **ကိုကိုဇော်**



## ငါ့သရောက်မြို့ ဖြူကြီးကျေးရွာ၌ မိုးရေတိုက်စားပြီး ချောင်းကမ်းပါး ပြိုကျမှုဖြစ်

**ငါ့သရောက် စက်တင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ဖြူကြီးကျေးရွာ၌ ဩဂုတ် ၃၁ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး အဆိုပါမိုးရွာသွန်းမှုကြောင့် ကျေးရွာတောင်ဖျားရှိ ရေစီးချောင်းရိုး မိုးရေတိုက်စားပြီး ချောင်းကမ်းပါးပြိုကျမှုများ ဖြစ်ပွားကြောင်း၊ အဆိုပါ ချောင်းကမ်းပါးပြိုကျမှုမှာ လူနေအိမ်များနှင့် နီးကပ်လျက် ရှိသဖြင့် အမြန်ပြုပြင်ပေးရန်အတွက် ဒေသခံများက လိုလားလျက်ရှိ ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးရွာမှာ ပြီးခဲ့တဲ့ ဩဂုတ် ၃၁ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ကျေးရွာတောင်ဖျားမှာရှိတဲ့ ချောင်းမှာ ရေစီးများပြီးတော့ ချောင်းကမ်းပါးပြိုကျမှုတွေဖြစ်ပြီး ချောင်းနဲ့ကပ်နေတဲ့ လှည်းလမ်း ရေတိုက်စားပြီး သွားလို့မရအောင် ပျက်စီးသွားပါတယ်။ နောက်ထပ် မိုးရွာသွန်းပြီး ချောင်းကမ်းပါးပြိုကျမှုတွေ ထပ်မံဖြစ်ပွားပါက လူနေအိမ်တွေအတွက်လည်း စိုးရိမ်ရတာမို့ သက်ဆိုင်ရာတာဝန်ရှိသူတွအနေနဲ့အမြန်ပြုပြင်ပေးစေလိုပါတယ်" ဟု အဆိုပါ ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ ဖြူကြီးကျေးရွာသည် အိမ်ခြေ ၅၀၀ ကျော်ခန့်ရှိပြီး ဒေသခံကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပြီး အချို့တောင်သူများမှာ မိသားစုဝင်ငွေ တိုးပွားရေးအတွက် ထန်းလုပ်ငန်းကိုလည်း လုပ်ကိုင်ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်**
**(ညောင်ဦး )**

## မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို အသင်းပေါင်း ၂၄ သင်းဖြင့် ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာ့ လက်ရွေးစင်အသင်း ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၃ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲကို အသင်းပေါင်း ၂၄သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် အုပ်စုအောက်ဆုံးနေရာတွင်သာ ရပ်တည်ခဲ့သော်လည်း ပဉ္စမနေရာရအကောင်းဆုံးသုံးသင်းစာရင်းဝင်ခဲ့သဖြင့် တတိယအဆင့်ခြေစစ်ပွဲအား တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်းအပါအဝင် ဘင်္ဂလားဒေ့ရှ်၊ ယီမင်၊ သီရိလင်္ကာ၊ ထိုင်း၊ မွန်ဂိုလီးယား၊ အာဖဂန်နစ္စတန်၊ စင်ကာပူ၊ ဟောင်ကောင်၊ နီပေါ၊ မော်လ်ဒိုက်၊ တာ့ခ်မင်နစ္စတန်၊ မလေးရှား၊ ကာဂျစ္စတန်၊ အိန္ဒိယ၊ ပါလက်စတိုင်း၊ ဘာရိန်း၊ ဂျော်ဒန်၊ ဖိလစ်ပိုင်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့် ကူဝိတ်အသင်းတို့ ယှဉ်ပြိုင်ခွင့်ရထားသည်။

၂၀၂၃ အာရှဖလားပြိုင်ပွဲ အိမ်ရှင်နိုင်ငံဖြစ်သည့် တရုတ်အပါအဝင် ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် အုပ်စုပထမနေရာနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရ လေးသင်းဖြစ်သည့် ဂျပန်၊ ကာတာ၊ ယူအေအီး၊ ဆီးရီးယား၊ ဩစတြေးလျ၊ အီရန်၊ ဆော်ဒီအာရေဗျ၊ တောင်ကိုရီးယား၊ အီရတ်၊ အိုမန်၊ လက်ဘနွန်နှင့် ဗီယက်နမ်အသင်းတို့မှာ တတိယအဆင့်ခြေစစ်ပွဲ ဆက်လက်ယှဉ်ပြိုင်ရန်မလိုဘဲ နောက်ဆုံးအဆင့်သို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့် ရခဲ့သည်။

တတိယအဆင့်ခြေစစ်ပွဲကို လေးသင်း ခြောက်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးခြောက်သင်းနှင့် ဒုတိယနေရာရ အသင်းများအနက် အကောင်းဆုံးငါးသင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီမှ စက်တင်ဘာအထိ ကျင်းပသွားမည်ဖြစ်ပြီး အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အိမ်ကွင်း၊ အဝေးကွင်းပုံစံ မကျင်းပနိုင်ပါက မကျင်းပနိုင်သည့်အသင်း၏ ပွဲစဉ်များကို အခြားနိုင်ငံများတွင် ကစားစေမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် တတိယအဆင့် ခြေစစ်ပွဲကို အသင်းပေါင်း ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်ကာ ၂၂ သင်းထွက်ပေါ်ပြီးဖြစ်သောကြောင့် နှစ်သင်းသာ ထွက်ပေါ်ရန် ကျန်ရှိတော့သည်။ ခြေစစ်ပွဲ Play-off အဖြစ် ကမ္ဘောဒီးယားနှင့် ဂူအမ်၊ အင်ဒိုနီးရှားနှင့် တရုတ်(တိုင်ပေ) အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပွဲစဉ်များမှ အနိုင်ရသည့် နှစ်သင်းမှာ တတိယအဆင့် ခြေစစ်ပွဲ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

၂၀၂၂ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲနှင့် တစ်ပေါင်းတည်းပြုလုပ်ခဲ့သည့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲမှာ ယခုနှစ်လယ်ပိုင်းမှာ ပြီးဆုံးခဲ့ပြီး အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအတွက် Play-off ပွဲစဉ် နှစ်ပွဲကစားရမည်ဖြစ်သောကြောင့် အုပ်စုမဲခွဲပွဲကို နိုဝင်ဘာ သို့မဟုတ် ဒီဇင်ဘာမှသာ ပြုလုပ်မည်ဖြစ်သည်။

**ရဲရင့်လွင်**

## ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲစဉ်အဖြစ် လီဗာပူးနှင့် အေစီမီလန်တို့ ယှဉ်ပြိုင်ကစားမည်

ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၁) အဖြစ် အုပ်စု (B) မှ အင်္ဂလန်ကလပ် လီဗာပူးအသင်းနှင့် အီတလီကလပ် အေစီမီလန်အသင်းတို့ ပွဲစဉ်ကို လီဗာပူးအိမ်ကွင်း၌ စက်တင်ဘာ ၁၆ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ လီဗာပူးနှင့် အေစီမီလန်အသင်းတို့သည် အုပ်စု (B) တွင် အက်သလက်တီကို မက်ဒရစ်၊ ပေါ်တို အသင်းတို့နှင့်အတူ ကျရောက်နေသောကြောင့် ပွဲစဉ်တိုင်း ခက်ခက်ခဲခဲကစားရဖွယ်ရှိသည်။

လီဗာပူးအသင်းသည် လက်ရှိပရီမီယာလိဂ်တွင် လေးပွဲကစားပြီး သုံးပွဲနိုင်၊ တစ်ပွဲ သရေကျကာ ၁၀ မှတ်ရရှိထားသည်။ ပြိုင်ဘက် အေစီမီလန်အသင်းက စီးရီးအေတွင် သုံးပွဲကစားပြီး သုံးပွဲစလုံး အနိုင်ရရှိထားသည့်အတွက် ကိုးမှတ် ရရှိထားသည်။ လီဗာပူးအသင်းသည် အဆိုပါ လေးပွဲတွင် ရဂိုး ကိုးဂိုးရှိပြီး ပေးဂိုးက တစ်ဂိုးသာရှိသောကြောင့် တိုက်စစ်ပိုင်း ထက်မြက်ပြီး ခံစစ်ပိုင်းတည်ငြိမ်သည့် အသင်းဟု ဆိုနိုင်ပေသည်။ ပြိုင်ဘက် အေစီမီလန်အသင်းက စီးရီးအေ သုံးပွဲကစားပြီး ရဂိုး ခုနစ်ဂိုးနှင့် ပေးဂိုးတစ်ဂိုးသာ ရှိသည့်အတွက် တိုက်စစ်၊ ခံစစ်ကောင်းမွန်သည်ကို တွေ့နိုင်သည်။ အထူးသဖြင့် အေစီမီလန်အသင်း၏ တိုက်စစ်ပိုင်းတွင် အီဗရာဟီမိုဗစ် ပြန်လည်ပါဝင်လာသည့်အတွက် ထက်မြက်လာသည်ကို တွေ့နိုင်ပေသည်။

လီဗာပူးအသင်းနှင့် အေစီမီလန်အသင်းတို့ လီဗာပူးအိမ်ကွင်း၌ ၂၀၁၆ ခုနှစ် ဇူလိုင်လ နိုင်ငံတကာ ချန်ပီယံဖလားပြိုင်ပွဲတွင် နောက်ဆုံး တွေ့ဆုံခဲ့ပြီး လီဗာပူးအသင်းက အိုရီဂီ၊ ဖာမီနိုတို့၏ သွင်းဂိုးများဖြင့် အေစီမီလန်အသင်းကို အနိုင်ရရှိထားသည်။ အဆိုပါ နှစ်သင်းတွေ့ဆုံခဲ့သည့် နောက်ပိုင်းပွဲစဉ်များတွင် လီဗာပူးအသင်းကသာ ရလဒ်ကောင်းရရှိထားသည်ကို တွေ့ရသည်။ သို့သော်လည်း ယခုနှစ် ရာသီတွင် ပုံစံကောင်းရရှိနေသည့် အသင်းနှစ်သင်း တွေ့ဆုံနေသောကြောင့် ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်လာဖွယ်ရှိနေသည်။



လီဗာပူးနှင့် လိဒ်စ် ပွဲစဉ်တွင် လိဒ်စ်အသင်းဘက်သို့ လီဗာပူးကစားသမားများ ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

လီဗာပူးအသင်း၏ တိုက်စစ်ပိုင်းတွင် ဆာလာ၊ ဂျိုတာ၊ မာနေးတို့ ပွဲထွက်လာဖွယ်ရှိသလို အေစီမီလန်အသင်း၏ တိုက်စစ်ပိုင်းတွင်လည်း ဒီယက်ဇ်၊ ရီဘစ်၊ အီဗရာဟီမိုဗစ်တို့ကို အသုံးပြုကာ ပွဲထွက်လာဖွယ်ရှိသည်။ ထို့ကြောင့် ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲစဉ်ကို မည်သည့်အသင်းက အနိုင်ရလဒ်ဖြင့် ဖွင့်လှစ်သွားနိုင်မလဲဆိုသည်ကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် အဆုံးအဖြတ်ပေးသွားတော့မည် ဖြစ်သည်။ **အောင်ဇော်**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှု တစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက် ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလ နှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစား ရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေး အစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများ အား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမ များကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက် တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာ ရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူ များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစု များနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန် လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံ တို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့ အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင် နေကြသော ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ် ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေး တာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဗန်းမောက်မြို့နယ်၌ အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်မည်ကို ဒေသခံများ စိုးရိမ်နေ

**ဗန်းမောက် စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်တွင် ဒေသခံများမွေးမြူထားသောဝက်များ သေဆုံးမှုရှိနေသဖြင့် အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ပွားမည်ကို ဒေသခံ တစ်နိုင်တစ်ပိုင်ဝက်မွေးမြူသူများ စိုးရိမ်နေကြသလို သေဆုံးမှု ပို၍မြင့်မားလာမည်ကိုလည်း စိုးရိမ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်မှာ ဝက်ရောဂါတွေဖြစ်လို့ ဝက်တွေသေဆုံးမှု ပိုများလာတယ်လို့ ကြားနေရပါတယ်။ တချို့ဝက်မွေးမြူသူတွေက အာဖရိကဝက် အပြင်းဖျားရောဂါနဲ့ ဝက်နားရွက်ပြာရောဂါလို့ ထင်ကြပါတယ်"ဟု ဗန်းမောက်မြို့ စက်တောကျေးရွာမှ တစ်နိုင်တစ်ပိုင် ဝက်မွေးသူတစ်ဦးက ပြောသည်။

ဗန်းမောက်မြို့မှ တိရစ္ဆာန်ဆေးကု ဆရာဝန် ဒေါက်တာ အောင်ကျော်ထွန်း(ငြိမ်း)ကမူ "အခု တစ်လောမှာ ဝက်သေဆုံးမှု များပါတယ်။ ဝက်နားရွက်ပြာရောဂါကြောင့် သေဆုံးကြတာ မဟုတ်ပါဘူး။ ဘာရောဂါကြောင့် သေဆုံးတယ်ဆိုတာ ပြောလို့မရသေးဘူး။ ရောဂါပိုးနမူနာကို ဓာတ်ခွဲခန်းပို့ပြီးမှ အတည်ပြုပြောလို့ရမှာပါ။ ဖြစ်နိုင်ခြေများတာကတော့ အာဖရိကဝက်ရောဂါလို့ ထင်ပါတယ်" ပြောကြားသည်။

အဆိုပါရောဂါဖြစ်ပွားရခြင်းမှာ ဗန်းမောက်မြို့နယ်အတွင်းသို့ အခြားမြို့နယ်များမှ ဝက်သားပေါက်များကို ကားကြီးကားငယ်များ၊ ဆိုင်ကယ်များဖြင့် တိရစ္ဆာန်ကူးသန်းရောင်းဝယ်ခွင့်ပြု လိုင်စင်မရှိဘဲ ရောင်းဝယ်ကြသောကြောင့် ကျန်းမာရေးကောင်းမွန်သည့် ဒေသခံဝက်များသို့ ပြန်လည်ကူးစက်ခံရခြင်းဖြစ်ကြောင်း၊ ထို့နောက် အမည်မသိရောဂါကြောင့် သေဆုံးကြသောဝက်များကို မြေမြှုပ်ခြင်းမပြုဘဲ စားသောက်ဆိုင်များ၊ ထမင်းဆိုင်များနှင့် လူနေအိမ်များသို့ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချခဲ့ရာမှ ကူးစက်နိုင်ခြေရှိကြောင်း၊ အခြားမြို့နယ်မှ လာရောင်းသည့် ဝက်များကို တိရစ္ဆာန်ကူးသန်းရောင်းဝယ်ခွင့်လိုင်စင် စစ်ဆေးခြင်း၊ လိုင်စင်မပြနိုင်/မရှိပါက ရောင်းချခြင်းခွင့်မပြုဘဲ တားမြစ်ခြင်းတို့ ပြုလုပ်မည်ဆိုပါက ရောဂါဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်မည်ဖြစ်သကဲ့သို့ ဝက်မွေးမြူကြသူများကလည်း ဝက်များအစုလိုက်သေဆုံးပါက ရောင်းချကြခြင်းမပြုဘဲ မြေမြှုပ်ခြင်း၊ ဝက်ခြံများကို ပိုးသတ်ဆေးများ ပက်ဖျန်းခြင်း၊ သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးရုံးသို့ အကြောင်းကြားခြင်းများကို ပြုလုပ်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



အာဖရိက ဝက်အပြင်းဖျားရောဂါသည် ၂၀၁၉ ခုနှစ်ခန့်တွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့၌ ဖြစ်ပွားပြီး ထိုမှတစ်ဆင့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ ရှမ်းပြည်နယ် တာချီလိတ်ဒေသမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ရွှေဘို၊ ကောလင်း၊ ဝန်းသို၊ ထီးချိုင့်နှင့် ဗန်းမောက်မြို့နယ်များသို့ ကူးစက်ပျံ့နှံ့လာခြင်းဖြစ်ကြောင်း ဗန်းမောက်မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

(၀၇၈)

# ဝါးခယ်မမြို့နယ် ရွှေခယ်ဇီဝိတ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်များ စတင်ထုတ်လုပ်

**ဝါးခယ်မ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွာလယ်ရပ်ကွက်၌ အလှူရှင်များစုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ခဲ့သော ရွှေခယ်ဇီဝိတ အောက်ဆီဂျင်ထုတ်စက်ရုံတွင် ယမန်နေ့ ညနေပိုင်းမှစတင်၍ အောက်ဆီဂျင်ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အောက်ဆီဂျင်ထုတ်လုပ်နေမှုကို အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေး ဦးဆောင်ဆရာတော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ စက်ဆရာ ဦးကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်စက်ကို စတင်လည်ပတ်ထုတ်လုပ်ခဲ့ရာ လီတာ ၄၀ ဆံ့အိုး အလုံး ၅၀ ရရှိခဲ့ကြောင်း၊ ထုတ်လုပ်ရရှိသော အောက်ဆီဂျင်အိုးများကို လူနာများအသုံးပြုနိုင်ရန် အတွက် မြို့နယ်ပြည်သူ့ဆေးရုံသို့ အလုံး ၂၀၊ ကျုံမငေးတိုက်နယ်ဆေးရုံသို့ ငါးလုံး၊ ရွှေလောင်းတိုက်နယ်ဆေးရုံသို့ သုံးလုံး၊ ကျွန်းကုန်းကျေးလက်ကျန်းမာရေးဌာနသို့ နှစ်လုံး ဖြန့်ဝေခဲ့၍ ကျန်အလုံး ၂၀ ကို အောက်ဆီဂျင်လိုအပ်သော လူမှုရေးအသင်းဖွဲ့များနှင့် လူနာများ အသုံးပြုနိုင်ရန် စက်ရုံတွင် အသင့်ထားရှိကြောင်းနှင့် အောက်ဆီဂျင်စက်ရုံဖြစ်မြောက်ရေးကော်မတီအနေဖြင့် ကူးစက်ရောဂါကာလအတွင်း အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရန် လီတာ ၄၀ ဆံ့အိုး(အခွံ) အလုံး ၁၀၀ ဝယ်ယူထားရှိပြီး နေ့စဉ်ထုတ်လုပ်၍ ခွဲဝေဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

**စောသန္တာဦး(ပြန်/ဆက်)**

# အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သော အကြမ်းဖက်သမားများကို ခိုလှုံခွင့် (သို့မဟုတ်) ယာယီနေထိုင်ခွင့်ပေးထားသည့် အဆောက်အဦများနှင့်စပ်လျဉ်း၍ အများပြည်သူများသိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်၍ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်နေမှုအပေါ်တွင် မလိုလားသော အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ ယင်းကဖွဲ့စည်းထားသော NUG ၊ ယင်းကဖွဲ့စည်းသည့် PDF နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက နိုင်ငံတစ်ဝန်း ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ထိုသို့လုပ်ဆောင်ရာတွင် တိမ်းရှောင်၊ ပုန်းခိုနေထိုင်ရန်အတွက် နေအိမ်၊ တိုက်ခန်းများကို ငှားရမ်းသုံးစွဲခဲ့ကြပြီး အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။**

ထိုသို့ ဆောင်ရွက်ရာတွင် သာဓကအားဖြင့် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေးစုအနောက်ကျေးရွာရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော နေအိမ်တစ်ထပ်တိုက်အတွင်းမှ လက်နက်မျိုးစုံ ၂၅ လက်၊ လက်ပစ်ဗုံး ၇၂ လုံး၊ ဖျူ့စ် ၇၁ ခု၊ ကျည်ဘောက်မျိုးစုံ ၁၄ ခု၊ TNT ယမ်း ၁၅၆ တောင့်၊ ဒီတိုနေတာ ၅၄၀ ချောင်း၊ ကျည်ခါးပတ် ၂ ခုအပါ ၄ ဘူး၊ ၁၂ ဘို့ကျည်(ယမ်းမပါ) ၂၇ တောင့်၊ (ယမ်းပါ) ၂၅ တောင့်၊ စက်လတ်ကျည်ခါးပတ်တွဲ ၃ ခု၊ ကျည်မျိုးစုံ ၃၂၈၅ တောင့်တို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။ ထို့အတူ ဇွန်လ ၂၂ ရက်နေ့၊ နံနက် ၈ နာရီ၊ ၁၅ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၄ လမ်းနှင့် ၁၁၁(E)လမ်းရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော အိမ်အမှတ် ၁၁၆/ဖ-၁၉ ၌ အကြမ်းဖက်သောင်းကျန်းသူများ ရောက်ရှိခိုအောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးစဉ် အကြမ်းဖက်သောင်းကျန်းသူများမှ အဆိုပါတိုက်ခန်းအတွင်းမှနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမား ၆ ဦးသေဆုံးကာ အကြမ်းဖက်သမား ၈ ဦးအား လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းအများအပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အလားတူ ဩဂုတ်လ ၁၄ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် အင်းစိန်မြို့ပတ်ရထားသည် အလုံဘူတာနှင့် ပန်းလှိုင်ဘူတာကြားအရောက်၌ အဆိုပါရထားပေါ်တွင် လုံခြုံရေးလိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၅ ဦးကျဆုံးကာ တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သော လက်နက် ၄ လက်နှင့် ခဲယမ်းအချို့တို့ကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ယူဆောင်သွားခဲ့သည့်ဖြစ်စဉ်တွင် အကြမ်းဖက်တိုက်ခိုက်သော တရားခံများကို စိစစ်ဖော်ထုတ်ချက်များအရ ရန်ကုန်မြို့တွင်းရှိ နေအိမ်၊ တိုက်ခန်းများအား ကာလတို ငှားရမ်းပြီး ဖြန့်ခွဲနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် အကြမ်းဖက်မှုများကျူးလွန်နိုင်ရန်အတွက် ကြိုတင်ကြံစည်၍ နေအိမ်၊ တိုက်ခန်းများကို ကာလတို ငှားရမ်းနေထိုင်ခဲ့ကြောင်း စုံစမ်းဖော်ထုတ်သိရှိခဲ့ရသည့်အတွက် နေအိမ်၊ တိုက်ခန်းငှားရမ်းသူ အိမ်ရှင်များအနေဖြင့်လည်း မိမိတို့၏ နေအိမ်၊ တိုက်ခန်းများအား ငှားရမ်းမည်ဆိုပါက ငှားရမ်းနေထိုင်သည့်သူများနှင့် ပတ်သက်၍ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၇ အရ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားရန် တာဝန်ရှိသည့်အတွက် ငှားရမ်းနေထိုင်သူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထား ပြည့်စုံစွာဖြင့် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများသို့ သတ်မှတ်ချက်များနှင့်အညီ ဧည့်စာရင်းတိုင်ကြားရန်နှင့် မိမိငှားရမ်းထားသောသူများသည် သံသယဖြစ်ဖွယ်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာ တာဝန်ရှိသူများကို အချိန်မီသတင်းပို့အကြောင်းကြားခြင်းဖြင့် အိမ်ရှင်များမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ နေအိမ်၊ တိုက်ခန်း ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း ဖော်ထုတ်ရရှိပါက နေအိမ်၊ တိုက်ခန်းများငှားရမ်းစဉ် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက ငှားရမ်းသည့် ပိုင်ရှင်များတွင် တာဝန်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခံရမည့်အပြင် အဆိုပါငှားရမ်းထားသည့်နေအိမ်၊ တိုက်ခန်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူ ဆောင်ရွက်သည့်အမှုများနှင့် ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဈေးနှုန်းသက်သာသည့် အထူးအစီအစဉ်ဖြင့် ဆန်ရောင်းချပေးမည်

**ရန်ကုန် စက်တင်ဘာ ၁၄**

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ရှိ ကုန်သည်များနှင့် အကျိုးဆောင်များ၏ ပူးပေါင်းညှိနှိုင်းစီစဉ်မှုအရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများအတွက် ဆန်များကို ဈေးနှုန်း သက်သာသော အထူးအစီအစဉ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ဆန်များရောင်းချရာတွင် ဧရာဝတီပေါ်ဆန်းအမျိုးမျိုး၊ ရွှေဘိုပေါ်ဆန်း၊ ပေါ်ကျွဲ၊ ရက် ၉၀၊ ကောက်ညှင်းစသော ဆန်အမျိုးအစားမျိုးစုံကို အထူးသက်သာသော ဈေးနှုန်းများဖြင့် ခင်းကျင်းရောင်းချပေးသွားရန် စီစဉ်ထားရှိသည်။ ဈေးနှုန်းအနေဖြင့် ဆန်အမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀ မှ ၅၃၀၀၀-၅၄၀၀၀ အထိ ဈေးနှုန်းအမျိုးမျိုးရှိမည်ဖြစ်ကာ အရည်အသွေးမှန်ပြီး သက်သာသော ဈေးနှုန်းဖြစ်စေရန် စီစဉ်ဆောင်ရွက်မည်ဖြစ်သည်။

အထူးအစီအစဉ်ဖြင့် ဆန်ရောင်းချခြင်းကို စက်တင်ဘာ ၁၄ ရက်မှစတင်၍ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ (ဝါးတန်း) ကုန်စည်ဒိုင်တွင် ရောင်းချမည်ဖြစ်ကာ ဆန်ဝယ်ယူလိုသူများသည် နှစ်သက်ရာ ဆန်အမျိုးအစားများကို ရွေးချယ်၍ တစ်ဦးလျှင် (၁၀၈ ပေါင်ဆန်အိတ်) ၁ အိတ်မှ ၅ အိတ်အထိ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)သည် အမှတ်(၁၀၀)၊ လမ်းသစ်လမ်းနှင့်ဝါးတန်းလမ်းကြား(ကွန်ကရစ်အမြန်လမ်းမဘေး)၊ ဆိပ်ကမ်းနယ်မြေ၊ လမ်းမတော်မြို့နယ်တွင် တည်ရှိပြီး ဆက်သွယ်နိုင်မည့်ဖုန်းများမှာ ၀၉-၄၂၁၁၆၇၄၇၄၊ ၀၁-၂၁၈၂၆၆၊ ၀၁-၂၁၈၂၆၇ နှင့် ၀၁-၂၁၈၂၆၈ တို့ ဖြစ်သည်။

**မျိုးမင်းသူရ**

## မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၂၄၀ ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**မကွေး စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ ရာသီမရွေးသောက်သုံးရေများ ဖူလုံစွာရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၂၄၀ ရွာ၌ ငွေကျပ်သန်း ၄၁၀၀ ကျော်အသုံးပြုပြီး ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များမှ ပန်းတိုင်(၆) ဖြစ်သည့် ၂၀၃၀ တွင် လူသားတိုင်း သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက်မပြတ် စီမံခန့်ခွဲမှုဖြစ်ပေါ်စေရေး ရည်မှန်းချက်နှင့်အညီ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာငွေများ လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်အတွင်းရှိပြီး နှစ်စဉ်နှစ်တိုင်း ရေရှားပါးမှုတွေကြုံတွေ့ရသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ယခု ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ယခင်နှစ်က ရေရှားပါးခဲ့သည့် ကျေးရွာများနှင့် အခြားရေရှားပါးနိုင်သည့် ကျေးရွာ ၂၄၀ ကို ဦးစားပေးကာ တွင်းနက်စက်ရေတွင်း ၉၃ တွင်း၊ တွင်းတိမ်စက်ရေတွင်း သုံးတွင်း၊ လက်တူးတွင်း ခုနစ်တွင်း၊ မြေသားရေကန် ၃၈ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းခြောက်ခု၊ အခြားရေရရှိရေး လုပ်ငန်း ၉၆ ခု၊ စုစုပေါင်း ရေရှိရေးလုပ်ငန်း ၂၄၃ ခုကို ငွေကျပ် သန်း ၄၁၀၀ ဒသမ ၆၃၇၅ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောသည်။

စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများတွင် အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် သို့မဟုတ် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတစ်ခုစီ၊ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းတွင် ခြံစည်းရိုးခတ်ခြင်း နှင့် လက်နှိပ်တုံးကင်တပ်ဆင်ခြင်း၊ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းတွင် ခြံစည်းရိုးခတ်ခြင်းနှင့် လက်နှိပ်တုံးကင်တပ်ဆပ်ခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းတွင် ရေတားတမံတည်ဆောက်ခြင်း၊ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ အခြားရေရရှိရေးလုပ်ငန်းတွင် ရေမြှုပ်ပန့်လဲလှယ်ခြင်း၊ အမြင့်တင်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများလည်း ပါဝင်ပြီး အချို့ကျေးရွာများတွင် အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ပါဝင်ကြောင်း တိုင်းဒေသကြီးဦးစီးမှူးက ဆက်ပြောသည်။

အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာ ၂၄၀ ရှိ အိမ်ခြေ ၃၆၂၉၇၊ လူဦးရေ ၁၆၉၂၅၃ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်တို့အတွက် ရာသီမရွေး သောက်သုံးရေများ လုံလောက်စွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## တံတားဦးမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စွမ်းအားမြှင့်မီးဖိုများ အခမဲ့ဖြန့်ဝေ

**တံတားဦး စက်တင်ဘာ ၁၄**

တံတားဦးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် မြို့နယ်အတွင်းမှပြည်သူများ ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲနိုင်ရေးအတွက် စွမ်းအားမြှင့် မီးဖိုများကို ဖြန့်ဝေပေးလျက်ရှိရာ ယမန်နေ့က ထန်းပေါက်ကုန်းကျေးရွာအုပ်စု ကျောက်တန်းကျေးရွာ၌ ပေးအပ်သည်။

စွမ်းအားမြှင့်မီးဖိုများပေးအပ်ရာတွင် မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှူး ဦးကျော်ဇင်ထွန်းက ကျေးလက်ဒေသများတွင် လောင်စာထင်းအသုံးပြုမှုလျှော့ချခြင်းဖြင့် သစ်တောသစ်ပင်ပြုန်းတီးမှုမှကာကွယ်ပြီး ရာသီဥတုဖောက်ပြန်မှုများကို ဟန့်တားပေးနိုင်ကြောင်း၊ ထို့အပြင် သစ်တောသစ်ပင် ပြုန်းတီးမှုကို လျှော့ချခြင်းအားဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့များ နည်းပါးလာမည်ဖြစ်ကြောင်းနှင့် စွမ်းအားမြှင့်မီးဖို သုံးစွဲနည်းများကို အသေးစိတ် ဆွေးနွေးပြောကြားပြီး စွမ်းအားမြှင့်မီးဖိုသုံးစွဲနည်း ပညာပေးလက်ကမ်းစာစောင်များနှင့် မီးဖိုများကို ကျေးရွာနေပြည်သူများထံ အခမဲ့ဖြန့်ဝေပေးသည်။

တံတားဦးမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း ကျေးရွာပေါင်း ၁၈ ရွာသို့ တစ်ရွာလျှင် စွမ်းအားမြှင့်မီးဖို အလုံးရေ ၄၀ ဖြင့် စုစုပေါင်း အလုံးရေ ၇၂၀ ကို အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**ရဲတင့်(တံတားဦး)**



## ခန္တီးမြို့တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

**ခန္တီး စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် စက်တင်ဘာ ၁၃ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးတင့်နှင့် မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဦးတို့ ဦးဆောင်မှုဖြင့် ကင်းတော်ကျေးရွာသို့ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဒီဖိုင်း(ရတနာမြေ)**

## ဝိုင်းမော်နှင့် နမ့်ခမ်းမြို့နယ်တို့တွင် ဘိန်းဆီခဲများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၃ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ဝိုင်းမော်မြို့နယ် ဝါရှောင်ကျေးရွာ (၁၃) ကီလိုမီတာ ပူးပေါင်း စစ်ဆေးရေးစခန်းအနီးတွင် လုတ်ယိန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဆီခဲ ၅ ကီလိုကို လည်းကောင်း။

စက်တင်ဘာ ၁၂ ရက် ညနေ ၅ နာရီခွဲတွင် နမ့်ခမ်းမြို့ အမှတ်(၁)ရပ်ကွက် မူဆယ်-နမ့်ခမ်းကားလမ်းတွင် ခေါယော (ခ) ရှောက်ခုန် မောင်းနှင်ပြီး ထန်းချမ်း (ခ) လောက်ဝူး လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၈၄ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား



ခေါယော(ခ)ရှောက်ခုန်၊ ထန်းချမ်း(ခ)လောက်ဝူး တို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။




## လပွတ္တာခရိုင် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**နေပြည်တော် စက်တင်ဘာ ၁၄**

ကျေးလက်နေပြည်သူများ ငါးရိက္ခာဖူလုံစေရေး၊ ငါးမျိုးပြုန်းတီးမှု လျော့ပါးစေရေးနှင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ပေါ်များစေရန် ရည်ရွယ်၍ စပါးခင်းအတွင်း ငါးမျိုး စိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီတွင် လပွတ္တာခရိုင် လပွတ္တာမြို့နယ် အောက်ချောင်းကျေးရွာတောင်သူ ဦးဇော်ဦး၏ စံပြစိုက်ကေ(၁၁)လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းနှင့် စပါးစိုက်တောင်သူ ၂၉ ဦး၏ လယ်ဧက ၃၀၀ အတွက် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၅၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပျော်ဘွယ်မြို့နယ်အတွင်း မသမာသူလူတစ်စုက ရထားသွားလာမှုရပ်တန့်စေရန် သံလမ်းထိန်းနှင့် သံလမ်းဆက်ပတ္တာများဖြုတ် ရထားလမ်းပျက်စီးစေရန် အဖျက်အမှောင့်လုပ်ရပ်အပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်မီပြန်လည်ပြင်ဆင်နိုင်ခဲ့

ပျော်ဘွယ် စက်တင်ဘာ ၁၄

**ပျော်ဘွယ်မြို့နယ်အတွင်း မသမာသူလူတစ်စုက ရထားသွားလာမှု ရပ်တန့်စေရန် သံလမ်းထိန်းနှင့် သံလမ်းဆက်ပတ္တာများ ဖြုတ်ကာ ရထားလမ်းပျက်စီးစေရန် အဖျက်အမှောင့်လုပ်ရပ်အပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်မီပြန်လည်ပြင်ဆင်နိုင်ခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ တပ်မတော်တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးရထားသံလမ်းအင်ဂျင်နီယာဌာနမှ တာဝန်ရှိသူများ၊ မင်းလမ်းကျေးရွာအုပ်စုမှ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာခွဲ တာဝန်ခံများ ပူးပေါင်းကာ ယနေ့ နံနက်ပိုင်းက ပျော်ဘွယ်ဘူတာနှင့် ရမည်းသင်းမြို့ ရွှေဒါးဘူတာအကြား ရထားသံလမ်း တစ်လျှောက် လုံခြုံရေးလှည့်ကင်းဆောင်ရွက်သည်။

ထိုကဲ့သို့ လှည့်ကင်းဆောင်ရွက်ရာတွင် မင်းလမ်းကျေးရွာအုပ်စု ပေကုန်းကျေးရွာနှင့် ကျောင်းကုန်းကျေးရွာ အကြား ရန်ကုန်-မန္တလေး မီးရထားလမ်း မိုင်တိုင်အမှတ် (၂၈၅/၁) နှင့် (၂၈၅/၂) ကြား၌ အဆန်လမ်း ရထားသံလမ်း အရှေ့ဘက်ခြမ်းတွင် သံလမ်းထိန်းကလစ် ၃၈ ခု၊ သံလမ်းဆက်ပတ္တာ နှစ်စုံတို့အား ဒီဇယ်လောင်းဖြုတ်၍ ရထားသံလမ်းတစ်ဆက်ကို ၁၀ ပေခန့် အကွာရှိ ချုံအတွင်း လွှင့်ပစ်ထားကြောင်း တွေ့ရှိခဲ့ကြသည်။ (ဓာတ်ပုံ)



အဆိုပါ ဖြစ်စဉ်ကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ယာယီရဲမှူး လှထွဋ်၊ ပျော်ဘွယ်ဘူတာရုံပိုင်ကြီး ဦးထွန်းဝင်းနိုင်တို့၏ ကြီးကြပ်မှု၊ မီးရထားသံလမ်း အင်ဂျင်နီယာဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဦးဇော်လင်းနှင့် သံလမ်းဝန်ထမ်းများက ပြန်လည်ပြင်ဆင်ခဲ့ရာ မွန်းလွဲပိုင်းတွင် ဖျက်ဆီးထားသည့် မီးရထားသံလမ်းအပိုင်းကို ပြန်လည်တပ်ဆင်နိုင်ခဲ့ကြသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ရထားသံလမ်း ပျက်စီးစေရန် အဖျက်အမှောင့် လုပ်ခဲ့သူများအား အမြန်ဆုံး ဖမ်းမိနိုင်ရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဿုံတော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ဒေါ်သဲနန္ဒာအောင်(ဘ) ဦးအောင်စိန်၏ (၉-၉-၂၀၂၁)ရက်ပါ မြန်မာ့အလင်းသတင်းစာကြေညာချက်ကို အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂၀)၊ (၁)ရပ်ကွက်၊ အမှတ်(၄)လမ်းမကြီးနေ ဒေါ်အိသဇင်မင်း(ဘ) ဦးသန်းငွေ ၁၂/ဥကမ(နိုင်)၁၄၇၃၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်သဲနန္ဒာအောင်သည် ၁၉-၈-၂၀၂၁ရက်က မြန်မာ့အလင်းသတင်းစာတွင် ကြေညာချက်ကို ကျွန်ုပ်မိတ်ဆွေက ၂၅-၈-၂၀၂၁ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာတွင် ကွယ်လွန်သူ ဦးအောင်စိန်နှင့် ဒေါ်မြမြဝင်းတို့မှ မွေးဖွားသည့် သမီးဖြစ်သူ ဒေါ်သဲနန္ဒာအောင်နှင့် သားဖြစ်သူ ဦးမျိုးစည်သူအောင်တို့(၂)ဦးရှိကြောင်းနှင့် ကွယ်လွန်သူ ဒေါ်မြမြဝင်း၏ ကျန်ရစ်ခဲ့သော မပြောင်းမရွှေ့နိုင်သောပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်တို့ကို ဒေါ်မြမြဝင်းအား သာစဉ်နာစဉ် ကွယ်လွန်သည်အထိ ဆေးဝါးကုသပြီး ကွယ်လွန်သည့်အချိန်တွင် မိသားစုတာဝန်အရ ဒေါ်မြမြဝင်း၏ ကျန်ရစ်ခဲ့သော ပစ္စည်းအရပ်ရပ်တို့ကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံမည့်သူများလက်ထဲသို့ တရားဝင်ခွဲဝေခြင်းမရှိမီအချိန်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိသဇင်မင်းသည်သာလျှင် ပစ္စည်းများကို ထိန်းသိမ်းခြင်း စီမံခန့်ခွဲခွင့်ပြုလုပ်ခွင့်ရှိကြောင်း ဒေါ်သဲနန္ဒာအောင်နှင့် ဦးမျိုးစည်သူအောင်တို့အတွက် အမွေဆက်ခံမည့် မောင်နှမ(၂)ဦးနှင့်သက်ဆိုင်သူများ သိစေရန် ကြေညာခဲ့ပါသည်။

ယခုအခါ ၉-၉-၂၀၂၁ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ဒေါ်သဲနန္ဒာအောင်၏ ရှေ့နေမှ ကြေညာချက်တွင် ဒေါ်မြမြဝင်းသေဆုံးစဉ်က ကျန်ရစ်ခဲ့သည့် ပစ္စည်းများစာရင်းအတိအကျကို တိကျမှန်ကန်စွာ ရှင်းလင်းတင်ပြခဲ့ခြင်းမရှိကြောင်း ရေးသား ဖော်ပြထားခြင်းသည် မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်းဖြစ်သဖြင့် ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်ကျင့်သိက္ခာကို ထိခိုက်နစ်နာစေပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်အိသဇင်မင်းအား ကွယ်လွန်သူ ဒေါ်မြမြဝင်း၏ သားအငယ်ဖြစ်သူ ဦးမျိုးစည်သူအောင်ကလည်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရကွယ်လွန်သူ ဒေါ်မြမြဝင်း၏ ကျန်ခဲ့သော ပစ္စည်းအရပ်ရပ်တို့ကို ယာယီထိန်းသိမ်းစောင့်ရှောက်ထားပါရန်နှင့် အမွေဆက်ခံမည့်သူ မသဲနန္ဒာအောင်နှင့် ဦးမျိုးစည်သူအောင်တို့(၂)ဦးထံသို့ တရားဝင် အမွေခွဲဝေခြင်းမရှိမီ ကာလတွင် ကျွန်ုပ်၏ မိတ်ဆွေဒေါ်အိသဇင်မင်းသာလျှင် ပစ္စည်းများကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းပြုလုပ်ခွင့်ရှိကြောင်း ဦးမျိုးစည်သူအောင်က အသိပေးအကြောင်းကြားထားပါသည်။

ဒေါ်သဲနန္ဒာအောင်၏ ၉-၉-၂၀၂၁ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဒေါ်မြမြဝင်း၏ ကျန်ရစ်ခဲ့သော အမွေပစ္စည်းအားလုံးကို ဒေါ်သဲနန္ဒာအောင်ထံသို့ မပျက်မကွက် ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း ဒေါ်အိသဇင်မင်းနှင့် သက်ဆိုင်သူများသိစေရန် ကြေညာချက်ကို ဥပဒေအရ လက်ခံရန် အကြောင်းမရှိပါ။ အမွေဆက်ခံမည့်သူ ဦးမျိုးစည်သူအောင်ကလည်း တရားဝင်အမွေဆက်ခံမည့်သူ(၂)ဦးဖြစ်သော ဒေါ်သဲနန္ဒာအောင် နှင့် ဦးမျိုးစည်သူအောင်တို့နှစ်ဦးသဘောတူညီမှုမရှိဘဲ ဒေါ်မြမြဝင်း၏ ကျန်ရစ်ခဲ့သော ပစ္စည်းများကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲအပ်ခြင်း မပြုရန် ညွှန်ကြားထားပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်အိသဇင်မင်းသည် ကျွေးမွေးမိခင်၊ ဖခင်များဖြစ်သော ဦးအောင်စိန်နှင့် ဒေါ်မြမြဝင်းတို့၏ ကျွေးမွေးပြုစုပညာသင်ကြား၊ လက်ထပ်ထိမ်းမြားပေးခဲ့သည့် ဂုဏ်ကျေးဇူးကို ထောက်ထားခြင်းအရလည်းကောင်း၊ ညီမဖြစ်သူ ဒေါ်သဲနန္ဒာအောင်နှင့် မောင်ဖြစ်သူ ဦးမျိုးစည်သူအောင်တို့ မောင်နှမ(၂)ဦးနှင့် ဒေါ်အိသဇင်မင်းသည် ဝမ်းကွဲမောင်နှမများဖြစ်သော်လည်း မောင်နှမအရင်းသဖွယ် သဘောထားလျက် ကွယ်လွန်သူ မိခင်ကြီး ဒေါ်မြမြဝင်း၏ကျန်ခဲ့သော ပစ္စည်းအရပ်ရပ်တို့ကိုဆုံးရှုံးနစ်နာမှုမရှိအောင်ထိန်းသိမ်းစောင့်ရှောက်ပြီးမြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဒေါ်အိသဇင်မင်း၏ ညီမ ဖြစ်သူ ဒေါ်သဲနန္ဒာအောင်နှင့် မောင်ဖြစ်သူ ဦးမျိုးစည်သူအောင်တို့(၂)ဦး အမွေဆက်ခံနိုင်ရန် မိသားစုတာဝန်အရထိန်းသိမ်းထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အိသဇင်မင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကြည်ဝင်း (လပ္ပတ္တာ)
B.A Law , LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၆)
အမှတ်(၁၀/၁၂)၊ ပထမထပ်၊ (၃၅)လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၇၅၂၃၂၉၅၅

## ပျောက်ဆုံးကြောင်း

မောင်ထန်ရှင်းလျံထွန်း ၅/တမန(နိုင်) ၀၅၇၈၈၀ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၅၄၆၄၅၈၈

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၃၇)၊ သိမ်ကြီးသင်္ချိုင်းအကွက်၊ ဦးပိုင်အမှတ်(၁၂-က)၊ မြေဧရိယာ ၀ ဒသမ ၁၁၂ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ သိမ်ကြီးသင်္ချိုင်းလမ်း၊ အမှတ်(၁၂/က)နေ ဒေါ်အေပရယ်မိုးကျော်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး
ပုသိမ်မြို့

## ကန့်ကွက်နိုင်ကြောင်းအများသိရှိစေရန် အသိပေးကြေညာချက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့မအိုးဘိုရပ်(၇)လမ်း၊ အမှတ်(၁၉၀)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညွှန့်ဝင်း ၈/ပဖန(နိုင်)၀၆၂၇၀၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

(၁) မကွေးခရိုင်၊ မကွေးမြို့၊ ရန်ပယ်ရပ်(၂၁)လမ်းနှင့် ဇီဇဝါလမ်းထောင့် အမှတ်(၁၇၅) မြေတိုင်းအခေါ် အကွက်အမှတ်(၂၆၁၃-ရန်ပယ်)၊ ဦးပိုင်အမှတ်(၁၇၅)၊ မြေဧရိယာ ၀ ဒသမ ၀၆၀ဧကရှိ ဦးချစ်ရွှေ-ဒေါ်သန်းရွှေ အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံး။

(၂) မကွေးခရိုင်၊ မကွေးမြို့၊ ရန်ပယ်ရပ်(၂၁)လမ်း၊ အမှတ်(၁၇၃)၊ မြေတိုင်းအခေါ် အကွက်အမှတ်(၁၆၄၇၊ အလယ်ရပ်-ရန်ပယ်)၊ ဦးပိုင်အမှတ်(၁၇၃)၊ မြေဧရိယာ ၀ ဒသမ ၀၆၀ဧကရှိ ဦးချစ်ရွှေ အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးချစ်ရွှေ ၈/မကန(နိုင်)၀၈၉၄၇၀ နှင့် ဒေါ်သန်းရွှေ ၈/မကန(နိုင်)၀၈၉၂၉၂တို့ထံမှ ကျွန်ုပ်မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ညွှန့်(စဉ်-၇၁၇၀)
တရားလွှတ်တော်ရှေ့နေ
အမှတ်(စီ-၂၇၅)၊ ၁၈လမ်းနှင့် ငုရွှေဝါလမ်းထောင့်၊
ကန်သာရပ်၊ မကွေးမြို့၊
ဖုန်း-၀၆၃-၂၆၁၈၀၀၊ ၀၉-၅၄၃၂၇၇၅




## MOHAMMED ISMAIL ARIFF CO.,LTD
## ရုံးခန်းပြန်လည်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

MOHAMMED ISMAIL ARIFF CO.,LTD၏ ကုမ္ပဏီရုံးခန်းတည်နေရာအား မူလလိပ်စာဖြစ်သော အမှတ်-၅၂၁/၅၂၃၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလလမ်း၊ (၃)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးခန်းပြန်လည်ဖွင့်လှစ်ထားရှိပါကြောင်းနှင့် အထက်ပါကုမ္ပဏီနှင့် သက်ဆိုင်သောလုပ်ငန်းများကို အထက်ပါလိပ်စာတွင် ရုံးချိန်အတွင်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ကုမ္ပဏီဒါရိုက်တာအဖွဲ့ကိုယ်စား အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးမိုဟာမက်
မန်နေဂျင်းဒါရိုက်တာ
MOHAMMED ISMAIL ARIFF CO.,LTD
ဖုန်း-၀၁-၃၇၄၁၁၈

## အများသိစေရန် ကြေညာခြင်း

လားရှိုးမြို့၊ရပ်ကွက်(၈)၊ နယ်မြေ(၆)၊ ကွင်းအမှတ်-၂၅/လုံလေ့ရပ်၊ ဦးပိုင်အမှတ်-၁၁/ခ-A၊ ဧရိယာ ၀ ဒသမ ၀၆၀ ဧက မြေဂရန်အမှုတွဲအမှတ်-၇၄၆-၅/၂၀၁၃-၂၀၁၄(အေ) မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ရှိထားပိုင်ဆိုင်သူထံမှ ကျွန်ုပ်ကဝယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အထက်ပါပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန့်ဇင်
၁၃/လရန(နိုင်)၁၈၆၈၅၅
အမှတ်-၁၉၂၊ နယ်မြေ(၈)၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့

## အများသိစေရန်

ဦးရဲဇော်ဦး(ဘ) ဦးသန်းနိုင် ၁၄/မမက(နိုင်)၁၆၀၈၈၉ နှင့် ဒေါ်ခိုင်ခိုင်ကျော် (ဘ)ဦးကျော်တင့် ၁၂/ဒဂမ(နိုင်)၀၁၂၉၇၁ တို့သည် ၂၀၁၁ခုနှစ်က ပေါင်းသင်းခဲ့ပါသည်။

ဒေါ်ခိုင်ခိုင်ကျော်သည် ၁၈-၂-၂၀၂၀ ရက်တွင် ၎င်း၏သဘော ဆန္ဒအတိုင်း နေအိမ်မှ ဆင်းသွားပြီးသည့်ရက်မှစ၍ ယနေ့ထိ ပေါင်းသင်းနေထိုင်မှုမရှိခဲ့ပါကြောင်း ဇနီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲဇော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မမသောင်း(LL.B,D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၆၇၈/၈၄)
ဖုန်း-၀၉-၄၂၀၁၈၇၂၆၈

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြဝတီမြို့နယ်တရားရုံးတော်၌
## ၂၀၂၁ခုနှစ် တရားမကြီးအမှုအမှတ်-၁၆

| | | |
|---|---|---|
| ဒေါ်သင်းသင်းငွေ | နှင့် | ဦးကျော်စွာဦး |
| **တရားလို** | | **တရားပြိုင်** |

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အေးသာယာ(၃)လမ်း (ဒေါ်လာတွင်ခုံရှေ့)နေ ဦးကျော်စွာဦး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလိုဒေါ်သင်းသင်းငွေးက လင်မယားအဖြစ် ပေါင်းသင်းနေထိုင်စဉ် အခြားသောရက်စက်မှုများကြောင့် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ခုနှစ် ဇူလိုင်လ ၆ရက် (၁၃၈၃ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်၏မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ထို့အပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဇွန် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(စန်းထက်အောင်)
တွဲဖက်မြို့နယ်တရားသူကြီး
မြဝတီမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြသီတာရပ်ကွက်၊ ပျဉ်းမပင်အုပ်စု၊ မြသီရိ(၅)လမ်း၊ ခြံအမှတ်(၁၃၄)၊ မြေဧရိယာအကျယ်အဝန်း အလျား ၄၂ပေ x အနံ ပေ ၇၀ကို ဒေါ်ဆွာစ်တီ ၁၃/ကလန(နိုင်)၀၅၈၁၉၂ ထံမှ ဒေါ်ခင်ငွေးလွင် ၁၂/လမန(နိုင်)၀၁၁၉၀၄ က ၅-၅-၂၀၁၃ရက်နေ့တွင် စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး အဆိုပါမြေကွက်ပေါ်တွင် အိမ်များဆောက်လုပ်နေထိုင်ခဲ့ပါသည်။

အထက်ဖော်ပြပါမြေကွက်၏ ခြေရင်းဘက်ခြမ်းမြေဧရိယာ အလျား ၂၂ပေxအနံပေ ၇၀ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေမီးအစုံအလင်ပါရှိသော အုတ်ခံအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ငွေးလွင်ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်ငွေ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၈၉)
အမှတ်(၄၈)၊ သမိန်ဗရမ်းလမ်း၊
အောင်မင်္ဂလာရပ်ကွက်၊ ဒလမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၄၂၁၁၄၂၀၉၃၊ ၀၉-၉၇၆၀၄၀၂၄၆

## အများသိစေရန်အသိပေးကြေညာခြင်း

**"ရေစက်"**မိသားစုစီးပွားရေးလုပ်ငန်းစုနှင့် Yae Zet Co., Ltd တို့၏ ပိုင်ရှင်များဖြစ်သော ဦးသန်းထွဋ်၊ ဒေါ်သီတာဝင်းတို့နှင့် သားသမီးများဖြစ်သော မသီရိထက်စံ၊ မအိသူဇာခင်၊ မောင်အောင်ဘုန်းမြတ်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**"ရေစက်"** မိသားစုစီးပွားရေးလုပ်ငန်းစုနှင့် Yae Zet Co., Ltd တို့သည် ဦးသန်းထွဋ်နှင့် ဒေါ်သီတာဝင်းတို့မှ ကောင်းသောဂုဏ်သတင်းဖြင့် လုပ်ကိုင်အောင်မြင်နေသော စီးပွားရေးလုပ်ငန်းများဖြစ်ပါသည်။ အထက်ဖော်ပြပါ မိဘတို့ပိုင်ဆိုင်သည့် လုပ်ငန်းများနှင့် ပစ္စည်းပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ နောက်ပိုင်းတွင် သားသမီးများကြား၌ အငြင်းပွားမှုများ မဖြစ်ပေါ်စေရန်အတွက် မိဘများဖြစ်သော ဦးသန်းထွဋ်၊ ဒေါ်သီတာဝင်းတို့နှင့် သားသမီးများဖြစ်သော မသီရိထက်စံ၊ မအိသူဇာခင်၊ မောင်အောင်ဘုန်းမြတ်တို့သည် ၁၃-၇-၂၀၂၁ ရက်တွင် မိဘနှင့်သားသမီးတို့ သဘောတူစွာဖြင့် မိသားစုစီမံမှု စီမံပြုလုပ်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်လင်းနိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၁၂)
အမှတ်(၁၃၃၉)၊ သုခလမ်း၊ (၄၃)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဇုတ်သုတ်ကျေးရွာ၊ ရွှေဝါရောင်လမ်း၊ မျက်နှာဝ အကျယ်(၅၀)ပေ၊ အလျား(၁၇၀)ပေရှိ အိမ်ခြံမြေကွက်အား အမည်ပေါက် ဒေါ်ဆန်းတင်ထံမှ အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်မိုးမိုး (ဘ)ဦးဘသောင်း ၁၀/ဘလန(နိုင်)၀၇၅၂၆၁ က အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ဝင်း (ဘ)ဦးသန်းမောင် ၁၂/လကန(နိုင်)၀၉၅၇၇၈ မှ ၂-၁၁-၂၀၁၈ ရက်တွင် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရယူခဲ့ပါသည်။ အဆိုပါ အိမ်ခြံမြေကွက်နှင့် ပတ်သက်၍ ဦးကျော်ဝင်းသည် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း မရှိပါ။ ယခုအခါ အိမ်ခြံမြေကွက်အား တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ ဆောင်ရွက်မည်ဖြစ်သောကြောင့် ကန့်ကွက်မည်ဆိုပါက ကျွန်ုပ်ထံ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နော်မို့မို့ထွန်း(LL.B, D.B.L, D.I.L, D.I.R)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၉၁/၂၀၁၃)
အမှတ်(၇၇၆)၊ နွယ်နီ(၁၄)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၈၃၉၄၆၇၆၁၊ ၀၉-၄၀၈၈၈၄၃၇၂

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၄၀)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ မြေကွက်အမှတ်(၂၅၇၁)၊ ဦးလှတင် ၁၂/သဃက(နိုင်)၀၉၇၈၇၂ အမည်ပေါက် ပါမစ်မြေမှ အကျယ်အဝန်း(၂၀ပေx၆၀ပေ) မြေနှင့်ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ရှင်ဖြစ်သူ ဦးအောင်မင်း ၁၂/သဃက(နိုင်)၁၃၅၂၆၂ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူလွင်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၂၃)
တိုက်အမှတ်(၉)၊ အခန်း(၀၀၂)၊ မြေညီထပ်၊ (၁၇)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်
ဖုန်း-၀၉-၄၂၀၁၃၂၉၇၈

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအုန်းငွေ (စက်မှု-၁၊ ငြိမ်း)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်(၈)၊ အခန်း(၁)နေ (ဒေါ်ထားရီ)(မင်းတုန်းမြို့)၏ခင်ပွန်း၊ ဗိုလ်မှူးသန်းဦး(ငြိမ်း)-ဒေါ်သန်းသန်းအေး၊ ဦးသက်ဦး(ဟိုတယ်/ခရီး-ငြိမ်း)-ဒေါ်အေးအေးသန်း၊ ဗိုလ်ကြီးစန်းလွင် (ငြိမ်း)-ဒေါ်မူမူစန်း(ရွှေမင်းသမီး-CEO)တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၃-၉-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၃:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်စန်းစန်း(ခ)အာဇာနည်စန်းစန်း
### အာဇာနည်စန်းစန်းဆပ်ကပ်အဖွဲ့
### အသက်(၇၃)နှစ်

အာဇာနည်စန်းစန်းဆပ်ကပ်အဖွဲ့မှ ဒေါ်စန်းစန်း(ခ)အာဇာနည်စန်းစန်းသည် ၁၃-၉-၂၀၂၁ရက် နံနက် ၀၀:၃၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ ကျားကိုက်ကျေးရွာ၊ ဆပ်ကပ်လေ့ကျင့်ရေးခြံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အနုပညာဦးစီးဌာန**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
## ဦးဇော်တင့်
### တပ်မတော်(ရေ)အငြိမ်းစား
### အသက် (၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ အမှတ်(၁၇၈၁/ခ)၊ မင်းရဲကျော်စွာ (၂)လမ်းနေ (ဦးငွေလှိုင်-ဒေါ်တင်လှိုင်)တို့၏သားလတ်၊ (ဦးမြင့်သန်း-ဒေါ်မြသန်း)တို့၏သားသမက်၊ ဒေါ်အမာခင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးဇော်အောင်-ဒေါ်မိုးမိုးအောင်၊ ဒေါ်အိဇော်မွန်(ထက်/ပြ)၊ အထက (၁) ဒဂုံမြောက်ပိုင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်အဂ္ဂပိုင်ဖြိုး၏ အဘိုးဖြစ်သူ ဦးဇော်တင့်သည် ၁၁-၉-၂၀၂၁ရက် (စနေနေ့) ည ၁၁ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၂၁ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ် ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### မလှိုင်မြို့နယ် စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ
### မလှိုင်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(ငြိမ်း)
## ဗိုလ်ကြီး မြသန်း (ငြိမ်း)
### အသက်(၆၄)နှစ်

မလှိုင်မြို့၊ အမှတ်(၁၁)ရပ်ကွက်နေ ဦးရာသိန်း-ဒေါ်လှပိုတို့၏သားကြီး၊ ညီအစ်ကို မောင်နှမ ၁၁ယောက်တို့၏အစ်ကိုကြီး၊ သမီးသုံးယောက်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်ထွေးလှ၏ခင်ပွန်းသည် ၁၃-၉-၂၀၂၁ ရက် (တနင်္လာနေ့)နံနက် ၀၀:၀၅နာရီတွင် နေပြည်တော် တပ်မတော်အမှတ်(၂)ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် တပ်မတော်စစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### Chief Engineer
## ဦးအောင်သာကျော်
### အသက် (၆၆)နှစ်

(ဦးသာကြည်)-ဒေါ်ထားကြည်တို့၏သားကြီး၊ (ဦးကျော်ခင်-ဒေါ်နှင်းရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်၊ အင်းလျားလမ်းနေ ဒေါ်စိန်စိန်ရီ၏ ကျေးဇူးရှင်ခင်ပွန်း၊ မငြိမ်းမမ-ကိုစွမ်းအောင်တို့၏ကျေးဇူးရှင်ဖခင်၊ သမီးလေးသီလာစွမ်း၏ ကျေးဇူးရှင်ဘိုးဘိုး သာသနာ့ဒါယကာကြီး ဦးအောင်သာကျော်သည် ၁၂-၉-၂၀၂၁ရက် (တနင်္ဂနွေနေ့) ည ၁၁:၁၇ နာရီတွင် ရွှေပိတောက်ဆေးရုံ၌ နှလုံးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၁၃-၉-၂၀၂၁ ရက် (တနင်္လာနေ့)တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား ညှိုးငယ်သောစိတ်နှလုံးဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရွှေလွင် ၁၂/မရက(နိုင်)၀၆၇၄၀၈ သည် ဦးစောကျော်အေး ၁၂/ပဘတ(နိုင်)၀၀၇၆၈၇ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဇော်ဂျီ ၁ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ် ၁၂၈၆၊ (အလျား ၄၁ပေ x အနံ ၆၀ပေ) မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်စာချုပ်ရှိ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ ခေါင်းရင်းဘက်အခြမ်း (အလျား ၂၁ပေ x အနံ ၆၀ပေ)ဟုခေါ်တွင်သော မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်ခင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)**
**တိုက်(၂၅၅)၊ အခန်း(၅)၊ ရန်အောင်လမ်းသွယ်(၇)၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်**
**ဖုန်း-၀၉- ၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## " ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဆေးရုံ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး "
## ဦးအေးဝင်း
### အသက် (၅၇)နှစ်
### ဘဝတစ်ပါး ပြောင်းရွှေ့ကွယ်လွန်သွားခြင်းအတွက်
### " ဓမ္မသံဝေဂပွားကြောင်း သဝဏ်လွှာ "

ရန်ကုန်မြို့ ၊ မင်္ဂလာဒုံမြို့နယ် ၊ ရှမ်းစုရပ် ပြည်လမ်းပေါ်ရှိ မဟာအတုလဝေယံဘုံသာ တိပိဋကရွှေပါရမီကျောင်းတော်ကြီး၏ ကျောင်းဒါယကာ ၊ မြင်းခြံမြို့ မင်းကျောင်းတိုက် မင်းကွန်းတိပိဋကဓရ ဆန္ဒာတော်ပြည့် အာယုပါလ ကျောက်ကပ်ဆေးရုံကြီး၏ အလှူရှင် ဒါယကာ ၊ ရွှေစင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်၏ ရဟန်းဒါယကာကြီး ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်မြို့နယ် ၊ (၁၃)ရပ်ကွက် ၊ အမှတ်(၆၅၁) ၊ ဒေါ်မြနှစ်လမ်းနေ " ဘုရား ၊ ရဟန်း ၊ သိမ် ၊ ကျောင်း ၊ လမ်း ၊ တံတား ၊ ဆေးရုံ ၊ ရေတွင်း ၊ ရေကန် ဒါယကာကြီး " ဦးအေးဝင်း အသက်(၅၇)နှစ်သည် ၁၃၈၃ ခုနှစ် ၊ တော်သလင်းလဆန်း (၈)ရက် ၊ (၁၃-၉-၂၀၂၁) တနင်္လာနေ့ နံနက်(၂:၃၀)နာရီအချိန်တွင် ဘဝတစ်ပါး ပြောင်းရွှေ့ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် စိတ်နှလုံး ပင်ပန်းစွာ ဓမ္မသံဝေဂ ပွားရပါသည်။ ရဟန်းဒါယကာ ကျောင်းဒါယကာကြီး ဦးအေးဝင်းသည် " မဟာအတုလဝေယံဘုံသာ တိပိဋကရွှေပါရမီကျောင်းတော်ကြီး " ၌ သီတင်းသုံးတော်မူလျက် ပရိယတ္တိစာပေများ ကြိုးစားသင်ယူ ပို့ချပေးနေကြသည့် ရွှေစင်တိပိဋကဓရ ဆရာတော်နှင့် စာချစာသင် ရဟန်းသာမဏေ အားလုံးအပေါ်၌ မိဘသဖွယ် ၊ အစ်ကိုကြီးသဖွယ် မေတ္တာများဖြင့် ပြုစုစောင့်ရှောက်လျက် လိုအပ်ရာရာများကို အမြဲမပြတ် လှူဒါန်းထောက်ပံ့ခဲ့ပါသည်။ မြင်းခြံမြို့ မင်းကျောင်းတိုက်အတွင်း၌လည်း မင်းကွန်းတိပိဋကဓရ ဆန္ဒာတော်ပြည့် အာယုပါလ ကျောက်ကပ်ဆေးရုံကြီးဆောက်လုပ် လှူဒါန်းပေး၍ ကျောက်ကပ်ဝေဒနာရှင်တို့အား နေ့စဉ် ကျောက်ကပ်သွေးသန့်စင်ပေးလျက် အသက်အလှူ ပေးလှူလျက်ရှိပါသည်။ ထို့ပြင် အောက်စီဂျင် လိုအပ်နေသူများအတွက် အောက်စီဂျင်စက်များကိုလည်း လှူဒါန်းပေးခဲ့ပါသည်။ ရဟန်းဒါယကာ ကျောင်းဒါယကာကြီး ဦးအေးဝင်း ဘဝတစ်ပါး ပြောင်းသွား ကွယ်လွန်သွားခြင်းသည် မိသားစုအတွက် ကျောင်းတိုက်ကြီးအတွက်သာမက နိုင်ငံနှင့် သာသနာတော်အတွက်ပါ ကြီးမားသော ဆုံးရှုံးမှုကြီး ဖြစ်ရပါသည်။ စိတ်နှလုံး နူးညံ့သိမ်မွေ့၍ စေတနာ သဒ္ဓါတရား ထက်သန်လှစွာ မိသားစုတာဝန် ဘာသာ သာသနာတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သည့်အတွက် ရွှေစင်တိပိဋကဓရ ဆရာတော်နှင့် ကျောင်းတိုက်ကြီးမှ အစဉ်ထာဝရ ဂုဏ်ပြုလျက် ကုသိုလ်အမျှပေးဝေနေကြမည် ဖြစ်ပါသည်။ ရဟန်းဒါယကာ ကျောင်းဒါယကာကြီး ဦးအေးဝင်းသည် ဘဝတစ်လျှောက်လုံး ဆည်းပူး အားထုတ်ခဲ့သည့် ကုသိုလ်အားလုံးတို့ကြောင့် " မြေအိုးကို ခွဲ၍ ရွှေအိုးကို ဆွဲယူသည့်ပမာ " နတ်ဘုံနတ်ဌာန၌ နတ်စည်းစိမ်များ ရရှိခံစား ပျော်စံနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

သတ္တဝါ မှန်သမျှ , သေကြရ , လောက ဓမ္မတာ ။
ကိုယ့်ကံ ကိုယ်ထမ်း , ကိုယ့်စခန်း , ကိုယ့်လမ်း သွားရမှာ ။
ကောင်းတာကိုပြု , ကောင်းတာစု , နောင်ခုအေးချမ်းမှာ ။

**ရွှေစင်တိပိဋကဓရဆရာတော်**
**မဟာအတုလဝေယံဘုံသာတိပိဋကရွှေပါရမီကျောင်းတော်**
**မင်္ဂလာဒုံ၊ ရန်ကုန်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2R/8528 Suzuki Swift HB (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေယျာမြင့် ၁၂/စခန(နိုင်)၀၆၈၃၄၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ BBK Co.,Ltd.၏ နေပြည်တော် မော်တော်ယာဉ်ဝယ်ယူခွင့်အမှတ် SCP2 2021 02061 (15/12/2020) မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၈၈၀၁၀**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/ဘဝမြင့်)၊ လူနေရပ်ကွက်အမှတ်(မလိခအိမ်ရာ)၊ ၄ဝါ(၁)လမ်း၊ မြေကွက်အမှတ်(၄၇/၉၀+၄၇/၉၁)၊ မြေပေအကျယ်အလျား ၅၁ပေ x အနံ ၅၆ ပေ ဗလက်မ၊ (၀ဒသမ၀၆၆ကေ)၊ စတုရန်းပေ(၂၄၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု(မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဦးတင်မောင်အေး(ခ)ဦးတင်မျိုးသိန်း ၁၂/ရကန(နိုင်)၀၁၉၁၆၆ နှင့် ဒေါ်သန်းဝင်း(ခ)ဒေါ်သန်းသန်းဝင်း ၁၂/ရကန(နိုင်)၀၀၄၇၄၂တို့၏ အမည်များဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး ထိုမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော လုံးချင်း (၂) ထပ်(RC)တိုက် အဲကွန်း(၈)လုံး၊ အပါအဝင်ယင်းအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ၎င်းတို့မှ မိမိတို့သာတရားဝင်ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့်အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီသန့်[ "အလင်္ကာ Law Firm"]**
**LL.B, D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(U/E, 2/4)၊ လူနေရပ်ကွက်အမှတ်(၄)၊ကေရာဇ်လမ်း၊မြေကွက်အမှတ်(၉၇၇)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးအေးကျော်(AC-၀၁၀၄၄၀)အမည်ပေါက်ပါမစ်မြေအနက်မှ(ခြေရင်းခြမ်း)အကျယ်အဝန်း(၂၀ပေ× ၆၀ပေ)ရှိ မြေကွက်အမှတ်(၉၇၇/ ခ)ဟုခေါ်တွင်သောမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသည့် ဦးအောင်မျိုးနိုင်(၆/ မမန(နိုင်)၁၃၅၀၄၄)၊ဒေါ်နှင်းသစ်သစ်အောင်(၆/ မမန(နိုင်)၁၉၁၂၂၄)နှင့် ဒေါ်စန်းတင်(၆/ မအရ(နိုင်)၀၆၀၇၄၅)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| ဦးခင်မောင်ဦး | လွှဲအပ်ညွှန်ကြားချက်အရ | ဦးဇော်မျိုးနိုင် |
|---|---|---|
| LL.B, D.B.L, D.I.L, | | LL.B, D.B.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂) | | အထက်တန်းရှေ့နေ (စဉ်-၄၅၆၅၃) |
| Hein Htet San Law Firm | | ဖုန်း- ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၅၅၀၆၁၄၆ ၊ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပဲခူးမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ဘုူးလယ်အင်းကျေးရွာအနီး ရောဝတီဘဏ်မှ ငွေသယ်ဆောင်လာသည့် ကားနှစ်စီးအား ဓားပြတိုက်သည့် ဖြစ်စဉ်မှ တရားခံများထပ်မံ ဖမ်းဆီးရမိ

### တရားခံ ၁၂ ဦး၊ M-79 ဗုံးပစ်လောင်ချာတစ်လက်၊ AK-47 သေနတ်နှစ်လက်၊ MK-12 သေနတ်ခြောက်လက်၊ Remington model 700 အမျိုးအစား ပြောင်းချောသေနတ်တစ်လက်၊ လက်ပစ်ဗုံးတစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့် ငွေကျပ်သိန်း ၃၉၄၀၀ ကျော် ပြန်လည်သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၄

ပဲခူးမြို့ ရောဝတီဘဏ်မှ မြန်မာ ကျပ်ငွေ ၄ ဘီလီယံခန့်အား ဘုူးလယ်အင်းကျေးရွာအနီး ကားလမ်းမပေါ်တွင် PDF အကြမ်းဖက်အဖွဲ့တို့က လုယက်သွားမှုအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိ ပြည်သူများ၏ ပူးပေါင်းပါဝင်ကြိုးပမ်းမှုဖြင့် တရားခံများအား ကိုးနာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရရှိခဲ့မှုဖြစ်စဉ်တွင် ပြန်လည်သိမ်းဆည်းရမိသည့် ငွေစက္ကူများအား စစ်ဆေးရေးဘုတ်အဖွဲ့ဖွဲ့စည်း၍ စစ်ဆေးခဲ့ရာ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၃၈၈၅၀ ဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ ပဲခူးမြို့ မဇင်းရပ်ကွက် မီးရထားအိမ်ရာဝင်းအတွင်း နေအိမ်တစ်လုံးအတွင်း၌ ဆက်စပ်တရားခံများ ရောက်ရှိနေကြောင်း သိရှိရသဖြင့် ယနေ့ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ဝင်ရောက်ရှာဖွေခဲ့ရာ ဟန်ဝင်းဇော်(ခ) ကုလားကြီး (ဘ) ဦးမောင်မောင်စန်း၊ ချစ်လင်းဇော်(ခ) ဘောလုံး



ဟန်ဝင်းဇော်(ခ)ကုလားကြီး



ချစ်လင်းဇော်(ခ) ဘောလုံး



ဓမ္မဒူတသီလရှင်ကျောင်းတိုက် ဆွမ်းစားဆောင်အတွင်းမှ သိမ်းဆည်းရမိသည့် သေနတ်တစ်လက်။

(ဘ) ဦးသိန်းဇော်၊ အောင်ကျော် (ဘ) ဦးသက်ဦးနိုင်နှင့် စည်သူဖြိုး (ဘ) ဦးသန်းငွေးတို့အား ငွေကျပ် ၁၀ သိန်း ၊ လက်ပစ်ဗုံးတစ်လုံးနှင့် အတူ ဖမ်းဆီးရမိခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲတွင် ပဲခူးမြို့နယ်၊ ရန်ကုန် - မန္တလေးလမ်းဟောင်းဘေး၊ ဇိုင်းတောင်ရပ်ကွက် "ကောင်းကြိုက်" ဒန်ပေါက်ဆိုင်ရှေ့တွင် ဆက်စပ်တရားခံ ရန်နိုင်(ဘ)ဦးစိုးရွှေအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထပ်မံဖမ်းဆီးရမိခဲ့သည့် တရားခံများ၏ ထွက်ဆိုချက်အရ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး ၈ ရှိ "ဓမ္မဒူတ" သီလရှင်ကျောင်းတိုက်တွင် လက်နက်/ခဲယမ်းများ သိုဝှက်သိမ်းဆည်းထားကြောင်း

စာမျက်နှာ ၁၁ ကော်လံ ၁ ❂

## စက်တင်ဘာ ၁၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၄၂၁ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၇၆ ဦးရှိသဖြင့် ယနေ့အထိသေဆုံးသူ စုစုပေါင်း ၁၆၆၉၃ ဦးရှိ

(၁၄-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊

စာမျက်နှာ ၁၅ ကော်လံ ၁ ◆

## ဝေနံမြစ်ရေ သာပေါင်းမြို့တွင် စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။

အဆိုပါ မြစ်ရေသည် နောက်(၁၂) နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည် ကျဆင်းနိုင်သည်။ သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

## ယနေ့ သတင်းအညွှန်း


အာဖဂန်နစ္စတန်အတွက် အမေရိကန် ဒေါ်လာ တစ်ဘီလီယံ ကူညီသွားမည်ဟု နိုင်ငံများကတိပြု

နိုင်ငံတကာသတင်း စာ - ၁၂

ဆေးလိပ်နဲ့ ဆေးရွက်ကြီး သုံးစွဲသူတွေဟာ ကိုဗစ် - ၁၉ ခံစားရရင် ပိုပြီး ဆိုးဆိုးရွားရွား ဖြစ်စေနိုင်ပါတယ်

တွေ့ဆုံမေးမြန်း စာ - ၁၆

ရေလိုက် လွဲမှာ စိုးမိပါရဲ့

ဆောင်းပါး စာ - ၂၀